www.burmeseclassic.com

# နိုကိုရဲ

ဝတ်မှုန်···အံချိုး

TWO CATS PUBLICATION



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဝတ်မှုန် . . . အချိုး

နီကိုရဲ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၉၀၀၂၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၉၃၀၂၁၂

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၂ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ဝတ်မှုန်. . . အချိုး / နိုကိုရဲ့။ - ရန်ကုန်၊ ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၂
၁၂၂ - စာ
၈၉၅. ၈၃
၁၈. ၅ × ၁၃. ၅ စင်တီ။
(၁) ဝတ်မှုန်. . . အချိုး

BURMESE CLASSIC .com

# မောင်မျိုး
## ( ကြောင်နှစ်ကောင် )

စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူသည် လမ်းထိပ်ကိုရောက်သည်နှင့် ပထမဦးဆုံး စဉ်းစားမိသည့် အချက်က ဘယ်ဘက်ယာဉ်ကြောရှင်းသည်နှင့် လမ်းဖြတ်ကူးဖို့ဖြစ်ပါသည်။ လမ်းက မရှင်းသေး။ ပြည်ထောင်စုကုန်းကျော်တံတားပေါ်မှ စီကာဆင့်ကာ ဆင်းလာသော ကားကြီးကားငယ်များက လေးထောင့်ကန်လမ်းမကြီးအတိုင်း လိုမ့်ဆင်းသွားနိုင်ပါလျက်နှင့် သံသုမာလမ်းဖက်ကွေ့ဆင်းလာကြသည်။

ထို့အပြင် ရန်ကုန်မြို့တွင်းမှ စုန်ဆင်းလာသော ကားအချို့လည်း သံသုမာဖက် ချိုးကာ လာပြန်သဖြင့် သူ လမ်းကူးဖို့ တော်တော်ခက်သွားသည်။ သူ၏ညာဘက် ခပ်လှမ်းလှမ်းရှိ စံပြဈေး (ဒီဖက်ထိပ်) မှတ်တိုင်တွင် အဲကွန်းဘတ်စ်ကားကြီးများနှင့် ဒိုင်နာကားများ ခရီးသည်တင်ချ စောင့်ခေါ် လုပ်နေတာကြောင့် အတော်ပင် ရှုပ်ထွေးကာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တန်းတွေ နှစ်တန်းသုံးတန်းထပ်ကုန်သည်။ လမ်းဖြတ်ကူးသူတစ်ချို့တော့ ကားကြိုကားကြားမှာ ပြေးကာလွှားကာ ကူးလျှောက်သွားကြသည်။ သူလည်း အများနည်းတူ ဖြတ်လျှောက်ရကောင်းနိုးနိုး စဉ်းစားသည်။ သို့သော် ချီတုံချတုံစိတ်ကြောင့် ပလက်ဖောင်းစွန်းမှ ခြေတစ်လှမ်းပင်ရွှေ့မသွား။ ဒီနေရာမှာ တော်ကြာတိုက်ပြန်ပြီ၊ တော်ကြာ ကြိတ်ပြန်ပြီနဲ့ မမြင်ချင် မကြားချင်မှအဆုံး။

သူ ရင်မောစွာဖြင့် မီးပွိုင့်ဖက် လှမ်းငဲ့ကြည့်လိုက်သည်။ တံတားပေါ်မှ ကွေ့ဆင်းလာမည့်ကားတွေ အစီအရီ။ သွားပြီ. . . ဒီဟာတွေ ရှင်းအောင်စောင့်နေလို့ကတော့. . .။

ထိုအတွေးနှင့် တစ်ထပ်တည်းမြင်ယောင်လိုက်ရသော ဖခင်၏ မျက်လုံးနီကျင်ကျင်တွေကြောင့် ပလက်ဖောင်းစွန်းမှာ တန့်နေသော သူ့ခြေတစ်လှမ်းက လွှားခနဲ ဆင်းမိလျက်သားဖြစ်သွားသည်။

သူနေထိုင်ရာ စံပြ(၂)လမ်းနှင့် စံပြ(၆)လမ်းထိပ်က ဘာမှ ဝေးလှသည်တော့မဟုတ်။ အမှန်စင်စစ် သူသွားလိုသောနေရာကို ရောက်ဖို့ကား လမ်းကိုလည်း ဖြတ်ကူးနေစရာမလို၊ လမ်းထိပ်ရောက်သည်နှင့် ညာဖက်ကွေ့ပြီး လမ်းဘေးပလက်ဖောင်းအတိုင်း လျှောက်လျှင် ရောက်ပါသည်။

ကြာလှ အသွားအပြန် နာရီဝက်ထက်မပို။ ဒါတောင် ဟိုမှာ စောင့်ရ. . . ဝယ်ရ ပိုက်ဆံအမ်းရသည့်အချိန်ပါ ထည့်တွက်ခြင်းဖြစ်၏။ အဖေကလည်း နာရီဝက်ထက် တစ်မိနစ် ပိုသွားလျှင်တောင် မကြိုက်ချင်။ ထို့ကြောင့် ဤခရီးကား သူ့အတွက် နီးလျက်နှင့်ဝေးလေသည်။ ဝေးစရာအကြောင်းကား ရှိနေသည်။ ဒီချိန်ဆို ၃-လမ်းနှင့် ၄-လမ်းကြားက





လွှက်ရည်ဆိုင်မှာ လမ်းထဲက သူငယ်ချင်းတွေ ကျိန်းသေရှိနေကြလိမ့်မည်။ အနည်းဆုံး ကိုဌေးဝင်းတို့လင်မယား ရှိနေနိုင်ပါသည်။ မရှိနှင့်အရှိ တစ်သိန်းကြေးတောင် လောင်းရဲသည်။ သူ ဆိုင်ရှေ့ကဖြတ်လျှောက်သည်နှင့် လှမ်းခေါ်မှာသေချာသည်။ သူဝင်မထိုင်လျှင်တောင် ပုလင်းထည့်ဆွဲလာသည့် လက်ဆွဲအိတ်ကိုမြင်တော့မည်။ မဖြစ်. . . ဘယ်နည်းနှင့်မှ သိလို့မြင်လို့မဖြစ်။ ဟ. . . ဘာတွေလဲ။ ဟင်. . . ဘာပုလင်း လဲ. . . အား. . . အရက်ပုလင်းပဲကွ. . . ဆိုလျှင် သွားပါပြီ။

"မှတ်ထား ငါ့သား၊ မင်းအဖေက အသောက်မပျက်မှ အသက်မပျောက်မှာ၊ တစ်နေ့တစ်လုံးမှ ငါမသုံးရရင် ဘုံးဘုံးလဲသွားလိမ့်မယ်၊ ငါလဲရင် မင်းလည်းကွဲပြီ၊ ဟာ. . . ဒီလူ ဥပဓိသကာလုပ်နေပြီး အရက်သမားကြီး ခွက်ပုန်းကြီးပါကွာလို့ လူတွေသိသွားရင်လည်း အော့နှလုံးနာပြီး အလှူခံမဏ္ဍပ်ထိုင်ပေးဖို့ကိစ္စ ဘယ်သူမှ လာခေါ်ကြတော့မှာ မဟုတ်ဘူး၊ ငါပြောတာ မင်း သဘောပေါက်ရဲ့လား"

ဒါ. . . အဖေမှာနေကြစကား။ သားအဖနှစ်ယောက် ပုံမှန်လေး စားသောက်နိုင်ဖို့နှင့် ကျောင်းမပြီးသေးသော သူ့ပညာရေးအတွက် တစ်ခုတည်းသော ထိုအလုပ်နှင့်သာ အသက်ဆက်နေရမှန်း အဖေမပြောလည်း သူသိသည်။ သူ့ကြောင့် အဖေ သိက္ခာမကျစေရ။ (ဟင့်အင်း. . . ပုံးမကြောင်စေရ) ထို့ကြောင့် ညနေတိုင်း နီးလျက်နှင့်ဝေးနေသောဒုက္ခကို သူလိုချင်လှစွာ ရင်ခွင်ပိုက်ထားသည်။ ဒီဖက်ယာဉ်ကြော ဇွတ်မှိတ်ဖြတ်ကူးပြီး မျဉ်းဖြူပေါ်မှ တစ်ဖက်ယာဉ်ကြောကို စောင့်ကြည့်ရပြန်သည်။ သိပ်ကြာကြာလည်းရပ်မနေရဲ။ ဒီမျဉ်းဖြူပေါ်မှာ သေကုန်တာ ဘယ်နှစ်ယောက်တောင် ရှိပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ညနေချိန် စံပြဈေးကြီးပတ်ပတ်လည် ပလက်ဖောင်း ဈေးတန်းစည်ကားမှုက စကားအလုံးရေ တစ်သန်းလောက်ပြောပြလည်း ပြည့်စုံနိုင်မည်မထင်။ အထည်ဆိုင်၊ ဖိနပ်ဆိုင်၊ စားသောက်ဆိုင်၊ အသီးအနှံ၊ ကုန်စိမ်း၊ သားငါး၊ အလှကုန်၊ မုန့်မျိုးစုံ၊ အကြော်အလှော်စုံ၊ ဘောထုပ်ပုံ . . . အတော့်ကိုစုံလင်ပါသည်။ အလုပ်ကအပြန် ဝင်ဝယ်သူနှင့် အိမ်ကထွက်လာပြီး ဝယ်သူအပြင် ဘာမှမဝယ်ဘဲ လျှောက်ကြည့်ငေးငမ်းသောသူ၊ သွားရည်စာ၊ အပျော်သဘောထွက်ဝယ်စားကြသူတို့ ပြည့်ကြပ်ကာနေသည်။ ထိုအချိန်အတွင်း ငမိုးရိပ်ဘူတာမှာ ရထားရပ်ချိန်နှင့်တိုက်ဆိုင်လျှင်တော့ ရထားပေါ်က ဆင်းလာသည့်ခရီးသည်တွေနှင့်တိုးမပေါက်တော့ပြီ။

ကိုယ့်ကိစ္စအတွက် စိတ်စောပြီး ခရီးမတွင်သော်လည်း သူ သဘောကျပါသည်။ ထိုစီးကြောင်းထဲ သူ့ကိုယ်သူ အလိုက်သင့် မျောပါကာကိုယ်ရောင်ဖျောက်ပြီး (၆)လမ်းထိပ်ရောက်မှ လမ်းဖြတ်ကူး၍ ဝယ်စရာရှိတာဝယ်၊ လမ်းပြန်ကူး၊ လူတွေကြားထဲ ပြန်မျော၊ (၂)လမ်းထိပ်ရောက်မှ လမ်းဖြတ်ကူးကာ လမ်းထဲဝင်။ တစ်လမ်းလုံးက ဥပဓိသကာကြီး ဦးဒီပါရဲ့သား မိုးဆွေဖြစ်မှန်း ကလေးကအစသိသော်လည်း လက်ဆွဲအိတ်နှင့်ဖြစ်၍ ဈေးဝယ်ပြန်လာသည်ပေါ့။

ဒီနေ့တော့ လူကလည်းများ ငမိုးရိပ်လေးလမ်းထိပ်နှင့် ငါးလမ်းထိပ်ကြားမှာ သူ့ခါးစောင်းလောက်ရှိသော ဘောထုပ်ပုံကြီးတွေ လေးငါးပုံလောက် အတန်းလိုက်ယှဉ်ကာ ရောင်းနေ၍ အုံတိုး ရွေးဝယ်သူတွေနှင့်လမ်းပိတ်သလိုတောင် ဖြစ်နေသည်။ ကားလမ်းပေါ်မှာလည်း ဆိုက်ကားစက်ဘီးတွေ၊ ဘတ်စ်ကားကြီးတွေနှင့် ရှုပ်ထွေးနေသဖြင့် အတော်





သည်းခံအောင့်အင်းကာ တိုးရသည်။ သို့သော် သူ အတိုးမှားကာ ဘောထုပ်ရွေးနေသူများကြားမှာ တိုးမိပြီး ဘောထုပ်ပုံရှေ့ရောက်သွားသည်။

ထိုစဉ်အတွင်းမှာပင် ဘောထုပ်ရွေးနေသူများနောက်က လူတွေဝုန်းခနဲ ပြုဆင်းလာပြီး အော်သံဟစ်သံ ပွက်ပွက်ညံသွားလေသည်။ သူလည်း နောက်က ဆောင့်တွန်းခံလိုက်ရသလိုဖြစ်ကာ အမျိုးသမီးကြီးသုံးလေးယောက်နှင့်အတူ အထည်ပုံပေါ် ကားခနဲကျသွားသည်။

"ဘုံး . . . ဘုံး . . . ဖောင်း . . ."

"ခွပ် . . ."

"အား . . ."

"ဆော်စမ်း . . . အဲဒီခွေးမသား လူလိမ်"

"ဘုံး . . ."

သူ ပြန်ထဖို့ကြိုးစားရင်း ကြားနေရသော အသံဗလံတွေကြောင့်ရန်ဖြစ်တာဆိုသောအသိက စိတ်ထဲ ကျဉ်ခနဲဖြစ်ကာ သူ ပြန်မထရဲတော့ပဲ အသံတွေကြားရာဖက် ချာကနဲလှည့်ကြည့်သည်။ အခြေအနေကအတော်ဆိုးပါသည်။ ပထမ လူသုံးလေးယောက်က တစ်ယောက်သောသူကို ဝိုင်းအုံထိုးကြိတ်နေကြသည်။ နောက်တော့ ခံရသူဘက်မှ အဖော်တွေရောက်လာကာ ဟိုဖက်ဒီဖက် နှစ်ဖက် ဆော်ကြသည်။ မှောင်ရီပျိုးစအချိန် ကားမီးရောင်တွေနှင့် ဝင်းခနဲ လက်ခနဲ မြင်လိုက်ရ၍ဓါးတွေမှန်းသိကာ သူ အသည်းအေးသွားပြီး အထည်ပုံထဲ ခေါင်းတိုးဝင်တော့သည်။

ဓါးချင်းထိခတ်သံ ခုတ်ကြ၊ ထစ်ကြသံနှင့် အော်ဟစ်ညည်းညူသံ



www.burmeseclassic.com

www.burmeseclassic.com



များကြောင့် သူ့တစ်ကိုယ်လုံး အထည်ပုံအောက် မြေကြီးထဲဖေါက်ဝင်သွားမတတ် တိုးကပ်ကာ မျက်လုံးအစုံကို မှိတ်ထားသည်။ ဘုရား. . . ဘုရား. . . ကယ်ပါ. . . အမေရေ. . . ကယ်ပါဦးဗျ။

ကိုယ်နှင့်မဆိုင်မှန်းသိသော်လည်း ကိုယ့်စိတ်က မွေးရာပါကြောက်တတ်သည့်စိတ်ကိုတော့ ဘယ်လိုမှ ပြုပြင်လို့မရ။ သူ့ခန္ဓာကိုယ်မှာ စိတ်ဝိညာဉ် အပိုရှိလျှင်တောင် ထိုအပိုလည်း အကြောက်တရားလွှမ်းမိုးသော ဝိညာဉ်ပဲဖြစ်ချိမ့်မည်။ ထမင်းမစားဘဲနေနိုင်သည်။ မကြောက်ဘဲမနေနိုင်။ ဘာကိုကြောက်လို့ ကြောက်မှန်းမသိသော စိတ်ကြောင့် သူများအနိုင်ကျင့်သမျှခံရသည်။ အခြောက်၊ ဂျီပုန်း၊ မမမိုး၊ မိဆွေ စသဖြင့် နောက်ပြောင်ခံရသည်။ မင်း. . . ယောကျ်ားမဟုတ်ဘူးလားဟုမေးလျှင် ဟုတ်တယ်ဟုဖြေကာ ကြောက်ပါသည်။

အခွေကြည့်လျှင်တောင် လက်ဝှေ့ပွဲမကြည့်၊ စစ်ကား၊ သိုင်းကားမကြည့်။ သရဲကားမကြည့်။ ကြည့်နေရင်း ထိုးခန်းကြိတ်ခန်းပါလာလျှင်ဆက်မကြည့်တော့ဘဲ ရပ်ပစ်လိုက်သည်အထိ အသည်းငယ်လွန်းသောသူသည် ငါ မိန်းမလျှာတော့မဟုတ်ဘူးဟု ကောင်းစွာသိပါသည်။ သို့သော် မွေးရာပါလိုဖြစ်နေသည့် အားငယ်သည့်စိတ် ကိုယ့်ကိုယ်ကို ယုံကြည်မှု အားနည်းသည့်စိတ်၊ ကြောက်ရွံ့တုန်လှုပ်တတ်သည့်စိတ်၊ အနားမှာ စက်ဘီး ကျွတ်ကွဲတဲ့အသံလောက်လေး ကြားလျှင်တောင် ရင်ထဲဒိန်းခနဲဖြစ်ပြီး ဖုတ်လှိုက်ဖုတ်လှိုက်တုန်ခါသွားတဲ့စိတ်က သူ့ဘဝအားအသက်ဆက်ရှင်သန်ဖို့ တစ်ခုတည်းသောစိတ်ဖြစ်ကာ ထိုစိတ်သာလျှင်မိုးဆွေ၏ စိတ်ဝိညာဉ်ဖြစ်တော့သည်။

ယခုလည်း ဆုတ်ညစ်ထားသလိုဖြစ်နေသော ရင်ဘတ်ကိုဖိပြီး





သမ္ဘုဒ္ဓေသက်စေ့ ရွတ်ကာ နေလေသည် ဒါကတော့ သူ့အတွက် တစ်သက်တာ အားကိုးရာ "ကြောက်ရင် သမ္ဘုဒ္ဓေဂါထာကို သက်စေ့သာ ရွတ်လိုက်. . . သား" ဟု အမေ့အမှာစကားနှင့် အမေကိုယ်တိုင် နှုတ်တိုက်သင်ပေးထားသော သမ္ဘုဒ္ဓေကိုတော့ အသေရွတ်သည်။

အမေရှိတုန်းကတော့ အမေ့ရင်ခွင်ထဲပြေးဝင်ကာ ဖြေဖျောက်သည်။ အမေမရှိတော့သည့် နောက်ပိုင်း အမေပေးခဲ့သည့် သမ္ဘုဒ္ဓေနှင့်ပင် ကြောက်ရွံ့ခြင်း၏ဒုက္ခကို ဖြေရှင်းလာခဲ့သည်။

အသက်နှစ်ဆယ်ဆိုတော့ အခေါက်နှစ်ဆယ်၊ ဆယ့်လေးခေါက်ရထားပြီးဖြစ်ကာ နောက်ထပ် ခြောက်ခေါက်ကို ကြိုးစားရွတ်ပွားနေလေသည်။

"သမ္ဘုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ. . . သ. . . ဟ. . . ဟ. . ."

ဆယ့်ငါးခေါက်မြောက် သမ္ဘုဒ္ဓေကို ကြိုးစားရွတ်ပွားနေတုန်း သူ့ပုဆိုးစကို အဆွဲခံလိုက်ရ၍ သမ္ဘုဒ္ဓေမေ့သွားပြီး ပုဆိုးခါးပုံစကို ဆုတ်ကာကိုင်ထားသည်။ ဒူးနှစ်ဖက်တုပ်ကပ်ပြီး ပေါင်နှင့်ညှပ်ထားတာတောင် ခန္ဓာကိုယ်တစ်ခုလုံး ရွှေ့ပါသွားတော့မလား ထင်ရသည်။ ဘုရား. . . ဘုရား. . .။

●



www.burmeseclassic.com

www.burmeseclassic.com

"အမေ သမီးကို ဝိုင်းဆွဲပေးပါဦး"

"ဒါလေးကောင်းတယ်လေ သမီးရဲ့..."

"အာ... ဒီမှာ အမေကြည့်ဦး"

"ဟမ် ဦးဂျမ်း... ပုဆိုးလား..."

"ဟုတ်တယ် အဲဒါကြောင့် သမီးဆွဲထုတ်နေတာ"

"ဟဲ့... ဘေထုပ်ထဲ ဦးဂျမ်းပုဆိုးက ဘယ်လိုလုပ်ပါမှာလည်း သမီးရဲ့"

"အို... အိပ်စပို့ကနေ အင်ပို့မဖြစ်ဘူးလို့ ပြောနိုင်မလား၊ ဒါလေးက အဖေ့အကြိုက်၊ သမီးသိတယ်... ဆွဲ"

"အေး... အေး... လာ... ဆွဲ"

သို့နှင့် နှင်းပွင့်တို့သားအမိ ထိုပုဆိုးထည်အားဆွဲကာ ထုတ်ကြသည်။ ဘာနှင့် ဘယ်လိုညှပ်နေမှန်းမသိ၍ သားအမိနှစ်ယောက် ရိုးရိုး





ဆွဲတာ မရသဖြင့် ရှယ်ဆွဲကြပါသည်။ ဖွန်းမပါဘဲ ခြေစုံကန်ကာ ဆွဲကြသည်။

"အီး... အင်း... ထွက်... ထွက်လာပြီ..."

"ဆွဲ... သမီးရေ... အား... အီး..."

"ဟမ်..."

"အား... အမေရေ..."

"ဗုဒ္ဓေါ..."

"ဟိုက်..."

ဘေထုပ်ပုံထဲက အထည်ဆွဲထုတ်ရင်း လူတစ်ကောင်လုံးထွက်လာ၍ နှင်းပွင့်တို့လန့်ကာအော်ပြီး တစ်ခြားအထည်ရွေးနေသူတွေပါ ထခုန်အော်ဟစ်ကုန်လေသည်။

အထည်ပိုင်ရှင် လူနှစ်ယောက်လည်း ပထမတော့ ကြောင်ကာကြည့်နေသည်။ နောက်မှ တစ်ယောက်က အူတူတူဖြစ်သံနှင့် ...

"ဒီ.. ဒီအထုပ်က အော်ထုပ်လား... ပြင်ထုပ်လား..."

ထိုအခါ ကျန်တစ်ယောက်က ...

"အော်ထုပ်လေ၊ အစ်ကိုပဲ အော်ထုပ်အရင်ဖောက်ဆို..."

"ဟာ... ဒါ... ဒါဆို... ဒီကောင် ဟိုဖက်နိုင်ငံကနေ ပါလာတာပဲဖြစ်ရမယ်"

"ဟမ်..."

ဒီတော့မှ အားလုံး လန့်ဖျပ်နေရာက စိတ်ဝင်စားလာကြပြီး ရှေ့တိုးလာကာ ဝိုင်းအုံကြည့်ကြသည်။ မိုးဆွေလည်း ကြောင်အအနှင့် မယောင်နနဖြစ်နေရာမှ ရှက်ရွံ့စိတ်နှင့် အိုးတိုးအမ်းတမ်းဖြစ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးစွန်တောင်ဆွဲကာ ထရပ်သည်။ ထိုစဉ် ဘေထုပ်ရောင်းသူက. . .

"ဟော့. . . ဟော့. . . နေဦး. . . မင်းဘယ်သူလဲ. . ."

"ခင်ဗျာ. . . ကျွန်တော်လား. . ."

"အေး. . . မင်းကိုမေးနေတာ၊ အဲ. . . ဒီကောင် ငါတို့စကား နားလည်တယ်ဟ"

"ဗျာ. . ."

"ထူးဆန်းတယ်ကွ၊ မင်း ဒီအထုပ်ထဲမှာ ဒီလောက်ထည့်ထားတာတောင် မသေဘူးနော်၊ အံ့စရာပဲ၊ ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ၊ မင်း ကိုယ့်ဒေသကိုရော မှတ်မိသေးလား"

"ဟုတ်. . . ကျွန်တော့်နာမည် မိုးဆွေပါ၊ စံပြ(၂)လမ်းထဲမှာ နေပါတယ်"

"ဟင်"

"မဟုတ်သေးဘူးအစ်ကိုရေ၊ တစ်ခုခုတော့မှားနေပြီ၊ ဒီကောင် ဟိုကပါလာတာမဟုတ်ဘဲ ဒီမှာ အထုပ်ဖြည်မှ ဝင်တိုးအိပ်နေပြီး ကျွန်တော်တို့သိမ်းပြီးပြန်မှ အကြံအဖန်လုပ်မယ့်ကောင် ထင်တယ်"

ဒီတော့မှပင် မိုးဆွေ အသိစိတ်ဝင်ကာ . . .

"အာ. . . မ. . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ရှင်းပြပါ့မယ်"

ထို့နောက် မိုးဆွေက ဘေထုပ်ပုံထဲငုံ့ဖွကာ စောစော သူ ပုဝပ်ပုန်းခိုနေသောနေရာမှ ပုလင်းထည့်ထားသောအိတ်ကို ဆွဲထုတ်ယူလိုက်သည်။ ပြီးမှ သူ ဤသို့ဖြစ်ရသော အခြေအနေကို စီကာစဉ်ကာ ရှင်းပြလေ၏။

"အဲ့သလိုပါဗျာ. . . သမ္ဗုဒ္ဓေဂါထာ ဆယ့်ငါးခေါက်မြောက်မှာ





ပုဆိုးဆွဲခံရလို့ ခုလို ထွက်. . . ထွက်. . . ပေါ်လာရတာပါ၊ တကယ်ပါဘုရားစူးပါဗျာ"

သို့ဖြင့် အားလုံး ငိုရခက်ရယ်ရခက်နှင့် ပြုံးကုန်ကြတော့သည်။ နှင်းပွင့်လည်း အလွန်ကြောက်တတ်ပုံရသော ထိုတစ်ယောက်၏မျက်နှာကို မှတ်မှတ်ရွေးရွေး ငေးကြည့်ကာ ပြုံးသည်။ မိုးဆွေ လှည့်အထွက်နှင့် အကြည့်ချင်းဆုံကာ မျက်လွှာချပစ်သည်။ မိုးဆွေကတော့ မချ။ သူ ပုဆိုးကို ခြေကန်ဆွဲထုတ်သော ထိုမျက်နှာဝိုင်းလေးအား အပုံထဲကနေ ဒရွတ်ဆွဲပါလာတုန်းကတစ်ကြိမ်၊ ခု. . . တစ်ကြိမ်၊ နှစ်ကြိမ်သာမြင်လိုက်ရသော်လည်း စိတ်ထဲမှာ အကြိမ်တစ်သန်းခန့် မြင်ဖူးထားသလို စွဲနစ်သွားတော့၏။

•



www.burmeseclassic.com

www.burmeseclassic.com

"တောက်. . ."

ဦးဒီပါ တက်တစ်ချက်ပြင်းပြင်းခေါက်ပြီး အိမ်ထဲကနေ လမ်းဖက် လှမ်းကာငေးကြည့်သည်။ လမ်းတစ်ဖက် မြောင်းကိုခွပြီးဆောက်ထားသော မတိုး ခေါက်မုန့်ဆိုင်ရှေ့လမ်းထဲက အမျိုးသမီးတစ်စုရှိနေသဖြင့် ပေါက်ကွဲလုလုစိတ်ကို ပြန်မြိုချထားရသည်။ ချွဲပျစ်ပျစ် ခြောက်ခြောက် ကပ်ကပ်ရှိလှသော ခံတွင်းထဲ ရေတစ်ခွက်လောင်းထည့်သည်။ ထို့နောက် ပလုပ်ကျင်းကာ ကြမ်းပေါက်ကြားထဲ ငုံ့ထွေးချပြီး မျှော်ပြန်သည်။

ဒီကောင်ကွာ ဒီလောက်ကြာရသလား. . . ချီးမှပဲ. . .။

တစ်ကိုယ်တည်း တိုးတိုးညည်းညူရင်း ဘုရားကျောင်းဆောင်ပေါ်က စားပွဲတင်နာရီလေးကို လှမ်းကြည့်သည်။ ဒီကောင်သွားတာ ငါးနာရီခွဲက. . .။ အခု ခြောက်နာရီခွဲတော့မည်။ စံပြ(၂)လမ်းနှင့် (၆)လမ်းထိပ်ကို မျက်လွှာချပြီး တစ်လှမ်းချင်းလျှောက်နေသလား မဆိုနိုင်။ ဒါမှ





မဟုတ် လွှက်ရည်ဆိုင်မှာ ဌေးဝင်းတို့နဲ့များ အဖွဲ့ကျနေသလား။ ဖြစ်တော့မဖြစ်နိုင်။ ခိုင်းရင် နည်းနည်းကြာပြီး နည်းနည်းသောက်တစ်လွဲ လုပ်လာတတ်တာကလွဲလို့ ဟိုကွေ့ ဒီမေ့ လုပ်တတ်တာမျိုးတော့မရှိ။ လူအေးလူနမို့လို့ သူများ အနိုင်ကျင့်တာများ ခံနေရသလား။

ဦးဒီပါ တွေးလိုက် မျှော်လိုက် ပင့်သက်ချလိုက်နှင့် စိတ်ဂနာမငြိမ်ဖြစ်ကာ ထလိုက်သွားဖို့ပြင်မိသည်။

"ကိုဒီပါရေ. . ."

"ဗျာ. . ."

ဦးဒီပါ ချိုင်းထောက်အားပြုပြီး ထရပ်ချိန် သူ့နာမည်ကိုခေါ်ရင်း လှေခါးအတိုင်းတက်လာသူကို ကြည့်မိသည်။

"ဪ. . . ကိုမောင်မောင်. . . လာဗျ. . ."

နေ့ခင်းက အလှူခံမဏ္ဍပ်မှာဆုံပြီး ညနေကျမှ လာခဲ့ဦးမယ်ဗျာ ဟုပြောသွားသော ကိုမောင်မောင်ကို သူ မေ့ကာနေ၍ အားနာပါးနာနှင့် ကပျာကသီ ဖျာတစ်ချပ်ဆွဲခင်းကာ ဧည့်ခံလိုက်ရသည်။ တော်ပါသေးရဲ့ ဟိုကောင်သာ အချိန်မှန်ပြန်ရောက်လာရင် သောက်ရင်းတန်းလန်း ဂွမ်းကုန်မှဖြင့်. . .။

"ကျွန်တော့်မှာ တွေ့မှတွေ့ပါ့မလားလို့ဗျာ. . . ဟဲ ဟဲ ဟဲ"

"မတွေ့စရာလားဗျာ. . . ကျုပ်က အလှူခံမဏ္ဍပ်နဲ့ အိမ်ကလွဲလို့ ဘယ်မှသွားတတ်တဲ့လူမှ မဟုတ်တာ"

"ဟုတ်ပ. . . ဟုတ်ပ. . . ကဲ. . . ကိုဒီပါ. . ."

"အင်း. . . ပြော. . ."

"ဒီမဏ္ဍပ်က မနက်ဖြန်နောက်ဆုံးပဲလို့သိရတယ်၊ အဲဒီကပြီးရင်

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာ အော်ဒါ လက်ခံထားသေးလဲ"

"မရှိဘူးဗျ"

"ဟား. . . ဒါဆို ဟန်ကျပြီဗျာ. . . ဒီနှစ်ကထိန်မှာ ကျွန်တော်တို့ ပျံကျဈေးသည်ဈေးသားတွေ သီးသန့် ပဒေသာပင်တစ်ခု ထွက်မယ်ဗျ၊ အဲဒီ့အတွက် အလှူခံမဏ္ဍပ်ကိုလည်း ဈေးလမ်းထိပ်မှာ သီးခြားလုပ်မယ်၊ အဲ့ဒါ ဒီက ကိုဒီပါကိုပဲ အဟောအပြောလေး ငှားချင်တယ်ဗျာ့ အဲ့ဒါပါ. . ."

"ဩော်. . . ဒါများ နေ့ခင်းက ခင်ဗျားလာတဲ့အချိန်က တစ်ခါတည်း ပြောခဲ့ရောပေါ့"

"မဖြစ်ဘူးလေဗျာ. . . နေ့ခင်းက ခင်ဗျားဘေးမှာ ဈေးပေါ်ကကိုရွှေကိုလည်း ရှိနေတယ်လေဗျာ၊ သူတို့က နှစ်တိုင်း "စံပြဈေးသည်ဈေးသားများ" ဆိုပြီး ပဒေသာပင် ထွက်နေကြမဟုတ်လား၊ ကျွန်တော်တို့က ပျံကျဈေးသည်ဈေးသားဆိုတော့ အဲဒီ့မှာ ကျွန်တော်ပြောရင် သူက ကိုဒီပါကို ကျွန်တော်တို့ခေါ်ထားပြီးသားလို့ပြောရင် သွားပြီပေါ့ဗျာ၊ နှစ်တိုင်းလည်း ကိုဒီပါနဲ့ပဲ တွဲနေကျဆိုတော့လေ. . ."

"ဒီလိုလား. . . အင်းအင်း ဒီနှစ်တော့ ရက်နည်းနည်းလိုသေးတယ်ဆိုပြီး သူတို့မပြောသေးတာပါ၊ အေးလေ ခင်ဗျားက အရင်လာဖိတ်ထားတော့ကာ ခင်ဗျားကိုပဲ ဦးစားပေးရမှာပေါ့၊ ဩော်. . . ရေနွေးသောက်ပါဦးဗျ"

ဦးဒီပါက ပြောပြောဆိုဆို ရေနွေးဘန်းချပေးကာ ခရားအိုးအဖုံးဖွင့်ကြည့်လိုက်သည်။ ရေနွေး မရှိသဖြင့် ဓါတ်ဘူးလှမ်းယူပြီး ရေနွေးဖြည့်လေသည်။ ဒါကို ကိုမောင်မောင် လှမ်းကြည့်ပြီး . . .





"ကိုဒီပါလည်း အထိုင်များပြီး ပြောရဟောရလို့လားမသိဘူး၊ အာရုံကြောတွေ အားနည်းနေပုံပဲဗျ၊ ခင်ဗျားလက်တွေတုန်နေတယ်၊ အဲ့ဒါ သတိထားမိလား"

ပထမတော့ ဦးဒီပါ လန့်ကာ ဓါတ်ဘူးတောင် လွတ်ကျတော့မလိုဖြစ်သွားသည်။ နောက်မှ သတိနှင့် စိတ်ထိန်းပြီး ရယ်သံလေးနှောရင်း ပြောပါသည်။

"အေးဗျာ. . . ကျုပ်အတွက် နေ့တွက်ကြေးက သုံးထောင်ဆိုတော့ကာ ဆေးခန်းပြ အကြောဆေးသွင်းရင် နှစ်ထောင်တော့ အသာလေးချောတာဗျ၊ အိမ်က သားတော်မောင်အတွက် ထမင်းချိုင့်နဲ့ လမ်းစရိတ်ကရှိသေးတော့ အဲဒါကို ချိန်ရင်းငဲ့ရင်း ဒီလိုပဲ. . . ဟဲဟဲဟဲ. . ."

"ဒါပေမယ့် ကျန်းမာရေးက အဓိကမဟုတ်လား ကိုဒီပါရဲ့. . ."

နှစ်ယောက်သား စကားကောင်းနေကြရာမှ အိမ်ကလေး သိမ့်ခနဲခါသွား၍ အတက်အဆင်း လှေကားဖက် ပြိုင်တူလှည့်ကာကြည့်မိကြသည်။ မျက်နှာသေလေးနှင့် အိတ်တစ်လုံးဆွဲကာ တက်လာသော မိုးဆွေကိုမြင်တော့ ဦးဒီပါက . . .

"ဒါ ကျုပ်သားလေ၊ မိုးဆွေလို့ခေါ်တယ်၊ ဒဂုံတက္ကသိုလ်မှာ ရူပဗေဒ ဒုတိယနှစ်တက်နေတယ်"

"ဩော်. . . ကိုဒီပါ့သားက လူချောပဲဗျ. . ."

"ဟဲဟဲဟဲ. . . ကဲ သားရေ မီးဖိုခန်းထဲ တန်းဝင်တော့ကွာ၊ အဖေလည်းဆာလှပြီ"

ညည့်သည်ရှိနေ၍ မိုးဆွေလည်း သဘောပေါက်ကာ မီးဖိုခန်းထဲဆက်လျှောက်လာခဲ့သည်။ စိတ်ထဲမှာလည်း ပင့်သက်တစ်ချက်ရှိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဧည့်သည်သာရှိမနေလျှင် ဒီလို နောက်ကျပုံမျိုးနှင့် သူတွေး တောင်မတွေးရဲ။ အဖေ့လက်ဝါးကြီးနှင့် နားရင်းတစ်ချက်ဆို ဆို သလောက် မူးနောက်ယိုင်ထိုးထွက်သွားတာမျိုးကို သူကြောက်၏။ ခံရဖူး လို့လည်း ကြောက်ရွံ့မိခြင်းဖြစ်လေ၏။

"ဟူး. . ."

သူ မီးဖိုခန်းထဲဝင်ပြီး ယောင်နနနှင့်ရှိနေတုန်း အဖေရောက် လာကာ ခပ်တိုးတိုးမေးသည်။

"ပုလင်းရော. . ."

"ဒီမှာ အဖေ. . ."

ထမင်းစားပွဲခုံအောက်မှ ကပျာကသီထုတ်ပေးလိုက်သည်နှင့် အဖေ ဟန်မဆောင်နိုင်စွာ ယူကာ မော့ပစ်၍ ချိုင်းထောက်ကို သူ ထိန်းပေးထားရသည်။

"ဟူး. . . ရေခပ်လေကွာ၊ ဘာကြောင်နေတာလဲ၊ မင်းကွာ. . . နောက်ကျလိုက်တာ"

သူ ဘာမှမပြောဘဲ မထိတ်သာမလန့်သာ ရေတစ်ခွက်ခပ်ယူလာ ပြီး ချပေးသည်။ ထို့နောက် အုပ်ဆောင်းကိုဖွင့်ပေးကာ အဖေကိုယ်တိုင် အသင့်ပြင်ထားသော ငါးခြောက်ဆီဆမ်း ပန်းကန်ကို အဖေ့ဘက်ရွှေ့ ကာ ချပေးလေသည်။

"ကဲ. . . ကဲ. . . မင်းသွားတော့ အိမ်ရှေ့မှာဧည့်သည် စောင့် ကြည့်ဦး"

"ဟုတ်. . ."

ခုမှပင် စိတ်ဒုန်းဒုန်းချနိုင်တော့သလို အိမ်ရှေ့လှေခါးထစ် အပေါ်





ဆင့်မှာ ခြေပစ်ထိုင်ချပြီး သက်ပြင်းမောကို ကုန်အောင် ထုတ်ပစ် လိုက်သည်။ ဘယ်လိုဖိစီးမှုမျိုးမှ ကျန်မနေတော့သော စိတ်ဟင်းလင်း ပြင်ထဲ တစ်ခုပဲ ကျန်ခဲ့သည်။ (အတော်လှတဲ့ မျက်နှာလေးကွာ. . .)

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မနက်ခင်း အဆာပြေစားပြီးကတည်းက ဝယ်လာသော ဘောထုပ်ထည်ကို ဖြတ်လိုက် ညှပ်လိုက် ချုပ်လိုက်နှင့် အားကြိုးသနဲ လုပ်ကိုင်နေသော အမေ့ကိုကြည့်ပြီး နှင်းပွင့် သနားမိသည်။ တစ်ဦးတည်းသော သမီးကို လှစေချင်၊ ဝတ်စေချင်သော အမေ့စေတနာ အမေ့မေတ္တာကား ကြီးမားလှပေ၏။ အမေသာ ငွေကို ဖောဖောသီသီသုံးနိုင်လျှင် မင်္ဂလာဈေး၊ စူပါမားကတ်၊ ရွှေပင်းစင်တာ၊ ရွှေပင်းမောကို ထင်းခုတ်သမား တောတိုးသလို တိုးတော့မှာသေချာလှသည်။ ခေတ်ပေါ် ဒီဇိုင်းလှလှတွေ ခေတ်မီ အလှပြင်ပစ္စည်းတွေနှင့် သူ့သမီးကို ဘယ်လောက်ပြင် ဘယ်လောက်ဆင်ပေးလိုက်မလဲဟု တွေးကြည့်ရုံနှင့် ပီတိဖြစ်ရသည်။

သူမ မှတ်သိသလောက် ကလေးဘဝကတည်းက ဒီအရွယ်အထိ အပြင်မှ အပ်ထည်အဖြစ် အပ်ပြီးချုပ်ဝတ်ရသော အဝတ်အထည်ဟူ၍





မရှိသလောက်ရှားပါသည်။ အချုပ်အလုပ် ဝါသနာပါသော အမေသည် သူ့သမီးအတွက် သူကိုယ်တိုင် တိုင်းကာထွာကာချုပ်ပေးသည် အဲ့ဩစရာကောင်းသည်က ဘယ် စက်ချုပ်သင်တန်းကိုမှမတက်ဘဲ အမေ ပူဆာ၍ အဖေဝယ်ပေးသော အပ်ချုပ်စက်တစ်လုံးရသည့်နေ့မှစကာ စိတ်ကူးတည့်သလိုကို ချုပ်တော့သည်။ စက်မရှိခင်က လက်ချုပ်အပ်နှင့် သီချုပ်ချုပ်ပေးသော အမေသည် စက်ရသောအခါ ဝမ်းမြောက်ဝမ်းသာ လက်စွမ်းပြတော့သည်။ အမေက ဉာဏ်ကောင်းသည်။ အဖေ့အတွက် ဖြစ်ဖြစ် သူမအတွက်ဖြစ်ဖြစ် ချုပ်တော့မည်ဆိုလျှင် အထည်အဟောင်းကို ချုပ်ရိုးဖြည်ကြည့်ပြီး သတင်းစာစက္ကူတစ်ရွက်ဖြင့် ပုံတိုင်းကူးပါသည်။ ပေကြိုးဖြင့် အတိုအရှည် အကျယ် စသည်တို့အား မှတ်သားကာ စက္ကူ ပုံထပ်၍ ညှပ်ချသည်။

လက်၊ ကော်လံ၊ ကုတ်ပိုးသားတို့အား ကော်သုတ်၊ မီးပူထိုးပြီး ပုံစံချကြည့်သည်။ ပြီးမှ ရှေ့ခြမ်း နောက်ခြမ်းတွဲ ကော်လံတွဲ လက်တွဲကာ အင်္ကျီတစ်ထည်ဖြစ်လာအောင်တော့ လုပ်သွားသည်။ ပထမတော့ ချုပ်ရိုးချုပ်သား သိပ်မလှ။ စက်မနိုင်၍ အပေါ်ချည် အောက်ချည် မညီတတ်တာလည်း ပါပါသည်။ နောက်တော့ အမေ လက်ဆမှန်လာသည်။ စိတ်ကူးတည့်သလိုလုပ်တိုင်း သပ်သပ်ရပ်ရပ် အပြီးသတ်နိုင်ခဲ့သည်။ အဖေကိုယ်တိုင် အမေ့လက်ရာကို လက်ခံလာကာ ဝတ်ပါသည်။ သူမအတွက်ကား ဆိုဖွယ်ရာမရှိပြီ။ သည်နောက်ပိုင်း အမေ့တီထွင်မှုက ပိုလို့တောင်မှ အံ့အားသင့်ရသည်။

ဘောထုပ်ထည်ထဲမှ အထည်ကြီးကြီး အစကောင်းကောင်းတို့အား တစ်ထည်တစ်ရာ၊ နှစ်ရာနှင့်ထိုင်ရွေး။ အိမ်ရောက်သည်နှင့် ထို



www.burmeseclassic.com

www.burmeseclassic.com



အထည်ကို ဖျက်၍ သူမအတွက် သို့မဟုတ် အဖေ့အတွက် ထိုမှမဟုတ်လျှင် အမေ့ညီမကမွေးသော တူ၊ တူမများအတွက် ချုပ်လေသည်။ မည်သို့ဆိုစေ ဈေးထဲက ဈေးချုပ်ဟုခေါ်သော Ready made အထည်ထက် အပုံကြီးသာသည်ဆိုတာ ငြင်းစရာမလိုပါချေ။

"သမီးရေ. . လာ. . . ခဏ. . . စွပ်ကြည့်စမ်း"

မနေ့ညနေက စံပြဈေးတန်းကနေ ရွေးလာသော အထည်ကို သူမဝတ်ဖို့ ဘလောက်(စ်)အင်္ကျီလေးတစ်ထည်အဖြစ် ပြန်ဖျက်ကာ ချုပ်လုပ်နေခြင်းဖြစ်သည်။ အဝါရောင်မှာ အဖြူရောင်အစက်ကလေးတွေ ပက်ကြဲထားသောအင်္ကျီအား အိမ်ခန်းထဲဝင်၍ လဲလှယ်ဝတ်ကြည့်ရင်း ဖြူဖတ်ဖြူရော်မျက်နှာလေးကို လှပ်ခနဲမြင်ယောင်လာမိသည်။ ရင်ထဲမှာလည်း ခပ်တိုးတိုးလေး ဒိတ်ဒိတ်မြည်သွားသည်။ ငါ့နှယ် သူ့ပုဆိုးမှ သွားဆွဲရတယ်လို့. . .။

"သမီးရေ. . . အပြင်ထွက်လာဦးလေ. . . "

"လာ. . . လာပြီအမေ. . . "

ထို့နောက် သူမအတွေးအားလုံး ပုံထားခဲ့ကာ အပြင်ထွက်ပြလိုက်သည်။ ကျေနပ်ပျော်ရွှင်မှုနှင့် ပြုံးနေသော အမေ့မျက်လုံးအကြည့်ရှေ့မှာ မော်ဒယ်တွေ ရှိုးလျှောက်သလို တစ်ခေါက်နှစ်ခေါက် လျှောက်ပြရသော အလေ့အကျင့်က ရှိပြီးသားမို့ လျှောက်ပြကာ . . .

"အဆင်ပြေတယ် အမေ"

"ကဲ. . . အဲဒါကို တစ်ရာတန် နှစ်ရာတန်လို့ ဘယ်သူပြောရဲသလဲ၊ သမီး ဟိုထမီလေးနဲ့တွဲဝတ်ပြီး အပြင်သွားရင်တောင် သွားလို့ရတယ်. . သိလား"





"ဟုတ်. . . သမီးလည်း အဲ့ဒါ ပြောမလို့. . . "

"အေးကွယ်. . . ကဲ. . . ချွတ်လိုက်၊ အမေ လက်ချုပ်လိုက်ပေးရဦးမယ်"

အဖေ့ဝင်ငွေ စာရေးဝန်ထမ်းလစာငွေတစ်ခုတည်းနှင့် ရပ်တည်နေသော သူမတို့မိသားစုဘဝ၏ ပျော်စရာနေ့ကလေးက သိပ်များများစားစားတော့မရှိလှ။ အဖေနှင့်အမေ၏ တစ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်သည့် သူမ ပညာတတ်တစ်ယောက်ဖြစ်ဖို့ဆိုသော အင်အားစိုက်ထုတ်မှုကလွဲလျှင် အမေချုပ်သော အထည်လေးတွေဝတ်ရသည့်နေ့နှင့် အဖေ လစာထုတ်ရက် စားစရာ တစ်ခုခု ဝယ်ပြန်လာသည့်နေ့သာလျှင် ပျော်စရာဖြစ်လေသည်။

သူမအတွက်လည်း ကျောင်းတက်ချိန်ကလွဲလျှင် အိမ်မှာ အနေများပြီး သားအမိနှစ်ယောက် အိမ်၏ ဟာဟီရအလုပ်နှင့် အချိန်ကုန်ခြင်းသာ။ ထိုမှလွဲ၍ အမေနှင့် ဈေးလိုက်ဝယ်ခြင်း သို့မဟုတ် သူမကျောင်းပိတ်ရက် သူမကိုယ်တိုင် ဈေးထွက်ဝယ်ခြင်းသာရှိသည်။ သူမအတွက် ဒီခေတ်လျှာရင်းမြက်သော "ရှော့ပင်းထွက်ခြင်း" ဆိုသည့်စကားသည် လေးထောင့်ကန်ရပ်ကွက်လေးထဲမှ စံပြဈေးသို့ အိမ်ဟင်းစားအတွက် ဈေးဝယ်ထွက်ခြင်းနှင့် တစ်ခါတစ်ရံ အမေနှင့် ညနေဈေးတန်းဘေထုပ်လိုက်ရွေးခြင်းသာလျှင် ဘဝနှင့် တစ်လုံးပြည့်ဝသော အဓိပ္ပါယ်မျိုးသာ ဖြစ်တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားရေးရာ အဆောက်အဦးထဲက ထွက်လိုက်သည်နှင့် မိုးဆွေစိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသလို ခံစားနေရသည်။ မနေ့က အဖေပြန်လာတော့ ပိုက်ဆံနှစ်သောင်းတစ်ထောင်တီတီ ပါလာသည်။ မေးကြည့်တော့ ဟောကြေးတစ်ပတ်စာ ပုတ်ပြတ်ပေးလိုက်သည်တဲ့။

"မင်းတွေ့လိုက်တယ်မဟုတ်လား လူလေးရ. . . အဲဒီလူကိုလေ"

"မနေ့ညက အဖေနဲ့ ထိုင်စကားပြောနေတဲ့လူလား"

"အေးလေကွာ၊ ကိုမောင်မောင်လေ၊ ဒီလူက လူပျိုကြီးကွ၊ သူတို့လမ်းထဲမှာတော့ သာရေးနာရေး အရမ်းတက်ကြွတဲ့လူပေါ့ကွာ၊ အခုလည်း သူတို့လမ်းထဲက ပျံကျဈေးသူဈေးသားတွေ သီးသန့်ညှပ်မကြီး တစ်ခုထောင်ပြီး ပဒေသာပင်သီးဖို့ အလှူခံမဏ္ဍပ်ဖွင့်တယ်လေ၊ ပြဿနာက ဈေးရုံကြီးမဏ္ဍပ်နဲ့ ယှဉ်ဖွင့်ရမှာဆိုတော့ မဏ္ဍပ်ထိုင်ပြီး အပြောအဟောကောင်းတဲ့ ဥပါသကာရဖို့က အဓိကမဟုတ်လား၊ အဖေ





ကလည်း နှစ်တိုင်းလိုလို ရွှေကိုတို့ဈေးရုံကြီးမဏ္ဍပ်မှာ ထိုင်ပေးနေကြဆိုတော့ ဒီနှစ် ရွှေကိုတို့မဏ္ဍပ်မဖွင့်ခင် သူ ဦးအောင်ဖွင့်ပြီး အဖေ့ကို နေ့တွက်ကြေးပါ ပုတ်ပြတ်ပေးပြီး ခေါ်ချလိုက်တာ အဟားဟား"

"အဲသလိုလား. . . ဒါဆို သားလည်း အဆင်ပြေပြီ အဖေရ"

"ဟေ. . . ဘာအတွက်လဲ. . ."

"သား ကျောင်းလခကြွေးကျန်တွေ သွင်းရမယ်၊ စာမေးပွဲက နီးနေပြီလေ"

"ဪ. . . အေး. . . ဒါဆိုလည်း သွင်းလိုက်ပေါ့ကွာ၊ ငါက အဲဒါကို မေ့ပြီး မီးဖိုဆောင် ခနီလေးလဲမလားလို့ကွ၊ အေးပါ. . . ထားလိုက်ပါ၊ မင်းကိစ္စပြီးအောင် အရင်လုပ်လိုက်ပါ"

ကျေးဇူးပါ အဖေ။ မိုးဆွေစိတ်ထဲက တီးတိုးရေရွတ်ကာ ပေါ့ပါးလွန်းသည့်ခြေလှမ်းများနှင့် လျှောက်ကာလာခဲ့သည်။ သို့နှင့် တော်ဝင်လမ်းမကြီးအတိုင်း ဘွဲ့နှင်းဘက် ခပ်စိုက်စိုက် လျှောက်ရင်း အိတ်ထဲက ပိုက်ဆံလက်ကျန်ကို ထုတ်ကာစစ်မိသည်။

အဖေက လိုလိုပိုပို ထည့်သွားဆိုလို့သာ ထည့်ယူလာရသည်။ သိဟတို့အုပ်စုမြင်ရင် မလွယ်။ ဒီချိန်ဆို လမ်းကွေ့နားက ဦးချစ်ဆိုင်မှာ ဒီကောင်တွေအုပ်စု ရှိနေလိမ့်ဦးမည်။ တကယ်တော့ ကိုယ့်အတန်းဖော် သူငယ်ချင်းအချင်းချင်း မသထာလို့မဟုတ်၊ ချစ်တီးကျချင်တာလည်းမဟုတ်ဘူးဆိုတာ သူ့စိတ်ကို နတ်ကောင်းနတ်မြတ်တွေ သိနိုင်ပါသည်။ သူ၏ ကိုယ်စွမ်းစနှင့် ရှာထားသော ငွေဆိုလျှင် သုံးလိုက သုံးနိုင်သည်။ ယူလိုကလည်း ယူနိုင်သည်။ ဒါက အဖေ့ပိုက်ဆံ၊ အာလေးနဲ့ရင်းတာပါကွာလို့ ပြောဦးတော့ အဖေ့ချွေးနည်းစာ။ တစ်ဖက်တည်းသာ



www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့သော ခြေထောက်နှင့် သားအဖနှစ်ယောက် စားဝတ်နေရေး၊ သူ့ပညာရေးအတွက် အဖေ ဒီထက်ပိုပြီး မရုန်းကန်နိုင်တော့တာ သေချာသည်။ ဒီထက် သမာအာဇီဝကျတဲ့ ရပ်တည်မှုလည်း မရှိတော့ပြီ။ သူလည်း အဖေ့နေရာမှာ ကူညီညာရုန်းဖို့ အမြန်ဆုံးကျောင်းပြီးချင်လှပြီ။ မည်သို့ဆိုစေ သူ့အိတ်ထဲကျောင်းလခသွင်းပြီး ပိုလျှံနေသေးသော ဒီငွေကို မလိုအပ်ဘဲမကုန်စေရ။ နောက်ထပ် ဝင်ငွေထပ်မရခင်အချိန်အထိ ဒီငွေလေးနှင့်ပဲ သားအဖနှစ်ယောက် မနက်ည ချက်ပြုတ်စားသောက်နိုင်ဖို့ ဖန်တီးရဦးမည်ဖြစ်၍ မိုးဆွေ ပိုက်ဆံကို သေချာပြားနေအောင် ခေါက်ပြီး စာအုပ်ကြားထဲညှပ်ကာ လွယ်အိတ်ထဲ သေချာထည့်လိုက်သည်။

●



"ဟယ်. . . ဒုက္ခပဲ. . ."

စာသင်ဆောင်ရှေ့ရောက်မှ အလန့်တကြားအော်လိုက်သော မေသဉ္ဇာကြောင့် မေဂျာကင်(န်)တင်းဖက် ခြေဦးလှည့်ထားသော သူမတို့တစ်ဖွဲ့လုံးရပ်ကာ ကြည့်ကြသည်။

"ဟဲ့. . . ဘာလဲ သဉ္ဇာ၊ ဘာဖြစ်တာလဲ"

"ပိုက်ဆံ. . . ငါ့ပိုက်ဆံတွေ ဘယ်မှာ ထွက်ကျကုန်ပြီလဲမသိဘူး"

ထိုအခါ ခင်ယုနိုင်က ညစ်ကျယ်ကျယ်ပြုံးလျက် . . .

"လုပ်မနေပါနဲ့ သဉ္ဇာရာ၊ အဲ့ဒါ ကလေးကွက်တွေပါ"

"ဟဲ့. . . ငါတကယ်ပြောနေတာ"

"အပိုတွေ. . . ညည်းမရှင်းချင်လည်း ဒီနေ့ ငါရှင်းမယ်၊ လာ သွားမယ်"

"ငါ နောက်နေတာမဟုတ်ဘူး ခင်ယုနိုင်၊ နင်တို့ကို မကျွေးချင်မှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကင်(န်)တင်းသွားမယ်လို့ ငါက အရင်စပြောစရာအကြောင်းမရှိဘူး၊ နင်ကျွေးမှာလားမေးတော့ ဟောဒီမှာ ပိုက်ဆံပါတယ်၊ အကြိုက်စားဆိုပြီးတော့လည်း ထုတ်ပြစရာအကြောင်းမရှိဘူး"

မေသဥ္စာအသံ မာပြီး ခါတက်လာသဖြင့် ခင်ယုခိုင် မျက်နှာလည်း ခပ်တင်းတင်းလေးဖြစ်ကာသွားသည်။ ထိုစဉ် နှင်းပွင့်က . . .

"နေဦး သဥ္စာ၊ နင် ကျောင်းသားရေးရာက ထွက်လာပြီး ရုံးမှတ်တိုင် အလွန်နားလေးမှာ ပိုက်ဆံထုတ်ပြတာမဟုတ်လား၊ တစ်ထောင်တန်အသေးလေးတွေချည်းပဲလေ၊ ငါတို့ လမ်းဖြတ်မကူးခင်လေးဟာ. . ."

"ဟုတ်တယ်. . . အားလုံး ဆယ့်တစ်ရွက်. . ."

"ဟုတ်ပြီ. . . အဲ့ဒါကို နင် ဒီအတိုင်းဆုပ်ကိုင်လာတာလား၊ ပိုက်ဆံအိတ်ထဲ ပြန်ထည့်လိုက်တာလား"

"မဟုတ်ဘူး၊ ဒီအတိုင်းပဲ ငါ့ဘေးလွယ်အိတ်ထဲ ထိုးထည့်လိုက်တာ၊ ဇစ်တောင် ပြန်မဆွဲထားဘူး"

"ကဲ. . . လာ. . . အဲဒီနေရာမှာ ကျခဲ့တာပဲဖြစ်ရမယ်၊ နင့်အိတ်က ဖြုတ်ချပြီး သေချာထည့်တာမဟုတ်ဘဲ။ ငါတို့နဲ့စကားပြောရင်း ဒီအတိုင်း ထိုးထည့်လိုက်တာဆိုတော့ ဘာပဲဖြစ်ဖြစ် ထွက်ကျသွားနိုင်တာပဲလေ"

"ဟုတ်မယ်. . . ဟုတ်မယ်"

တွေးတွေးဆဆအသံနှင့် နှင်းပွင့် ဖြတ်ဝင်ပြောဆိုမှုက မေသဥ္စာနှင့် ခင်ယုခိုင်တို့ နားလည်မှုလွဲတော့မည့်ဆဲဆဲ ဝင်ထိန်းသလိုဖြစ်ကာ ပြေပြေလျော့လျော့ဖြစ်ပြီး ရုံးမှတ်တိုင်ဖက် ပြန်လျှောက်လာကြသည်။





ထို့အပြင် ခင်ယုခိုင်က . . .

"ဒါဆိုလည်း သွက်သွက်လျှောက်ကြဟဲ့၊ တစ်ယောက်ယောက်ဖြတ်သွားလို့ တွေ့သွားရင်တော့ ကုန်ပြီပဲ"

ထို့ကြောင့် မပြေးရုံတမယ်ပင် လျှောက်ကြပြီး အပင်တွေနှင့် ကွယ်ကွယ်ကာကာဖြစ်နေသော လမ်းဘက်ဆီကို စိုးရိမ်တကြီး လှမ်းလှမ်းကြည့်ကာလာကြသည်။

သူမတို့အုပ်စု တော်ဝင်လမ်းမ ပလက်ဖောင်းပေါ် လှမ်းအတက် လမ်းတစ်ဖက် ရုံးမှတ်တိုင်နားမှ ဘွဲ့နှင်းဘက်ဦးတည်ကာ လျှောက်နေသော ကျောင်းသားတစ်ယောက်ကို တွေ့ရ၍ အားလုံး စိုးရိမ်တကြီး လှမ်းကြည့်လိုက်ကြသည်။ လူသူရှင်းကင်းနေသော လမ်းတစ်ဘက် ပလက်ဖောင်းတွင် ရုံးမှတ်တိုင်ကိုဖြတ်၍ လျှောက်သွားသူမှာ ထိုသူတစ်ယောက်တည်းသာလျှင်ရှိပြီး လက်ထဲမှာလည်း တစ်ထောင်တန်ဟု ခန့်မှန်းရသော ငွေစက္ကူတစ်ချို့အား ရေတွက်ကာသွားသည်။ ထို့နောက် သူမတို့ငေးကြည့်နေစဉ် အတွင်းမှာပင် လွယ်အိတ်ထဲက စာအုပ်ထုတ်ယူပြီး စာအုပ်ကြားထဲ သေချာညှပ်လိုက်တာတွေ့လိုက်ရသဖြင့် သေချာပြီဟုယူဆထားသော အကြည့်မျက်လုံးတွေနှင့် သူမတို့အချင်းချင်း ကြည့်ဖြစ်ကြတော့သည်။

"သူ. . . သူပဲဖြစ်ရမယ်၊ သူကောက်သွားပြီဟဲ့. . ."

"ဟဲ့. . . အဲ့ဒါ ရပ်ပြီးပြောနေလို့ရမလား၊ လိုက်တောင်းရမှာပေါ့"

"နင်. . . လိုက်တောင်းပေးဟာ. . ."

"အံမာ. . . ငါ့ပိုက်ဆံမှမဟုတ်တာ၊ နင် လိုက်တောင်းပါလား"

"ကဲ. . . ကဲ. . . လာ. . . ငါတို့အားလုံးသွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်လည်း နှင်းပွင့်ပဲ ဦးဆောင်ကာ ထွက်ရပြန်ပါသည်။ သူမတို့သုံးယောက်ထဲမှာတော့ နှင်းပွင့်က လူကြီးဆန်ဆန် ပြောဆိုပြုမူတတ်ပြီး ရဲရင့်ပြတ်သားမှုရှိသည်ဟု ပြောနိုင်ပါသည်။ ထို့ကြောင့်လည်း ငွေကြေးပြည့်စုံသော မေသဥ္ဇာနှင့် ခင်ယုခိုင်က နှင်းပွင့်ကို အားကိုးခင်မင်နေကြသည်။ ပုံမှန်အားဖြင့်တော့ ငွေကြေးသုံးနိုင်သောသူ အချင်းချင်းသာ ရင်းရင်းနှီးနှီးတွဲဖြစ်ကြပြီး မသုံးနိုင်သူက မရှိသောသူနှင့်သာ အဆင်ပြေတတ်လေသည်။ မဒေရှိရာ မဒေစုတယ်ပဲဆိုချင်ဆို ထိုပုံသေနည်းသည် လူ့လောကထဲ အမြဲမှန်ကြောင်း ငြင်းလို့မရ။ တစ်ချို့လည်း သူမတို့တွဲသလို တွဲဖြစ်တာမျိုးရှိသော်လည်း အများစုကတော့ ပုံသေနည်းသည် လူ့လောကထဲ အမြဲမှန်ကြောင်းငြင်းလို့မရ။ တစ်ချို့လည်း သူမတို့တွဲသလို တွဲဖြစ်တာမျိုးရှိသော်လည်း အများစုကတော့ ပုံသေနည်းအတိုင်းပင်။

"ဒီမှာရှင့်. . ."

နောက်က ခေါ်သံကြောင့် မိုးဆွေ ခြေလှမ်းတုန့်ကာ လှည့်ကြည့်သည်။

ဟင်. . .။ မြင်မြင်ချင်း ရင်ရင်ချင်းထိကာ သိဆိုသောစကားပဲ မှန်နေသလား။ မိုးဆွေရော နှင်းပွင့်ပါ တစ်ယောက်ကိုတစ်ယောက် စက္ကန့်အနည်းငယ်မျှ အပြန်အလှန်စိုက်ကြည့်ကာ ဆွံ့အကုန်ကြသည်။ ဒါကို မေသဥ္ဇာက . . .

"နင်. . . နင်တို့က အသိတွေလား. . ."

ထိုအခါမှ နှင်းပွင့် အသိစိတ်ထဲ နွေးခနဲဖြစ်ကာ သတိဝင်လာပြီး . . .





"ဟင့်အင်း. . . မသိပါဘူး. . . ဟိုလေ. . . ရှင်. . . ရှင်. . . စောစောက ကောက်ရသွားတဲ့ပိုက်ဆံက သူ့ပိုက်ဆံပါ. . . အဲဒါ. . . ပြန်ပေးပါ"

"ဗျာ. . ."

ရုတ်တရက်မို့ နားမလည်နိုင်ဘဲ မိုးဆွေ ကြောင်ကာသွားသည်။ ထိုစဉ် ခင်ယုခိုင်ရှေ့ တိုးထွက်လာပြီး . . .

"ဒီမှာ ရှင်ကောက်ရတဲ့ပိုက်ဆံကို ပြန်ပေးဖို့ပြောနေတာ၊ အတိတ်မေ့သလို ကြောင်သလိုလာမလုပ်နဲ့. . ."

မိုးဆွေ ပို၍ပင် အူတူတူဖြစ်သွားကာ. . .

"ကျွန်တော် နားမလည်ဘူးဗျ၊ ဘယ်ကကောက်ရတဲ့ပိုက်ဆံလဲ၊ ကျွန်တော်လည်း မကောက်မိပါလားဗျာ. . ."

ထိုစဉ် မေသဥ္ဇာက . . .

"ရှင်နော်. . . ကျွန်မ ပိုက်ဆံပြန်ပေးရင်ပေး မပေးရင် မော်ကွန်းထိန်းနဲ့ သွားတိုင်မှာ. . ."

ထိုစကားတစ်ခွန်းနှင့်တင် ဖြူဖျော့သွားသော ထိုတစ်ယောက်ကို ကြည့်ပြီး နှင်းပွင့်စိတ်ထဲ မချင့်မရဲဖြစ်သွားသည်။ ဟိုတစ်ရက်က စံပြဈေးမှာ ဘေထုပ်ပုံထဲကထွက်လာသော မျက်နှာလည်း ဒီမျက်နှာမျိုးပင်။ ထို့ကြောင့် သူမဘက်က အတတ်နိုင်ဆုံး နားလည်အောင် ဖြောင့်ဖျပြောဆိုလိုသည့်စိတ်နှင့် ဝင်ပြော၏။

"ဒီမှာ. . . ကျွန်မပြောတာ ရှင် သေချာနားထောင်ပါ၊ ဒီနားမှာ ကျွန်မသူငယ်ချင်းပိုက်ဆံ တစ်သောင်းတစ်ထောင် ကျပျောက်သွားတယ်၊ ကျွန်မတို့ ဒီနားကဖြတ်သွားပြီး ပျောက်မှန်းသိတဲ့အချိန်က ကြာလှ



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်စွန်းစွန်းပဲရှိမယ်၊ အခု သိသိချင်းလာပြန်ရှာတယ်၊ လူရှင်းနေတဲ့ ဟောဒီလမ်းပေါ်မှာ ရှင်တစ်ယောက်ပဲရှိတယ်၊ ပြီးတော့ ပိုက်ဆံတွေကို လမ်းလျှောက်ရင်းရေတွက်လာတယ်. . . နောက် စာအုပ်ကြားထဲညှပ်ပြီး လွယ်အိတ်ထဲသိမ်းလိုက်တယ်. . . ကျွန်မပြောတာ ဟုတ်ရဲ့လား"

"အာ. . . ဟုတ်. . . ဟုတ်ပါတယ်၊ ဒါပေမယ့် အဲ့ဒါ ကျွန်တော့် ပိုက်ဆံပါ၊ ကျောင်းလခကြွေးကျန် သွားသွင်းပြီး ပိုတဲ့ပိုက်ဆံပါ၊ ကောက် ရတာမဟုတ်ပါဘူးဗျာ"

ထိုအခါ နှင်းပွင့်က ဆက်၍ . . .

"မဖြစ်နိုင်ဘူးရှင့်၊ ဒီပိုက်ဆံလောက်ကတော့ ယောကျ်ားလေးတစ် ယောက်အနေနဲ့ မိန်းမဆန်ဆန် စာအုပ်ကြားထဲညှပ်သိမ်းတာမျိုးတော့ လုပ်မှာမဟုတ်ဘူး၊ ကျွန်မတို့မြင်ပြီး အကဲခတ်လို့ရသလောက်ကတော့ ရှင် ဒီပိုက်ဆံကို တစ်ယောက်ယောက်မြင်သွားမှာ စိုးရိမ်နေတဲ့ပုံစံပဲ. . . အဲ့ဒါကိုက . . ."

မရိုးသားဟု ဆက်ပြောမည့်စကားက သူ့မျက်နှာကိုကြည့်ပြီး. . .

သူမ ပြောမထွက်သဖြင့် တိတိရိရိပင် ဖြတ်ချထားလိုက်သည်။ ဒါကို ခင်ယုနိုင်က ဆက်လေသည်။

"ကဲ. . . ရှင် ဘာပြောချင်သေးလဲ၊ အခု အသာတကြည်ပြန်ပေး မလား၊ မော်ကွန်းထိန်းရုံးကို လိုက်ရှင်းမလား၊ ဒါပဲပြော. . . "

မိုးဆွေ အတော်ပင် အကြပ်ရိုက်ကာ ချွေးပြန်လာတော့သည်။ သီဟတို့အုပ်စု တွေ့မှာစိုးလို့ သေချာသိမ်းကာမှ သေချာ ပြဿနာတက် ပြီး တစ်ပြားမှမကျန်အောင် ခုန်ထွက်ရမယ့်ကိန်းဆိုက်နေ၍ ဒေါသ လည်းထွက် ရှက်လည်းရှက်ကာ ပြန်မဖြေရှင်းတတ်အောင်ရှိနေစဉ်





မျက်နှာဝိုင်းလေးက . . .

"ကဲပါလေ. . . ဒီလိုလုပ်ကြရအောင်၊ တကယ်ကျပျောက်တဲ့သူက သူ့ပိုက်ဆံအရေအတွက်နဲ့ အမျိုးအစားကို မှန်အောင် ပြောနိုင်တယ်ဆို ရင် ရှင် လက်ခံပြီးပြန်ပေးမလား. . . "

ဆိုတော့ မိုးဆွေစဉ်းစားသည်။ တစ်သောင်းတစ်ထောင်ဆိုတာ မများသော်လည်း မနည်းလှ။ သူမတို့ အကြံကြီးကြီးနှင့် စောင့်ကြည့်ပြီး အငိုက်ဖမ်းချင်တယ်ဆိုလည်း သူနှင့် အလွန်နီးကပ်သောနေရာမှ စောင့် ကြည့်နေတာမျိုးလည်း မဖြစ်နိုင်။ သူ သတိထားမိသလောက် စောစော က သူထွက်လာသော ငွေစာရင်းရုံးနားမှာလည်း ဒီသုံးယောက်ကို မတွေ့။ တွေ့လျှင်လည်း မျက်နှာဝိုင်းလေးပါနေ၍ သူ မသိစရာ အကြောင်း မရှိ။

ဒါမှမဟုတ် သူတို့ထဲက တစ်ယောက်ယောက်က တကယ်ပိုက်ဆံ ကျပျောက်တာလည်း ဖြစ်နိုင်သည်။ သူကောက်ရတာမျိုးမရှိတာလည်း သေချာသည်။ ဒါဆို အဲ့ဒီတစ်ယောက်ရဲ့ပိုက်ဆံမှာ ဘယ်လိုအမျိုးအစား တွေပါဦးမလဲ။ ငါးရာတန်တို့ တစ်ထောင်တန်အကြီးအသေး၊ နှစ်ရာ တန်၊ တစ်ရာတန်။ ဟုတ်ပြီ. . . ငါ့ပိုက်ဆံက အားလုံး တစ်ထောင်တန် အသေးတွေချည်း။ အားလုံး အသစ်ချပ်ချွတ်နီးပါးတွေချည်းဖြစ်၍ အဝေးကလှမ်းကြည့်ရုံနှင့် ခန့်မှန်းလို့မရနိုင်ဘူးဟု တွက်ကာ . . .

"ကောင်းပြီလေ. . . အရေအတွက်နဲ့ ငွေစက္ကူအမျိုးအစားမှန် အောင် ပြောနိုင်မယ်ဆို ကျွန်တော် သဘောတူတယ်"

မိုးဆွေ လွှတ်ခနဲပြောမိပြီးမှ အတွေးတစ်ချက် ဖြတ်ဝင်လာ၍ နောင်တရချင်သွားမိသည်။ ကံမကောင်းလို့ အစွပ်စွဲခံရပါတယ်ဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကံကိုပြန်ပြီးလောင်းကြေးထပ်မိသလို ဖြစ်နေသော သူ့ကိုယ်သူ အတော်မကျေမနပ်ဖြစ်ရသည်။ သို့သော် အရာရာအားလုံး နောက်ကျသွားချေပြီ။ မျက်နှာဝိုင်းလေးဘေးကတစ်ယောက်က . . .

"ကဲ. . . ကျွန်မပြောမယ်၊ ကျွန်မလည်း ကျောင်းလခသွားသွင်းပြီး ပြန်လာတာပဲ၊ ဟောဟိုနားရောက်မှ ပိုက်ဆံကို သူတို့ကိုပြပြီး ကင်(န်)တင်းသွားမယ်လို့ပြောပြီး အိတ်ထဲထည့်လိုက်တာ၊ စာသင်ဆောင်ရှေ့ရောက်တော့မရှိတော့ဘူး၊ အားလုံး တစ်သောင်းနဲ့တစ်ထောင်၊ တစ်ထောင်တန်အသေး၊ အားလုံး အသစ်တွေချည်းပဲ"

"ဟင်"

မိုးဆွေ ရင်ဘတ်တည့်တည့် တစ်ခုခုနှင့် အဆောင့်ခံလိုက်ရသလိုမျိုး နောက်ကိုယိုင်ထွက်သွားပြီး လွယ်အိတ်ကိုပါ ယောင်ယမ်းဆွဲပိုက်ထားမိသွားသည်။

"ဒါ. . . ဒါလောက် တိုက်ဆိုင်တာမျိုးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ. . ."

"အို. . . ရှင်ထုတ်ပြလေ၊ ကျွန်မပြောတာ ဟုတ် မဟုတ် စစ်ကြည့်မယ်လေ"

"စစ်စရာမလိုအောင်. . . ဟုတ်တယ်. . . ဒါပေမယ့်. . . ခင်ဗျား ပိုက်ဆံတော့မဟုတ်ဘူး"

"ဘာရှင့်. . . ဟုတ်ရင်ပေးလေ၊ ရှင် သဘောတူထားတာပဲ၊ ရှင်ယောကျ်ားမဟုတ်ဘူးလား၊ မိန်းမလျှာလား. . ."

မိုးဆွေစိတ်ထဲ ဖျင်းခနဲတစ်ချက်ဖြစ်ပြီး ပိုက်ထားသောလွယ်အိတ်ပါ ရင်ဘတ်ပေါ်က လျှောခနဲ ပြုတ်ကျကာသွားသည်။ မည်သို့ဆိုစေ





သူ ရှုံးနေချေပြီ။ ရှုံးမှာသွားရှင်းလည်း ထိုအုပ်စုဘက်က ကာယကံရှင်တစ်ယောက် မျက်မြင်သက်သေနှစ်ယောက်ဖြစ်၍ သူ ဘယ်လောက်မှန်မှန် မှားတော့မည်။

ပြီးတော့ ကိုယ်ကျင့်တရား။ သူ့ကိုယ်သူကလွဲ၍ ဘယ်သူကမှ အာမခံမပေးနိုင်သော အခြေအနေမျိုးနှင့် နောက်တစ်ဆင့်တိုးလည်း သေချာပေါက် ပိုဆိုးသော ရလာဒ်သာရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် မတန်တဆ စကားလုံးတွေ ထွက်ပေါ်မလာခင် သူ့လွယ်အိတ်ထဲက ပိုက်ဆံညှပ်ထားသော စာအုပ်ကို ဆွဲထုတ်လိုက်ပါသည်။ ပြီးမှ သူ သေချာခေါက်ညှပ်ထည့်ထားသောပိုက်ဆံကို ထုတ်ပေးရင်း. . .

"ဒီပိုက်ဆံသောင်းတစ်ထောင်က ခင်ဗျားတို့ကျပျောက်တဲ့ ပိုက်ဆံမဟုတ်ဘူးဆိုတာ ကျိန်းသေလောင်းရဲတယ်ဗျာ၊ ပြီးတော့ ဒါက ကျွန်တော့်အဖေ ဒုက္ခိတကြီးရဲ့ ချွေးနည်းစာစစ်စစ်ဆိုတာ ကျိန်ပြောရဲပါတယ်၊ မမှန်ဘူးဆိုရင် သွေးအန်သေရပါစေရဲ့၊ တကယ်ပြောတာ၊ နောက်တစ်ခုက ဒီပိုက်ဆံဟာ ကျွန်တော်တို့သားအဖ နောက်ထပ် ဘယ်နှစ်ရက်မှန်းမသိတဲ့ရက်တွေအတွက် အသက်ဆက်ရမယ့် စားစရိတ်ဘဲ၊ သေချာသိမ်းတယ်ဆိုတာလည်း အဲဒါကြောင့်ပါ. . ."

ထိုစဉ် ခင်ယုခိုင်က မိုးဆွေလက်ထဲက ပိုက်ဆံခေါက်ကို ဆတ်ခနဲလှမ်းယူလိုက်ပြီး . . .

"ပြီးပြီမဟုတ်လား. . . ရှင်ပြောချင်တာ ဒါပဲမဟုတ်လား. . ."

မိုးဆွေ ခေါင်းညိတ်ပြသဖြင့် ခင်ယုခိုင်က ပိုက်ဆံကို မေသဥ္စာဘေးလွယ်အိတ်ထဲ ထိုးထည့်လိုက်ပြီး . . .

"ဒီလိုလူမျိုးတွေ ဒီလိုပုံပြင်မျိုးပြောတတ်လို့ သနားပြီး ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



မှာတော့မဟုတ်ဘူးနော်၊ ကျွန်မတို့ ဥစ္စာရင်းမှန်လို့ပြန်ရတာ၊ ရှင့်. . . ပုံပြင်က ကျွန်မတို့အတွက် အသုံးဝင်မှာ မဟုတ်လို့၊ သွားလိုက်ပါဦးမယ်. . . ကဲ. . . လာ. . . သွားကြမယ်. . ."

စာအုပ်ပေါ်က 'မိုးဆွေ. . . ဒုတိယနှစ် ရူပဗေဒ. . .' ဆိုသောနာမည်စာလုံးနှင့် ဖြူဖျော့နေသည့်မျက်နှာပေါ်မှာ ခင်ယုခိုင်စကားကြောင့် နီအစ်အစ်ဖြစ်လာပြီး မျက်ရည်ကြည်တစ်ချို့ မျက်လုံးအိမ်တစ်ဝိုက် ရစ်ဝဲလာတာကိုပါ၊ သူမ သေချာတွေ့လိုက်ရပြီးမှ ကျောခိုင်းလိုက်ခြင်းအတွက် ရင်ထဲမှာ မကောင်းတော့ချင်။ စိတ်ထဲမှာ တစ်ခုခုတော့ လွဲနေသလိုပဲဆိုသော သံသယစိတ်ကပါ တိုးဝင်လာသဖြင့်. . .။



## အခန်း (၃)

"အဲဒါ အတိတ်ကံပဲ. . . သား၊ ငါတို့ဘာသာတရားမှာ အသေချာဆုံးက တူသောအကျိုးပေးပဲကွ၊ အကြောင်းတရားရှိခဲ့လို့သာ အကျိုးတရားဖြစ်ရတယ်ဆိုတာ ငြင်းစရာမှမရှိတာ၊ ထားလိုက်ပါကွာ. . .။ ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့. . .၊ ဒါဟာ. . . ငါ့သားအတွက် ကံကြွေးတစ်ခု ကျေသွားတာပေါ့. . ."

အဖေ စကားဖြတ်ပြီး သောက်လက်စ ဖန်ခွက်ထဲက လက်ကျန်ကို အပြတ်မော့သည်။ ထို့နောက် ဖန်ခွက်ပြန်ချရင်း ထောင်ထားသော ပုလင်းကို အသာမြှောက်ကြည့်သည်။ ကုန်သွားပြီဖြစ်၍ စားပွဲဘေးက ထရံထောင့်မှာ ထောင်ထားလိုက်ကာ ဆေးပေါ့လိပ်ကို မီးညှိ၍ဖွာလေသည်။ ရှစ်ပေပတ်လည်လောက်ပဲရှိမည့် မီးဖိုချောင်လေးထဲ အတန်ကြာအောင် တိတ်ဆိတ်သွားခဲ့သည်။

အဖေသောက်လျှင် ဘယ်သူ့မှစကားမပြော။ အနားမှာ အဖော်



www.burmeseclassic.com

www.burmeseclassic.com



လည်းမထား။ သူ့ကိုတောင် အိမ်ရှေ့သွားထိုင်ခိုင်းထားပြီး ထမင်းစားကြမယ်ဟေ့. . . လို့ အဖေလှမ်းအော်မှ ထမင်းခူးခပ်ဖို့ မီးဖိုခန်းထဲပြန်ဝင်ခွင့်ရတာမျိုးက အဖေနှင့်သူ့ကြားမှာ တစ်သက်လုံးရှိလာခဲ့သော ခြားနားမှုတစ်ခု သို့မဟုတ် စည်းကမ်းတစ်ခုဖြစ်လေသည်။

ဒီနေ့တော့ ထိုခြားနားမှုနှင့် စည်းကမ်းအား အဖေရောသူပါ စိတ်တူကိုယ်တူ ချိုးဖောက်လိုက်ကြသည်။ အဖေ့အတွက်ဝယ်ပေးပြီး ထုံးစံအတိုင်း သူ အိမ်ရှေ့ကိုထွက်မသွား။ အဖေကလည်း မင်းသွားတော့လေဟု မပြောသဖြင့် မီးဖိုချောင်လေးထဲ သားအဖနှစ်ယောက် အတူထိုင်ဖြစ်သွားကြသည်။

သူထွက်မသွားတာကတော့ အကြောင်းရှိသည်။ အဖေပေးလိုက်သော ပိုက်ဆံ တစ်ပြားမှမကျန်တော့ခြင်းအတွက် အဖြစ်မှန်ရော အခြေအနေအမှန်ပါ ပြောပြဖို့ဖြစ်သည်။ အဖေမသွားခိုင်းတာက ဘာအကြောင်းဆိုတာ သူမသိပါ။ ထို့ကြောင့် သူပြောချင်သောအကြောင်းပြောပြပါသည်။ ပထမတော့ အဖေ အံ့အားသင့်ကာ လှမ်းကြည့်သည်။ နောက်တော့ ခေါင်းတညိတ်ညိတ်နှင့် သောက်ရင်း နားထောင်ပါသည်။ ပြီးမှ "သောက်ရင်းစားရင်း ဘာသာရေးစကားပြောရတာတော့ မကောင်းဘူးကွ လူလေးရ၊ ဒါပေမယ့် အရက်ကြိုက်တဲ့အဖေက သူ့သားကို မှန်ကန်တဲ့ ဆုံးမ လမ်းညွှန်မှုမျိုးပဲ ပေးချင်တော့ ဘုရားရှင်ကို အားနာနာနဲ့ပဲ အာလေးလျှာလေးပြောရမှာပဲ" ဟု အစချီကာ ပြောပါတော့သည်။

အဖေပြောတာ မှန်လေ၏။ အစပိုင်းသာရှိသေးသော်လည်း ဒါဟာ အတိတ်ကံဆိုတာ ကျိန်းသေယုံကြည်သည်။





ဒီမိန်းကလေးနှင့် ပထမဦးဆုံး ကြုံကြုံဖန်ဖန် စတင် ဆုံတွေ့ခွင့်ရပြီး အတော် အောင့်သက်သက်နှင့် ဒုတိယ ထပ်ဆုံရပြန်သည်။ ဘဝမှာ တစ်ခါဘူးမျှ မကြုံဘူးသော သိမ်ငယ်မှုမျိုးနှင့် ဆုံလိုက်ရသော်လည်း ထိုသိမ်ငယ်မှုအား အံ့ဩစရာကောင်းလောက်အောင် ခံနိုင်ရည်ရှိမှုမျိုးနှင့် ခုခံထားလိုက်နိုင်ခြင်းကိုလည်း သူ့ကိုယ်သူ မယုံကြည်နိုင်အောင် ဖြစ်မိသည်။ ဒါဟာ မျက်နှာဝိုင်းလေးကြောင့်ဆိုတာ သေချာသည်။ တစ်သိန်းကြေးတောင် လောင်းရဲသည်။

"အဟမ်းဟမ်း. . ."

တိတ်ဆိတ်သော အခန်းကျဉ်းလေးထဲ အဖေ့လည်ချောင်းရှင်းသံကြောင့် သူ အတွေးဖြတ်ကာ လှမ်းကြည့်သည်။ အဖေ အတော့်ကို အိုမင်းရင့်ရော်ခဲ့ချေပြီ။ ခြေတစ်ပေါင်ကျိုးဘဝနှင့် သားတစ်ယောက်ကို လက်ဆွဲပြီး အဖေ ဒီရပ်ကွက်ကို ပြောင်းရွှေ့လာစက အဖေ ဒီလောက် မအိုသေးဟုထင်မိသည်။ အဲ့ဒီတုန်းက စံပြဈေးရုံသစ်ကြီးတောင် ဆောက်ပြီးကာစ ရှိဦးမည်။ တောက်ပခန့်ငြားသော ဈေးရုံသစ်ကြီးကဲ့သို့ အဖေလည်း ခြေတစ်ဖက်မရှိရုံကလွဲလို့ နုပျိုချောမောဆဲ။ ခုတော့ ဈေးရုံကြီးလည်း နေ့တိုင်းကြည့်မြင်နေရာက မှိန်ရင့်ကာ အိုဟောင်းလာခဲ့သည်။ အဖေလည်း. . .။

"သားကို အဖေ ပြောစရာတစ်ခုရှိတယ်ကွ. . . လူလေးရ"

သူလှမ်းကြည့်တော့ အဖေ့မျက်လုံးအိမ်က ယမကာခိုးရိုက်၍ နီမှိုင်းမှိုင်းဖြစ်ချင်နေသော်လည်း အချိန်အကြာကြီး မြုံသိပ်ထားမှုအား ရုတ် တရက် ဖွင့်အံတော့မည့်ပုံမျိုး အရိုင်းဆန်ဆန် လင်းနေသည်။

"အဖေနဲ့မင်းအမေ ကားအက်ဆီးဒင့်ဖြစ်တော့ မင်းအသက်က



www.burmeseclassic.com

www.burmeseclassic.com



(၇)နှစ်လောက်ပဲ ရှိဦးမယ်ထင်တယ်၊ မင်းမှတ်မိလားသား"

"ဟုတ်. . . မှတ်မိတယ်. . . အဖေ. . ."

ထိုအိပ်မက်ဆိုးအား သူမမေ့ပါ။ ထိုစဉ်က သူတို့မိသားစုဘဝလေး ယခုထက်ချောင်လည်ပြီး အတော်အဆင်ပြေပြေရှိကြသည်ဟု ထင်ပါသည်။ အိမ်မှာ ဒေါ်ကြီးညိုကိုတောင် အိမ်မှာကူဖို့ခေါ်ထားသည်။ ဒေါ်ကြီးညိုက သူ့ကို ကျောင်းပို့ကျောင်းကြိုဖို့ အဓိကဖြစ်ပြီး အားလပ်ချိန် ဆိုင်မှာ စျေးရောင်းကူညီပေးရသည်။

ရပ်ကွက်ကုန်စုံဆိုင်ဖြစ်သော်လည်း အမေ့ဆိုင်က လက်မလည်အောင်ရောင်းရသည်။ တစ်ရက် သူ့ကို ဒေါ်ကြီးညိုနှင့်ထားခဲ့ပြီး အဖေနှင့်အမေ ညောင်ပင်လေးစျေးမှာ ကုန်သွားကြိုကြစဉ် အဖေတို့ ကားနှင့် အဲကွန်းဘတ်စ်တစ်စီး တိုက်မိကြပြီး အမေကတော့ ကားထဲမှာပင် ဆုံးသွားသည်။ အဖေကတော့ အတွင်းလူနာအဖြစ်နဲ့ ဆေးရုံမှာ နှစ်လလောက်ကုလိုက်ရပြီး ခြေတစ်ဖက် ဖြတ်လိုက်ရပါသည်။

အကုသိုလ်အကျိုးပေးကာ ဘယ်သောအခါမှ တစ်ခုတည်းမလာ။ အလွန်အပေါင်းအသင်းဆန့်စွာဖြင့် အုံကျင်းဖွဲ့ကာ ရောက်၍လာခဲ့သည်။ အဖေ ဆေးရုံမှာပင်ရှိနေတုန်း ရပ်ကွက်ထဲမီးလောင်၍ ရှိတဲ့ဆိုင် လက်ငုတ်လက်ရင်းလေးနှင့် အိမ်ပါ မီးထဲပါသွားသည်။ သူမှတ်မိသလောက် ပျော်ရွှင်စရာကောင်းသော မိသားစုဘဝသည် ထိုအချိန်က ထိုနေရာမှာတင် နိဂုံးတံခဲ့ပြီဟု ထင်ပါသည်။ ခုတော့ ဒေါ်ကြီးညိုလည်း ဘယ်မှာများနေလို့ ဘယ်ရောက်နေပြီမသိ။

"အခု သားအသက်က နှစ်ဆယ်ပြည့်တော့မယ်ဆိုတော့ မင်းအမေဆုံးတာ ဆယ့်သုံးနှစ်လောက်ရှိပြီပေါ့"





"ဟုတ်. . ."

ခုချိန်ထိတော့ အဖေ ဘာအတွက် ဘာကိုရည်ရွယ်ပြီး ပြောနေသည်ဆိုတာကို သူ သဘောမပေါက်နိုင်သေးပါ။ ထို့နောက် အဖေ ဆက်၍ ပြောပါသည်။

"မင်း လေးလမ်းစျေးတန်းထဲက ကုန်ခြောက်ရောင်းတဲ့မလှဲ့ကို သိလား"

သူ တစ်ချက်တွေကာ စဉ်းစားပြီးမှ ကပျာကသီ ခေါင်းညိတ်ပြလိုက်သည်။ တစ်ခြားမဟုတ် စျေးတန်းထဲမှာ လိုအပ်လျှင် အကြွေးယူလို့ရသော ဆိုင်ဖြစ်ကာ အဖေနှင့်လည်း အရမ်းရင်းနှီးသော ဒေါ်လှဲ့ကို သိလားဟု ထူးဆန်းစွာမေးခြင်းဖြစ်၍ ကြောင်အကာ တွေဝေသွားခြင်းဖြစ်လေသည်။

"လိုရင်း. . . တိုရှင်းပဲလူလေးရာ၊ အဖေ မလှဲ့နဲ့ လက်ထပ်ဖို့ ဒီနေ့ပဲ စဉ်းစားလိုက်တယ်"

အဖေနှင့်ပတ်သက်ပြီး ဘယ်တုန်းကမှ တွေးထင်မထားမိသော အကြောင်းအရာဖြစ်၍ သူ အံ့အားသင့်တာလား၊ မအီမလည်ဖြစ်သွားတာလား၊ အူတူအတဖြစ်နေတာလား. . . ဆိုတာ မသေချာသော အကြည့်တစ်မျိုးနှင့် အဖေ့ကို လှမ်းကြည့်ကာ ပါးစပ်ကလေးဟသွားသည်။ အဖေကတော့ ရယ်ပါသည်။ လူကြီးရှက်တော့ ရယ်တယ်ဆိုတာမျိုးလား။ ဖြစ်နိုင်သည်။ အဖေ ရှက်သလိုလိုတော့ ခံစားနေမိပါလိမ့်မည်။ ဒါပေမယ့် အဖေ့စကားက သိပ်မရှင်းလင်းလှသဖြင့် . . .

"စဉ်းစားတယ်ဆိုတာ ဒေါ်လှဲ့ကလား. . . အဖေကလား. . ."

"ငါပေါ့ကွ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒေါ်လဲ့ကရော. . ."

"ဟေ. . . မေးကြည့်ရမှာပေါ့. . ."

"ဟာ. . . အဖေ နည်းနည်းလွဲနေတယ်နော်"

"ဘာလဲကွ. . . ဘာလွဲရမှာလဲ. . ."

"စဉ်းစားရင်းစဉ်းစား. . . ဒေါ်လဲ့က စဉ်းစားရမှာမဟုတ်ဘူးလား"

"ထုံးစံအရတော့ မိန်းကလေးက စဉ်းစားရမှာပေါ့ကွာ၊ လောလောဆယ်တော့ ငါကပဲ စဉ်းစားပြီး ဆုံးဖြတ်ပေးရမယ့်အခွင့်အရေး ဖြစ်နေပြီလေကွာ. . ."

မိုးဆွေ ဉာဏ်မမီတော့သလို မျက်ခုံးရှုံ့ပြီးကြည့်နေတော့၍ ဦးဒီပါခေါင်းတညိတ်ညိတ်လုပ်ကာ ပြုံးသည်။ ပြီးမှ . . .

"နေပါဦးကွာ. . . ငါ မိန်းမယူမယ်လို့ပြောတာကို မင်းစိတ်ထဲမှာ ဘယ်လိုမှ မခံစားရဘူးလား၊ ဟိုလေကွာ. . . သား သဘောမတူနိုင်ဘူးတို့ ဘာတို့ပေါ့. . ."

"အာ. . . အဖေယူတာ. . . သားယူတာမှမဟုတ်ပဲ. . . ဘာဆိုင်လို့လဲ. . ."

"ဟာ. . ဒီကောင် ဝတ္ထုတွေဘာတွေ မဖတ်ဘူးနဲ့တူတယ်၊ ဗီဒီယိုဇာတ်လမ်းတွေထဲမှာလဲပါတယ်လေကွာ၊ မိဘတွေ နောက်အိမ်ထောင်ပြုကြလို့ သားသမီးတွေနဲ့ အပြန်အလှန် ညှိကြ ပြောဆိုကြတာ မင်းသားမင်းသမီးက သားသမီးအခန်းကပါရင် မျက်ရည်တွေနှပ်ချေးတွေထွက်ပြီး အမေ့နေရာ အစားမထိုးနိုင်ဘူးတို့ အဖေ့နေရာ အစားမထိုးနိုင်ဘူးတို့ ဘာတို့ပေါ့ကွာ. . ."





အဲ့သလိုဆိုတော့လည်း ဟုတ်တော့ဟုတ်သားဟု မိုးဆွေ တွေးကြည့်သည်။ သို့သော် သူ့စိတ်ထဲ နည်းနည်းထူးဆန်းတာကလွဲပြီး ဘာမှထူးပြီး မခံစားရတာ သူအသိကြီး။ အမှန်အတိုင်းပြောရရင် အဖေ့လိုလက္ခဏာပါးနေတဲ့ ဒုက္ခိတကြီးကို မျက်လုံးအကောင်းကြီးနဲ့ ဒေါ်လဲ့က ဘာကြည့်ပြီးကြိုက်မှာတဲ့တုန်း။

ဒါကို အဖေကပဲ စဉ်းစားဦးမတဲ့ ရယ်တောင်ရယ်ချင်သေး။ အခုဆို အဖေ့အသက်က ငါးဆယ်စွန်းစွန်း၊ ဒေါ်လဲ့က ရှိလှမှ သုံးဆယ်ကျော်. . .။ ပြောမယ်ဆို သိပ်အလှကြီးမဟုတ်ပေမယ့် အတောင့်ကြီးအဖြောင့်ကြီးမို့ အဖေ့ထက်သာတာ ဆယ်ပြန်အပြန်တစ်ရာ ကျိန်းသေရှာလို့ရနေတဲ့ဟာ ဘယ့်နှယ်. . .။

"ဟော့. . . မိုးဆွေ. . ."

"ဗျာ. . ."

သူ လန့်ကာ အတွေးပြတ်ပြီးကြည့်၍ အဖေက . . ."

"ငါမေးနေတယ်လေ. . . မင်း ဘယ်လိုမှမခံစားရဘူးလား. . ."

"ဟင့်အင်း. . ."

"ဟကောင်ရ. . . မင်းအမေနေရာမှာ ဝင်အိပ်မှာနော်. . ."

"အင်း. . . အင်းလေ. . ."

"မိုးဆွေ. . ."

"ဗျာ. . . အဖေ. . ."

"မင်း. . . မိဘနဲ့ပတ်သက်ပြီး ဘာ ဖီလင်မှမရှိဘူးလား၊ မရှိဘူးပဲထား ငါ့သား၊ မိန်းမထပ်ယူရင် မင်းအမေ မဟုတ်တော့ဘူး၊ မိထွေး . . . မိထွေး. . . ရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ရှင်းတယ် အဖေ"

"အေး. . . ရှင်းရင် နည်းနည်း မကျေမနပ်ဖြစ်တာမျိုးတော့ လုပ်လေကွာ"

"အဖေ. . . အဖေ မူးနေပြီထင်တယ်"

"ဘာကွ"

"ဟို. . . ထမင်းစားတော့မလား၊ သား ခူးလိုက်မယ်၊ ခဏ. . . ခ. . ."

"တော်. . . ငါမမူးဘူး၊ ငါ မစားသေးဘူး၊ ငါမေးတာ ဖြေဦး"

မိုးဆွေ. . . ခေါင်းကုတ်ပြီး မဝံ့မရဲဖြေသံနှင့် . . .။

"သား. . . သား. . . အဖေ့ကို တစ်သက်လုံး ချစ်ကြောက်ခဲ့ရတာပါ အဖေရယ်၊ သားက ဘာကို မကျေနပ်ဘူးလို့ ပြောရမှာလဲ"

ဦးဒီပါ မျက်လုံးပြူးသွားရာကနေ မျက်မှောင်တစ်ချက်ကျုံ့ပြီး ငိုင်ကျကာသွားသည်။ ဒါလည်း ဟုတ်တာပဲ။ အဖေ မျက်နှာပျက်ရင် နေစရာမရှိအောင် ထိတ်လန့်ပြာလောင်နေတတ်တဲ့ကောင်က ဒီအဖေကို ဘာတွေများ စောဒကတက်ရဲမှာတဲ့လဲ။

ထို့နောက် ဦးဒီပါ အခုမှ မူးလာသလို ပင့်သက်အလေးကြီးရှိုက်ကာချပစ်လျက်. . .

"ထမင်းစားကြစို့ကွာ. . ."

●



မနက်ခင်းကတည်းက ကျောင်းချိန်တစ်ချိန်လုံး သူမ နေလို့မပျော်။ စိတ်ထဲ အပြစ်ရှိသလို ခံစားနေရခြင်းက ခင်ယုခိုင်တို့ပြောသလို အကဲပိုနေတာမဟုတ်။ ခင်ယုခိုင်နှင့် မေသဥ္ဇာကတော့ ပြဿနာ တစ်ခုလုံးအား ရယ်စရာအဖြစ်နှင့် စကားလုပ်ပြောရုံအဖြစ်နှင့် နေနိုင်ခဲ့ကြသည်။ ထင်းမီးသုံးသူအချင်းချင်းသာ မီးခိုးစပ်တာကို ကိုယ်ချင်းစာတတ်ပေလိမ့်မည်။ သူမကိုယ်တိုင်လည်း မရှိတဲ့ကြားထဲက ပွတ်သပ်ပြီး ကျောင်းတက်ကာ ပညာကို ကြိုးစားရှာနေရသူမို့လို့ တစ်နေ့က မိုးဆွေဆိုသောသူ ပြောသွားသောစကားအား ပြန်ကာကြားယောင်နေမိသည်။

"ဒါက ကျွန်တော့်အဖေ ဒုက္ခိတကြီးရဲ့ ချွေးနည်းစာစစ်စစ်ဆိုတာ ကျိန်ပြောရဲပါတယ်ဗျာ၊ မမှန်ဘူးဆိုရင် သွေးအန်သေရပါစေရဲ့လို့ တကယ်ပြောတာ၊ နောက်တစ်ခုက ဒီပိုက်ဆံဟာ ကျွန်တော်တို့သားအဖ နောက်ထပ် ဘယ်နှစ်ရက်မှန်းမသိတဲ့ရက်တွေအတွက် အဆက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ့် စားစရိတ်ပဲ"

အဲ့ဒီနေ့က သူမလိမ်ဘဲ တကယ် ရင်ထဲကစကားကို မရှက်မကြောက် ထုတ်ပြောသွားမှန်းသိလေလေ သူမကိုယ်တိုင် ဟိတ်ဟန်အပြည့်နဲ့ ချောင်ပိတ်တောင်းဆိုမိတာကို ဘာသာ မကျေမနပ်ဖြစ်မိလေလေဖြစ်ကာ သူမတစ်ယောက်တည်း အတန်းချိန်စောပြီး ပြန်လစ်လာခဲ့သည်။ ခင်ယုခိုင်တို့ကိုတော့ အိမ်မှာ ကိစ္စရှိလို့ဟု ပြောလာခဲ့ပါသည်။ အိမ်ကို တိုက်ရိုက်ပြန်လာတာမျိုးမဟုတ်။ ရူပဗေဒ စာသင်ဆောင်ဘက် မယောင်မလည်နှင့်ရောက်သွားကာ သူ့ကို ရှာဖွေခြင်းဖြစ်လေသည်။ သူမနှင့် ရင်းနှီးသူလည်းမရှိ၍ ရဲရဲဝံ့ဝံ့လည်းမရှာရဲ။ မေးလည်းမမေးရဲသောကြောင့် မတွေ့ဘဲ ပြန်လာခဲ့ရသည်။

တကယ်ဆို ခင်ယုခိုင်တို့ မေသဥ္ဇာတို့ပါ ဒီပြဿနာအတွက် အများဝန်ခံပြီး ပြန်ရှာကာပေးသင့်သည်။ သို့သော် သူတို့စိတ်ထဲမတော့ ဒါဟာ ဘာမှရေးကြီးခွင်ကျယ်မဟုတ်။ သူမတောင် မနက်က စိတ်ပူပြီး ပြောမိပါသေးသည်။

"ဟဲ့. . . ဟိုတစ်ယောက်တော့ ခံလိုက်ရပြီသိလား. . ."

ဒါက ကျောင်းကိုရောက်ရောက်ခြင်း မေသဥ္ဇာပြောလိုက်သော စကား။

"ဟေ. . . ဘယ်တစ်ယောက်လဲ. . ."

"မနေ့က အူတူတူကောင်လေ၊ အိမ်ရောက်မှ ငါ စာအုပ်တွေ ထုတ်တော့ စာအုပ်ကြားထဲက ငါ့ပိုက်ဆံတွေ ထွက်ကျလာတယ်လေ၊ ခစ်ခစ်ခစ် ငါတို့သုံးယောက် အတည်ပေါက်နဲ့ ဝိုင်းဖုပစ်တာ၊ လန့်ပြီး ထုတ်ပေးသွားရရှာတယ်၊ အဟတ်ဟတ်. . ."





"ဟယ်. . . သနားပါတယ်. . . မေသဥ္ဇာရယ်၊ ဒါဆို သူပြောသွားတာ တကယ်ပေါ့"

"တကယ်ရော ဘာဖြစ်လဲ၊ သွားပြန်ပေးနေရင် ဇာတ်လမ်းရပြီဆိုပြီး ဇယားလာကပ်နေဦးမယ်၊ နေပါစေ ဒီမှာတွေ့လား၊ သူနဲ့ကြုံရင် ပြန်ပေးလိုက်ဖို့ အဆင်သင့်ပဲ"

"မဟုတ်ဘူးလေ၊ ငါတို့လိုက်ရှာပြီး. . ."

"တော်တော်. . . နှင်းပွင့်၊ အာရုံနောက်တယ်၊ တစ်ရက်မကြုံ တစ်ရက်တော့ကြုံမှာပဲ၊ ကြုံမှ ပြန်ပေးလိုက်၊ အကဲပိုမနေနဲ့. . ."

နှစ်ယောက်စလုံး ခါးခါးသီးသီးတွေဖြစ်နေ၍ သူ ဆက်မပြောတော့ဘဲ ငြိမ်ကာနေရသည်။ မဟုတ်လျှင် မြင်းကမလှုပ် ခုံကလှုပ်ချင်နေပြီလား၊ ဟိုက သနားကမားလေးလေဆိုတာတွေ ပါလာတော့မည်။

ထို့ကြောင့် သူမဘာသာ တစ်ယောက်တည်း ဖြေရှင်းလို့ရလိုရငြား ထွက်လာမိခြင်းဖြစ်တော့သည်။

"သမီး မျက်နှာလည်းမကောင်းပါလား၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်၊ နေပြင်းလို့ နည်းနည်းနုံးသွားတာပါ၊ ဩော် . . . အမေ ဒီနေ့ ညနေဈေးတန်းလျှောက်ဦးမလား"

"သမီး သွားချင်လို့လား"

"အင်း. . ."

"ဒီတစ်ခါ သတိထားဆွဲသမီးရေ၊ အလုံးလိုက်ပါလာလို့ပေါ့၊ ကွင်းလုံးကျွတ်ပါလာရင် ဒုက္ခ"

"ဟာ. . . အမေကလည်း. . ."

သားအမိနှစ်ယောက် ဟိုတစ်ခါဖြစ်ပုံပြန်ပြောရင်း ပြုံးကြသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ အပြုံးက နုံးခွေခွေ။ သူပြောတဲ့အတိုင်းမှန်ရင် သူတို့သား အဖ ဘာနဲ့စားကြမလဲ။ ဒီနေ့ သူ့ကို ရှာလို့မတွေ့တာ ပိုက်ဆံမရှိလို့ ကျောင်းတောင် မတက်နိုင်တော့တာလားဟု တွေးမိတွေးရာ တွေးကာ ညနေ သူနဲ့ဆုံပါစေ. . . ဟုသာ ဆုတောင်းနေမိလေတော့၏။

●



မနက်က ထမင်းချိုင့်မပါဘဲ ကျောင်းရောက်သွားသဖြင့် မိုးခွေ အတန်းချိန်ကုန်အောင် မနေနိုင်တော့ဘဲ စောစောပြန်လစ်လာခဲ့သည်။ အိမ်ရောက်မှ မနက်က ချန်ထားခဲ့သော ငပိရည်ကို ထမင်းကြမ်း ဇလုံထဲ လောင်းထည့်၊ ငရုတ်သီးမှုန့်ထပ်ဖြူး၊ ပုလင်းထဲ အကပ်အသပ်ကျန် နေသော ဆီလေးဆမ်းကာ နယ်ဖတ်စားပစ်လိုက်သည်။ မရှိတော့လည်း မရှိသလို စားတတ်သည့် အလေ့အကျင့်က ရှိပြီးသားမို့ ကြက်သွန်နီလေး တချပ်ချပ်ဝါးတို့ရင်း ထမင်းတစ်ဇလုံ ပြိုက်ကနဲ ကုန်ကာသွားလေသည်။ လူလည်း နေသာထိုင်သာရှိသွားသည်။

နာရီကိုလှမ်းကြည့်တော့ နှစ်နာရီ ညနေစာနှင့် နောက်တစ်နေ့ မနက်စာ ဘာမှန်းမသိ၍ အဖေ့ဆီ လိုက်သွားကြည့်ဖို့ စိတ်ကူးကာ ရေတစ်ဝသောက် ဗိုက်ကလေးရှေ့ပစ်ပြီး ထွက်လာခဲ့ပါသည်။

“ထီးနဲ့ဖိနပ်မပါ နွေအခါမှသိသလို ဒါနနဲ့သီလမပါ သေခါမှ



www.burmeseclassic.com

www.burmeseclassic.com



သိသတဲ့. . . အို. . . သူတော်ကောင်းတို့၊ လျှုကြဗျ. . . ကြုံတောင့်ကြုံခဲ တစ်နှစ်မှာတစ်လ. . . တစ်လမှာမှ တစ်ရက်တည်း. . . ဟောဒီ. . . ကထိန်ပွဲကြီးမှာ. . . ငါတို့လှူမယ်. . . လို့ စိတ်ကဖြစ်ရုံနဲ့ ပုဗ္ဗစေတနာပါ. . . နော်. . . လှူလိုက်ပါ. . . တစ်ကျပ်တစ်ပြား အမြတ်ထားပြီး ပြတ်ပြတ်သားသား လှူလိုက်တယ်ဆိုရင်ပဲ မုဥ္စစေတနာဖြစ်ပါတယ်၊ အေး. . . ငါတို့တော့ လှူလိုက်ရတယ်ဟဲ့လို့ ပီတိစိတ်ကလေး လွှမ်းလာတယ် ဆိုရင်ပဲ ပရစေတနာဖြစ်ပါတယ်လို့ . . . နော် . . . အဲ့ဒါကြောင့်. . . ကျွန်တော်များ အကျိုးတော်ဆောင်အဖွဲ့ကနေပြီး တော့. . ."

ငမိုးရိပ်ဘက်ခြမ်း (၄)လမ်းထိပ် အလှူခံမဏ္ဍပ်ဆီက လွှင့်ပျံ့ ထွက်ပေါ်နေသော အဖွဲ့အသံကို သူ နားစွင့်ရင်း တငုံ့ငုံ့ လျှောက်လာခိုက်. . .

"ဟေ့. . . မိုးဆွေ. . ."

လှည့်ကြည့်လိုက်တော့ ကိုငွေဝင်းတို့ဇနီးမောင်နှံ. . .

"ဟာ. . . အစ်ကိုကြီး. . . ဘယ်လဲ. . . ဆိုင်လား. . ."

"အေးလေကွာ. . . လာလေ. . ."

"ဟုတ်. . . ကျွန်တော့်အဖေဆီ ခဏ. . ."

"လာစမ်းပါကွာ၊ မင်းအဖေ မဏ္ဍပ်ထဲကနေ ဘယ်မှ ထွက်မပြေးဘူး၊ လာ. . . မင်းကို. . . ငါ ပြောစရာရှိလို့. . ."

ဆိုတော့လည်း သူ မငြင်းနိုင်ဘဲ လိုက်ပါလာခဲ့သည်။ ကိုငွေဝင်း ကို အစ်ကိုကြီးဟုခေါ်နေသော်လည်း အမေနှင့် အသက်ချင်း အတူတူဖြစ်လောက်သည်။ ကိုငွေဝင်းက ဗေဒင်ဆရာလည်းဖြစ်၊ လမ်း





ထဲက မိုးဆွေတို့အရွယ် လူငယ်တွေနှင့်လည်း ပေါင်းသင်းဝင်ဆန့်ကာ ပျော်ပျော်နေတတ်သူ. . .။ အဖေကမှ ခြေတစ်ဖက်ပဲမရှိတာ၊ ကိုငွေဝင်းက ကိုယ်တစ်ခြမ်းသေပြီးရှိလျက်နှင့် ခြေတစ်ဘက် လက်တစ်ဘက်က သုံးလို့မရ။ သို့သော် သုံးလို့ရသော တစ်ခြမ်းတည်းနှင့် မိသားစုဘဝအား ရုန်းကန်ရှာဖွေပေးနေရ သူဖြစ်သည်။

ထို့ကြောင့် အဖေနှင့် မသန်စွမ်းသူအချင်းချင်း ကိုယ်ချင်းစာမိသည်ကတစ်ကြောင်း၊ သူနှင့်ဆုံရတိုင်း ဘဝအတွက် ခွန်အားဖြစ်စေမည့် စကားများကိုသာ ကြားရသည်တစ်ကြောင်းကြောင့် မိုးဆွေ ခင်မင်နေခြင်း ဖြစ်လေသည်။

"မင်း ဘာသောက်မလဲ. . ."

"ဟာ. . . ကျွန်တော် အခုပဲ ထမင်းစားလာတာ"

"သောက်ပါကွာ. . . ငါ ဒီနေ့ အခန်းဖွင့်ကတည်းက ညည်းသည်ကျတာ၊ စောစောကမှ ညည်းသည်ပြတ်လို့ ထမင်းထစားရတယ်၊ စန္ဒာ လက်ဖက်ရည် သုံးခွက်မှာလိုက်. . ."

သို့နှင့် ကိုငွေဝင်းဇနီးသည် မစန္ဒာက လက်ဖက်ရည်လှမ်းမှာကာ ပေး၍ သူလည်း အေးနေလိုက်တော့သည်။

"မင်းအဖေကိစ္စ ပြောမလို့"

"ဗျာ. . . ဟုတ်. . ."

အဖေ့ကိစ္စဆို၍ သူ မျက်လုံးကျယ်ကာ နားစွင့်သည်။

"မင်းအဖေ မိန်းမယူတော့မယ်ကွ၊ အဲဒါ မင်း. . . သိလား"

"ဟုတ်. . . အဖေ ပြောတော့ပြောတယ် အစ်ကိုကြီး၊ ဒေါ်[illegible]နဲ့ လို့တော့ ပြောတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒါပဲ၊ မင်း အဲ့ဒီကိစ္စ ပျက်အောင်ဖျက်ကွာ. . ."

"ဗျာ. . ."

"ဗျာမနေနဲ့. . . ဒီမှာ ငါပြောပြမယ်၊ (၅)လမ်းထဲက ပွဲစား မောင်ငြိမ်းကို မင်း သိတယ်မဟုတ်လား"

"အင်း. . . သိတယ်၊ ဟိုတစ်လောကတောင် မင်္ဂလာစုံတွဲပေါက်တယ်ဆိုလား. . ."

"ဘယ်ကလာ. . .'. . . . .' တွေ၊ လိုင်စင်လုပ်ပေးမယ်ဆိုပြီး ဘတ်ထားတာ၊ အဲ့ဒါလည်း မလဲ့က ယူပါ့မယ်ဆိုပြီး ချူချထားတာ၊ ကုန်ပြီ၊ မောင်ငြိမ်း အခု ဖွတ်ဖြစ်တော့ မလဲ့က ခွာထုတ်လိုက်တယ်၊ မောင်ငြိမ်းကလည်း ရှိသမျှ ပုံအောထားတာဆိုတော့ လုံးဝ အခွာမခံဘူး၊ မောင်ငြိမ်း ငပွေးမှန်းသိလို့ လေးလုံးကိုက်မှာကြောက်ပြီး မလဲ့ကလည်း ယူမှာမဟုတ်ဘူး၊ အခု မင်းအဖေကို အီစီကလီလုပ်နေတာ အတည်လို့ မထင်လိုက်လေနဲ့ကွ၊ မောင်ငြိမ်းရဲ့ဒေါသကို မင်းအဖေဆီပို့နေတာ၊ မင်းအဖေနဲ့ ဘာညာဆိုတဲ့အသံကြားလာရင် မောင်ငြိမ်းကလည်း ကြိတ်မှာပဲ၊ ဒီကောင် ရိုက်မှုနဲ့ ထောင်ကထွက်လာတာ ဘာကြာသေးလို့လဲ၊ ဒီတစ်ခါပြန်ဝင်ရင် လိမ်လည်မှုရော ရိုက်မှုပါပေါင်းပြီး အရောက်ပို့ဖို့ မလဲ့ ချောင်းနေတာ၊ မင်းအဖေက ခါးစာခံဖြစ်သွားမယ်ကွ၊ ရှင်းလား၊ အဲ့ဒါကြောင့် မပျက်ပျက်အောင်ဖျက်လို့ ငါပြောနေတာ၊ လွှက်ရည်တွေ အေးကုန်ပြီ. . . သောက်လိုက်ဦး"

"ဟုတ်. . . ဟုတ်. . . အစ်ကိုကြီး"

ဟုတ်. . . ဟုတ်ဟုပြောပြီး လွှက်ရည်ကို တကုတ်ကုတ် မော့ချနေသော မိုးဆွေကိုကြည့်ကာ ကိုဌေးဝင်းတို့လင်မယား ပင့်သက်ရှိုက်ကြ





သည်။ ဒီကောင်လေးရဲ့ ရိုးသားအေးဆေးမှုက လမ်းထဲမှာ နှစ်ယောက်မရှိဘူးဆိုတာ သူတို့လင်မယား သိပါသည်။ ထို့ကြောင့်လည်း မိန်းမလည်တစ်ယောက်၏ လှည့်ဖျားမှုအောက် သားအဖနှစ်ယောက် ရှိပြီးသားဆယ်ပေ ပေလေးဆယ် ခြံကွက်လေးပါပျောက်ပြီး လမ်းဘေးရောက်ကုန်မှာ စိုးရိမ်နေကြခြင်းဖြစ်သည်။

မလဲ့ကို အကြောင်းမသိတဲ့သူကသာ နာမည်အမှန်အတိုင်းခေါ်ကြပြီး အကြောင်းသိတွေက 'မလည်'ဟု ခေါ်ပါသည်။ လည်သမှ ဂျင်ပေါက ထုံး၊ တစ်ဈေးလုံးက မလဲ့ကို သတိထားဆက်ဆံကြရသည်။ ဈေးသည်အချင်းချင်း မဲတွေစုကြသည်။ သူ့အလှည့်မရောက်မချင်းတော့ မဲကြေးမှန်ပါသည်။ သူငွေထုတ်အလှည့်ပြီးလျှင်တော့ ဗြောင်ကို ရှူးချင်ယောင်ဆောင်ကာ မထည့်တော့၍ မဲစုသူတွေ မလဲ့ဆိုလျှင် ဟင်. . . တော်ပါပြီ။

ဈွာလည်းအတော်စွာသည်။ ဈေးထဲမှာ ကြမ်းပေ့ဆိုသော ဝက်သားသည် ဒေါ်ခီးကို အပြတ်တီးပြီးကတည်းက ဘယ်သူမှ မော်မကြည့်ရဲ။ ဈေးအောက်ပိုင်းမှာ လော့်လို့မရတော့ ဈေးအပေါ်ထပ်တက်ကာ ရွှေဆိုင်တွေနှင့်ဝင်လုံးသည်။ တန်ဖိုးတစ်ဝက်ချေနိုင်လျှင် မှတ်ပုံတင် အပ်ထားပြီး ကျန်တဲ့ငွေကို အရစ်ကျချေစနစ်နှင့် ရွှေလုပ်ဝတ်လို့ရသဖြင့် မလဲ့ ရွှေ တစ်ဆင်ဆာလုပ်ဝတ်သည်။

တစ်ဆိုင်တည်းမှာတော့မဟုတ်။ ဒီဆိုင်မှာ နားကပ်၊ ဟိုဆိုင်မှာ ဆွဲကြိုး၊ ဒီဘက်ဆိုင်မှာ လက်ကောက်၊ နောက်တစ်ဆိုင်မှာ လက်စွပ်ဆိုတာမျိုး။ အားလုံးကို တစ်ဝက်ကြေးပေး၊ မှတ်ပုံတင်ပေးထားပြီး လုပ်ယူလာခြင်းဖြစ်သည်။ မှတ်ပုံတင်ကို ကာလာမိတ္တူ။ ဘယ်နှစ်ခုယောင် ပွား



www.burmeseclassic.com

www.burmeseclassic.com



ထားသလဲတော့မသိ။ ကျန်သော အရစ်ကျဆပ်ငွေ လာမပေး၍ ဆင်းတောင်းကာမှ ပြဿနာပေါ်တော့သည်။ ဒါလည်း မျက်နှာက အရှည်ထူထူပင်။ တစ်ဈေးလုံး ဘယ်သူကမှ မခေါ်လည်း ဂရုမစိုက်. . .။ သူ့ဆီ ဈေးလာဝယ်သော ဖောက်သည်တွေကတော့ မလဲ့မှ မလဲ့ပင်။ လဲ့လည်းလဲ့ချင်စရာ။ ကုန်ခြောက်ပစ္စည်းက သူ့ဆိုင်မှာ အလေးအသာဆုံးနှင့် ဈေးအမှန်ဆုံး။

ခေါက်ပြန်ပေးလည်း ရသည်။ အကြွေးဆိုလည်းရသည်။ မလဲ့က ဈေးသည်အချင်းချင်းသာ ဖျကျချင်ကျ၊ ကြမ်းချင်ကြမ်းမည်။ သူ့ဆိုင်လာဝယ်သော ဖောက်သည်ကိုတော့ အချိုကြီးချိုကာ အလျှော့ကြီးလျှော့တတ်သူ။ တစ်ချို့ ကြွေးယူသွားပြီး လာမဆပ်ဘဲ တစ်ခြားဆိုင်ပြောင်းဝယ်သူလည်းရှိသည်။ သူ့ရှေ့က ဖြတ်သွားဖြတ်လာရှိနေပစေဘယ်တော့မှ အော်မတောင်း။

'အစ်မရေ. . . မဝယ်တော့ဘူးလား. . . ဟင်' ဆိုတဲ့ မျက်နှာချိုလေးနှင့် နှုတ်ဆက်ရုံအပြင် ပိုမရှိပေ။ ဆိုတော့လည်း ဝယ်သူစားသုံးသူဘက်ကတော့ အလဲ့ကြီး လဲ့ကုန်ကြတော့သည်။ မလဲ့ကို မိန်းမလည်လူလိမ် ဟုပြောလျှင် ဘယ်စားသုံးသူကမှ မယုံကြည်။ အခုလည်း သူတို့လင်မယား ပြောပြလို့သာ မိုးဆွေ ကြားလိုက်ရသည်။ မယုံကြည်နိုင်သောမျက်လုံးနှင့်မျက်နှာကို အထင်းသား တွေ့နေရ၍ မစန္ဒာက . . .

"မောင်လေးရဲ့. . . နင့်အစ်ကိုပြောတာ အမှန်ပဲ၊ ငါလည်း ဈေးထဲမှာ ငွေတိုးပေးနေတာဆိုတော့ သူ့အကြောင်း နောကြေနေအောင်သိတယ်ဟဲ့၊ အမှန်တော့ အဲဒီမိန်းမက လောင်းကစားက ဒုက္ခပေးနေတာ၊



BURMESE CLASSIC .com



ဖဲဆော့တယ်၊ '. . . . . . . .' လုံးထိုးတယ်၊ ငွေမက်ပြီး လောဘကြီးတော့ အချိုကြီး တွေထိုးပစ်တာ၊ အခုလည်း နင့်အဖေကို မယူရသေးဘူး၊ ငါတို့လမ်းထဲက ခြံကွက်တွေ ဘယ်ဈေးပေါက်လဲ မေးနေတယ်၊ ငါ့အထင်တော့ သူတို့ လက်မှတ်ထိုးပြီးတာနဲ့ နင်တို့သားအဖကို သူတို့သားအမိငှားနေတဲ့အိမ်ပေါ်ကို ခေါ်တင်မှာပဲ၊ ပြီးရင် နင်တို့ခြံလေးကို ပေါင်ချင်ပေါင်မယ်၊ ရောင်းချင်ရောင်းမယ်၊ အဲ့ဒါကုန်ရင် နင်တို့သားအဖလည်း လစ်တော့ပဲ"

"အေးလေကွာ. . . ငါတို့ကတော့ ကိုယ့်လမ်းသားအချင်းချင်း ဝတ္တရားရှိလို့ အခြေအနေမှန်ကို ရှင်းပြပြီးပြီ၊ မင်းလည်း ပညာတတ်တစ်ယောက်ပဲကွာ၊ ကိုယ့်ဘာသာ စဉ်းစားဆင်ခြင်ပြီး လုပ်သင့်တာလုပ်ပေါ့ဟုတ်ပြီလား"

ဒီတော့မှ ကျောက်ရုပ်လိုငြိမ်နေသော မိုးဆွေ လှုပ်လာပြီး. . .

"အစ်ကိုကြီးတို့သတိပေးတာ ကျေးဇူးတင်ပါတယ်၊ အားလုံးအမှန်တွေချည်းပဲဆိုတာ အစ်ကိုကြီးစိတ်ခါတ်ကိုကြည့်ပြီး ယုံကြည်ပါတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်တုန်း. . ."

"ကျွန်တော် အဖေ့ကိုကြောက်တယ်. . ."

"ဟော. . ."

"အဖေ့သဘောဆန္ဒနဲ့ ကျွန်တော် တစ်သက်လုံးနေလာခဲ့ရတော့ အခုလည်း အဖေသာ ဆုံးဖြတ်ပြီးပြီဆိုရင် ကျွန်တော် မကန့်ကွက်ရဲလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကွာ. . . အေး. . . ဒါတော့. . . မင်းထိုက်နဲ့မင်းကံပဲ၊ ကဲ. . . ကဲ. . . မင်းအဖေဆီ သွားမလို့ဆို"

"ဟုတ်. . ."

"ကဲ. . . သွား. . . ဟူး. . . လိမ္မာလိုက်တဲ့သားကွာ. . . ချီးပဲ. . ."

■



## အခန်း (၄)

စံပြဈေးပတ်ဝန်းကျင်၏ ဆောင်းဦးညနေသည် လာနီညာရာသီဥတုကြောင့်မဟုတ်ပဲ ကိုယ့်သောကနှင့်ကိုယ် ပျားပန်းခတ်မျှ ပူလောင်နေကြသည်ဟု ပြောလျှင် ပို၍မှန်ပါလိမ့်မည်။ ညနေငါးနာရီကျော်ပြီဖြစ်ကာ ပင်မဈေးရုံကြီး ပိတ်သိမ်း၍ ဈေးပတ်ပတ်လည်ရှိ လေးထောင့်ကန်လမ်း၊ သံသုမာလမ်းနှင့် ငမိုးရိပ်လေးလမ်း၊ ဦးတင်ဦးလမ်းကြားတို့ လေးထောင့်စပ်ကာ ပေါင်းဆုံ စည်ကားစပြုချိန် ဖြစ်သွားသည်။

နှင်းပွင့်တို့သားအမိ ဘူတာရုံမှထွက်ကာ ရွှေရည်လမ်းထိပ်ဘက် ဖြတ်ကာကူးခဲ့သည်။ ရွှေနန်းရှေ့က ဖြတ်လျှောက်ကာ ဦးတင်ဦးလမ်းကြား ထိပ်ကိုလွန်သည်နှင့် ပလက်ဖောင်းစောင်းပေါ် နံရံထောင်ပြီး ရောင်းချနေသော အထည်တန်းကို ငေး၍လာခဲ့သည်။ မီးပွိုင့်ထောင့်မှ အကြော်ဆိုင်၊ အသုပ်ဆိုင်၊ တုတ်ထိုးဆိုင်များအား မကြည့်လည်းအနံ့က သင်းပျံ့စွာ မြူဆွယ်သဖြင့် မမြင်ဟန်ဆောင်ကာ လေ့[illegible]ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သံသုမာလမ်းဘက် ပလက်ဖောင်းအတိုင်းလျှောက်ရင်း သစ်သီးတန်းကို ငေးလာခိုက် သူမဘေးမှ ပွတ်ကာသီကာ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားသောသူကို တွေ့မြင်ကာ ရင်ထဲ ဒိန်းခနဲမြည်၍ လှမ်းခေါ်မိမလိုတောင် ဖြစ်သွားသည်။ သူ့လက်ထဲက လက်ဆွဲ ပတ္တူအိတ်အစိမ်းလေးကိုလည်း သူမ မှတ်မိနေ၍ မိုးဆွေဆိုတာ သေချာသည်။

"အမေ. . . မြန်မြန်လျှောက်ရအောင်. . . "

"ဖြည်းဖြည်းပေါ့သမီးရယ်၊ ဟိုဘက်ရောက်ရင် ဘေထုပ်သည်တွေ အများကြီး. . . "

"များပေမယ့် အထည်ကောင်းလေးတွေ လွတ်ကုန်မှာပေါ့ အမေရဲ့"

"ကဲ. . . ကဲ. . . လာ. . . လျှောက်. . . "

လျှောက်ဆိုတော့လည်း ညနေ အလုပ်ပြန်ချိန်ဖြစ်ကာ ဈေးမှတ်တိုင်မှာ ကားတစ်စီးရပ်တိုင်း သွန်ချသလိုဆင်းလာသော လူတွေကြောင့် ထင်သလောက်တိုးမပေါက်။ လှမ်းကြည့်လိုက်တော့ ရှေ့တစ်ဆိုင်ကျော်လောက်မှာ သူလည်း လူတိုးနေရသဖြင့် လှမ်းမြင်နေရသေးသည်။ ကြိုးစားပြီး တိုးကာလျှောက်သည်။

"အမလေးတော် ငုတ်တုတ်သာထိုင်မိရင် တက်နင်းသွားမလားမသိဘူး"

"ကန်တော့. . . ကန်တော့ပါ. . . အဒေါ်ရယ်"

"အောင်မာ. . . ငါက ကန်တော့ရအောင် နင်က ဘာကောင်မမို့လို့လဲ"

"မဟုတ်ဘူး. . . သမီးက ကန်တော့ပါလို့ တောင်းပန်တာပါ"





"ဟင်. . . ကြည့်လုပ်နော်၊ ဒီမှာ ဈေးဦးမပေါက်ရတဲ့အထဲ"

ထို့နောက် သားအမိနှစ်ယောက် ခပ်သုတ်သုတ် လှည့်ထွက်လာပြီးမှ သူမ လှမ်းကာ ရှာကြည့်သည်။ မရှိတော့. . . မတွေ့တော့. . . ။ ဘယ်ရောက်သွားပါလိမ့်. . . ငါ့နှယ်။

"အဲဒါကြောင့် အမေက ဖြည်းဖြည်းသွားလို့ပြောတာ၊ ဒီကဟာတွေက ပလက်ဖောင်းပေါ် စည်းမဲ့ကမ်းမဲ့ရောင်းပြီး စည်းမရှိကမ်းမရှိပြော တတ်ပါဘိသနဲ့"

"အင်းပါ အမေရယ်၊ သမီးလည်း ဖြည်းဖြည်းပဲ သွားပါတော့မယ်"

မြန်မြန်သွားလည်း မတွေ့နိုင်တော့ဟု စဉ်းစားမိကာ စိတ်လျှော့လိုက်ခြင်းလည်းဖြစ်သည်။ အတွေးထဲမှာတော့ သူ ဘယ်ကိုသွားပါလိမ့် အဆင်ရောပြေရဲ့လားဆိုသော ပူပန်မှုက ကျန်နေဆဲ. . . ။

●



www.burmeseclassic.com

www.burmeseclassic.com

မိုးဆွေ လေးလမ်းကြားထဲဝင်လာပြီး လူရှောင်ရင်း တိုးရင်း ခြေ ဖျားလေးထောက်ထောက်ကာ လှမ်းကြည့်သည်။ ဒေါ်လှဲ့ ကုန်ခြောက်ဆိုင် မသိမ်းသေးပဲ ရှိနေတာမြင်မှ စိတ်လျှော့ချကာ ခြေလှမ်း အမြန်နှုန်းတွေပါ လျှော့သွားသည်။ စိတ်ထဲမှာလည်း လေးသလိုကြီးဖြစ်လာကာ အဆင်မှ ပြေပါ့မလားဆိုသော စိုးရိမ်မှုဖြင့် ဆိုင်နားရောက်သွားမှာတောင် ကြောက်နေသည်။

ဒီနေ့ အဖေ ဘယ်ကမှ ငွေရပေါက်ရလမ်း အဆင်မပြေ။ ထို့ ကြောင့် ညနေစာနှင့် မနက်စာ သို့မဟုတ် တစ်ရက်စာအတွက် ဒေါ်လှဲ့ ဆိုင်ကနေ ဘဲဥ၊ ငါးခြောက်၊ ခေါက်ဆွဲ၊ ကြာဇံ အဆင်ပြေတာ ဝယ်ရ မည်။ ထုံးစံအတိုင်း အကြွေးယူရမှာဖြစ်သော်လည်း ဒီလောက်က ဘာ ပြဿနာမှမရှိ။ ခါတိုင်းလည်း ယူနေကြ ဆပ်နေကြဖြစ်ကာ အသာ တကြည့်ပေးမှာ သေချာသည်။ ခုကိစ္စက ဟင်းစား အကြွေးယူပြီးသည့်





အပြင် ငွေသုံးထောင်လောက် အလွတ်ချေးယူလာဖို့ အဖေ မှာလိုက် သည်။ အဖေကဟု အစချီကာ ပြောရမှာဖြစ်သော်လည်း တစ်ခါမှ မပြောဘူး မယူဘူး၍ နှုတ်ဆွံ့ကာ အတော်ပင် ထူထူပူပူဖြစ်ကာနေလေ သည်။

"ဟဲ့...မိုးဆွေ..."

သူ...ဆိုင်နားမှာ ပေစောင်းစောင်းနှင့် ရပ်နေတာကို ဒေါ်လှဲ့မြင်ကာ လှမ်းခေါ်ခြင်းဖြစ်သည်။

"လာလေ...ဘာယူမလဲ..."

"ဟုတ်...ဟို...ညစာနဲ့ မနက်ဖြန်...အဲဒါ..."

"အမလေး...ဒါများ...လာ ငါသိမ်းတော့မှာ၊ ဘာယူမလဲ ကြည့်၊ ငါးခြောက်တွေ ကောင်းတယ်ဟဲ့၊ ကတ်သရောင်းခြောက်တွေ နင့်အဖေအကြိုက်ပဲ၊ ဒီနေ့မှ ထပ်ရောက်တာ"

"ဟုတ်...အဲ့ဒါ တစ်ဆယ်သားလောက်..."

"အစိတ်သားယူသွား..."

ပြောပြောဆိုဆို ဒေါ်လှဲ့ ဖိုးဖိုးဖပ်ဖပ်ဆွဲယူကာ ချိန်ထည့်ပေး လိုက်သည်။

"နောက်ကော..."

"ဘဲ...ဘဲဥ..."

မိုးဆွေ ဘာမှမပြောနိုင်သေးခင် ဘဲဥငါးလုံး ကြက်ဥငါးလုံးအား ကြွပ်ကြွပ်အိတ်ထဲ ကောက်ရိုးခံကာ ထည့်ထုပ်လေသည်။

ဟင်းစားကတော့ အတော်နိုင်သွားပြီဟု သူတွေးကာ မျက်စိ မှိတ်ပြီး အချိုမှုန့် အိုးသေးတစ်ထုပ် ဆီနှစ်ဆယ်သား ထပ်ယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ...

"အဒေါ်... ဟို... ဟိုလေ..."

"နင်... ဒီနေ့ ဘာဖြစ်နေတာလဲ မိုးဆွေ၊ ဘာလဲ နင့်အဖေ ရိုက်ထားလို့လား"

"မဟုတ်ပါဘူး အဒေါ်ရယ်၊ ဟိုလေ..."

မိုးဆွေ ပြောမထွက်ဘဲ ပါးစောင်နားက ယားသလိုလို ကျော ကုန်းကပဲယားသလိုလို ဖြစ်လာကာ ယောင်န ကုတ်ဖွဲ့နေခိုက် ဒေါ်လှ က...

"နင့်အဖေ ပိုက်ဆံပြောခိုင်းလိုက်တာ မဟုတ်လား"

"ဗျာ... အင်း... အဟဲဟဲဟဲ... အင်း..."

သူ အားနာနာနှင့် ခပ်သွက်သွက်ပဲ ခေါင်းညိတ်ချလိုက်သည်။

"နေ့ခင်းက နင့်အဖေနဲ့ငါနဲ့ ဆိုင်မှာ ပြောပြီးပြီ၊ နင် ပိုက်ဆံ တစ်သောင်းကျော် အလိမ်ခံရတယ်ဆို..."

"ဟုတ်... အလိမ်ခံရတာတော့မဟုတ်ပါဘူး၊ သူတို့ကြည့်ရ တာလည်း တကယ်ပျောက်တဲ့ပုံစံနဲ့ တိုက်ဆိုင်သွားတာနေမှာပါ"

"နင် အခုအချိန်ထိ ရိုးတုန်းအ,တုန်း၊ ရော့... သုံးထောင်၊ ပိုက်ဆံမရှိလို့ ကျောင်းပျက်တာမျိုးမဖြစ်စေနဲ့၊ ပိုက်ဆံလိုရင် ငါ့ကိုလာ ပြော... ကြားလား..."

"ဟုတ်..."

"ကဲ... သွား... နင့်အဖေ ပိုက်ဆာနေတော့မယ်၊ မနက် ကလည်း ထမင်းစားမလာလို့ ငါ အသုပ်တစ်ပွဲ ကျွေးလွှတ်လိုက်ရ သေးတယ်၊ ဩော်... ကြက်ဥက နင့်အဖေကြိုက်လို့ ထည့်ပေးတာနော်၊





ငါ ဈေးဖိုးမှတ်ရင် ကြက်ဥဖိုးမပါဘူး၊ ကြားလား..."

"ဟုတ်... သွားပြီ... အဒေါ်..."

"အေး... အေး..."

သူထင်ထားတာနှင့် တက်တက်စင်လွဲအောင် အဆင်ပြေနိုင် လွန်း၍ အိပ်မက်ထဲ လမ်းလျှောက်သလို ဈေးလမ်းကြားမှ ပြန်ထွက်လာ ခဲ့သည်။ ကိုဝေးဝင်းတို့ပြောတာ နားထောင်ရတော့လည်း ကြောက်စရာ၊ ခုလိုချည်းကျတော့လည်း ချစ်စရာကြီးကိုဖြစ်နေ၍ မိုးဆွေ မတွေးတတ် မမြင်တတ်တော့ဘဲ ထိုကိစ္စအားလုံးမေ့ကာ (၆)လမ်းထိပ်ကဆိုင်ကို ရောက်ဖို့ တာစူလိုက်သည်။ ငွေသုံးထောင်ထဲက အဖေ့အတွက် ဘီအီး တစ်လုံးဝယ် ခြင်ဆေးခွေဝယ်၊ ည... မီးပျက်လျှင် သုံးဖို့ ဖယောင်းတိုင် တိုင်ကြီးနှစ်တိုင် လောက်ဝယ်၊ ပြီးတာနဲ့ အိမ်ကို တန်းပြန်၊ အဖေ့အတွက် စီစဉ်ပေးပြီး ညနေစာအတွက် ဘဲဥကြော်၊ ကြက်ဥကြော်၊ ငါးခြောက် ကတော့ မနက်ကျမှ ထောင်းကြော်လေးလုပ်၊ ထမင်းချိုင့်အတွက်လည်း အဆင်ပြေသည်ဟု တွေးကာ သွက်သွက်လျှောက်လာခဲ့တော့သည်။

"မိုးဆွေ..."

"ဟာ... မင်းဈေးဆွဲခြင်းအိတ်ကလည်း ဖောင်းလို့ကားလို့ပါ လားကွ၊ အမယ် ငါးခြောက်မြှောင်းကြီးကလည်း ထိုးထိုးထောင်ထောင်နဲ့၊ ဘာတွေများဝယ်သေးတုန်း... ကွ"

(၆)လမ်းဆိုင်ကပြန်အထွက် လမ်းတစ်ဖက်ကူးပြီး (၅)လမ်းထိပ် နားရောက်မှ လမ်းထဲက ကျော်ဦးတို့ စိန်သောင်းတို့နှင့် တိုးသဖြင့် သူ့ အိတ်ကလေး အသာ နောက်မှာကပ်ကာ ပြုံးပြလိုက်သည်။

"အောင်မာ... ဒီကောင် ဘာတွေပါလို့ အိတ်ကို နောက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ထားသလဲမသိဘူးကွ. . . စိန်သောင်း. . . "

"ပြစမ်းပါဦးကွ. . . နှိုက်မစားပါဘူး"

"အာ. . . ဆီ. . . ထုပ်ပါတယ်ကွ၊ တော်ကြာ ပေါက်သွားလို့. . . "

"ဟုတ်ရဲ့လား. . . မင်းဆီက စားဆီလား သောက်ဆီလား"

"စားဆီပေါ့ကွ. . . "

"ဟုတ်ပါ့မလား. . .။ မင်း (၆)လမ်းထိပ်ကဆိုင်ကို ညနေတိုင်းဝင်တယ်ဆိုတာ ငါတို့ သတင်းအတိအကျရထားလို့ လာစောင့်နေတာ၊ ပြ. . . စမ်း. . . "

မိုးဆွေ. . . ဟန်မဆောင်နိုင်လောက်အောင် ထိတ်ပျာသွားသဖြင့် စိန်သောင်းတို့ သက်ာမကင်းဖြစ်ကာ သူ့အိတ်ကို ဝိုင်းဆွဲကာကြည့်ကြသည်။ လက်မြန်သော ကျော်ဦးက အိတ်ထောင့်ကပ်ပြီး ထောင်ထည့်ထားသော ပုလင်းအား လှစ်ခနဲဆွဲထုတ်ယူသွားသည်။

"ဟာ. . . အဲ့. . . အဲ့ဒါ. . . မလုပ်နဲ့ကွာ. . . "

သူ အော်ဟစ်ပြီး လိုက်လုနေသည့်ကြားက ကျော်ဦး အဖုံးဖွင့်ကာ နမ်းကြည့်သည်။

"မိပြီ. . . စိန်သောင်းရေ၊ ဖောရှောပုလင်းကွ. . . အဟတ်ဟတ်"

"ဟေ. . . ဘယ်သူချဖို့လဲ. . . မိုးဆွေ"

"မဟုတ်ပါဘူးကွာ. . . နတ်. . . နတ်ဆက်မလို့ပါ"

"ဘာ. . . မင်းနတ်က နေ့တိုင်း ဖောရှောကစ်နေရအောင် ဘာနတ်မို့လို့လဲ"





"ခက်လိုက်တာကွာ. . . ပြန်ပေးပါ"

"မပေးဘူး. . . မင်းပြော၊ မင်းချတာလား. . . မင်းအဖေလား. . .။ မင်းအဖေ ဦးဒီပါတော့ မဖြစ်နိုင်ဘူးကွ၊ သူက မဏ္ဍပ်ထိုင်ပြီး တရားတောင် ဟောနေတာ. . . "

မိုးဆွေရင်ထဲ အောင့်နာတက်လာသည့်တစ်ချက် ထောင်းခနဲပွင့်တက်လာသော ဒေါသနှင့် ကျော်ဦး၏ ပုလင်းကိုင်ထားသောလက်ကို ခပ်ကြမ်းကြမ်း ဖမ်းဆုပ်ပစ်လိုက်သည်။ တစ်သက်လုံး အခုမှ တစ်ခါထွက်ဖူးသောဒေါသဖြစ်ကာ သူ့ကိုယ်သူလည်း အံ့သြသွားသည်။

"ငါ. . . သောက်တာကွာ. . . ဘာဖြစ်လဲ. . . "

"ဘာ. . . အဟားဟား. . . မင်းလိုကောင်က. . . "

ကျော်ဦး ရယ်မောနောက်ပြောင်ရင်း လက်ကို ရုန်းအထွက်လက်ထဲကပုလင်း အဖုံးပွင့်ကာ ထွက်ကျကုန်တော့သည်။ အရက်တွေဖိတ်ကုန်၍ မိုးဆွေ မျက်လုံးထဲ ဘာမှမမြင်တော့ဘဲ ကျော်ဦး၏မျက်နှာတည့်တည့်သို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်တော့၏။

●



www.burmeseclassic.com

www.burmeseclassic.com

အထည်ပုံရှေ့ထိုင်ပြီး သားအမိနှစ်ယောက် အထည်ရွေးနေတုန်း မိုးဆွေဟုခေါ်လိုက်သောအသံကို သူမ ပီပီသသကြားလိုက်ရသဖြင့် ချာကနဲ လှည့်ကာကြည့်မိသည်။ ဟုတ်သည်။ သူမှ သူအစစ်...။ သို့သော် သူတစ်ယောက်တည်းမဟုတ်။ သူနှင့် ရွယ်တူနှစ်ယောက်တို့ ရယ်ကာမောကာ ပြောဆိုနေကြသည်။ သူမ အထည်ရွေးသလို ဟန်ပြု၍ တစေ့တစောင်း သတိထားကြည့်ကာနေမိသည်။ အမေကတော့ အထည်ပုံထဲ ခေါင်းစိုက်မတတ် ဖွကာရွေးနေ၍ သူမအား သတိထားမိဟန်မတူပါချေ။

မိုးဆွေ ဟိုနှစ်ယောက်နှင့် ပြောဆိုပြီး ဒီဘက်ထွက်လာလျှင်တော့ သူ့ ထရပ်ကာ ထွက်ပြောနိုင်ဖို့ အဆင်သင့်ပြင်ကာ ဆောင့်ကြောင့်





ထိုင်လိုက်သည်။ ထိုအခိုက်မှာပင် ကောင်းပြီကောင်းလျက်နှင့် မိုးဆွေတို့ လုံးလားထွေးလားဖြစ်ကုန်ကာ သူမတို့အနီးအနားပင် ရောက်လာသည်။ သူမလည်း လန့်ကာ ထရပ်မိသွားသည်။

"ငါသောက်တာကွာ... ဘာဖြစ်လဲ..."

"ဘာ... အဟားဟား... မင်းလိုကောင်က..."

"ဟာ... ဖိတ်ကုန်ပြီကွ... ကဲ... ကွာ..."

"ခွပ်..."

"ဟင်... မင်း ငါ့ကို ထိုးတယ်..."

"ထိုးတယ်ကွာ... ခွပ်... ခွပ်..."

"အား... မင်း... ကဲ... ကွာ..."

"ခွမ်း..."

"အမလေး ဘာတွေလဲ...၊ အား အရက်တွေ၊ ဒုက္ခပါပဲ... နံကုန်ပြီ"

အမေ့ကိုယ်ပေါ်မှာရော သူမဆီမှာပါ၊ အရက်တွေ ဖိတ်စဉ်စိုရွှဲကုန်၍ အမေ လန့်အော်သော်လည်း သူမ ဂရုမစိုက်နိုင်။

ပုလင်းနှင့်ရိုက်သွား၍ လမ်းပေါ်မှာ ခွေကနဲလဲကျသွားသော မိုးဆွေဆီသာ အပြေးရောက်သွားသည်။

"ဟဲ့... သမီး... ဘာလုပ်တာလဲ၊ အမလေးနော်... ဒုက္ခပါပဲ"

"အမေ... လုပ်ပါဦး၊ ဒါ သမီးတို့ကျောင်းက သမီးသူငယ်ချင်း အမေရဲ့"

"ဟင်... ဘုရားရေ... သွေးတွေမနည်းပါလား..."



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်း. . . ဆေးခန်းပို့ရအောင်၊ ဆိုက္ကား. . . ဆိုက္ကား တစ်စီးလောက် လာပါဦး. . ."

●



မည်သို့ဆိုစေ မိုးဆွေကံကောင်းခဲ့ပါသည်။ အဖေ့အတွက် ဝယ်လာသော အရက်ပုလင်းကလွဲလို့ သူ့လက်ဆွဲအိတ်ထဲကပစ္စည်းနှင့် အိတ်ကပ်ထဲက လက်ကျန်ပိုက်ဆံလေး ဒီအတိုင်း ရှိနေပါသေးသည်။

ခေါင်းကွဲ၍ ချုပ်လိုက်ရသော ဒဏ်ရာအတွက် ဆေးဖိုးပိုက်ဆံရော ဆိုက္ကားခပါ နှင်းပွင့်တို့သားအမိ ရှင်းပေးကြသည်။ ဆေးခန်းက ပြန်ထွက်တော့ ဆိုက္ကားမငှားတော့ဘဲ ဈေးဘက်သို့ လမ်းလျှောက်၍ ပြန်လာကြသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ဘဝမှာ ဒါ ပထမဦးဆုံးအကြိမ် ရန်ဖြစ်ဖူးတာပါ၊ ဒေါသလည်း အခုမှ တစ်ခါပဲထွက်ဖူးတာပါ"

"အဲ့ဒါ ပြဿနာမရှိဘူး မိုးဆွေ၊ ရှင့်ဒဏ်ရာကြောင့် အိမ်ရောက်အောင်ရော ပြန်နိုင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



“ရတယ်. . . ကျွန်တော် ဘာမှမဖြစ်ဘူး. . .”

“ဩော်. . . ဒီမှာ သားရဲ့အိတ် အထဲမှာ ဆီထုပ်များပေါက်သွားသလားမသိဘူး”

“ရတယ်. . . ကျေးဇူးပဲနော်. . .”

“အေး. . . ငါတို့သားအမိလည်း အရက်သမားသားအမိ ဖြစ်ကုန်ပြီဟေ့၊ အနံ့တွေကို ထောင်းထောင်းထနေတာပဲ”

“အားနာပါတယ် အဒေါ်ရယ်၊ ဒီကောင်တွေ သက်သက်အနှောင့်အယှက်ပေးတာပါ။ ကဲ. . . ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဒီကျေးဇူးကို သေချာပေါက် ပြန်ဆပ်ပါ့မယ်ဗျာ. . . နော. . . သွားလိုက်ပါဦးမယ်. . .”

ပြောပြီးသည်နှင့် မိုးဆွေ လမ်းတစ်ဘက်သို့ ပြန်ကူးလာခဲ့သည်။ နာရီမပါပေမယ့် ခန့်မှန်းကြည့်ရသလောက် ခုနစ်နာရီကျော်ကျော်လောက်တောင် ရှိရော့မည်။ ဒီချိန် အဖေ ဘယ်လောက်တောင် ဒေါသူပုန်ထနေပြီ လဲဟုတွေးကာ (၆)လမ်းထိပ်ကဆိုင်ထဲ ခပ်သွက်သွက်ဝင်လာခဲ့တော့၏။



အနည်းငယ် ပူစပ်ပူလောင်ဖြစ်လာ၍ ခေါင်းကဒဏ်ရာကိုမေ့ပြီး ဆောင်းထားသော လျှာထိုးဦးထုပ်ကိုချွတ်ဖို့ပြင်ပြီးမှ သတိရကာ အသာ ပြန်ဖိဆောင်းထားလိုက်ရသည်။ ရင်ဘတ်ကြယ်သီးနှစ်လုံးပဲ လျှော့လိုက်သည်။

ကိုယ့်မေဂျာ ကင်(န်)တင်းမဟုတ်၍ မြင်မြင်သမျှ စိမ်းနေသလိုဖြစ်ကာ မှာထားသော လက်ရည်ကို ရေသောက်သလိုသောက်ချပြီး အပြင်ဘက် ငေးကာနေလိုက်သည်။

အဖေက ခေါင်းဒဏ်ရာကြောင့် ကျောင်းသုံးရက်လောက် နားလိုက်ဖို့ပြောပါသည်။ သို့သော် ရန်ဖြစ်ပြီးကတည်းက ကျောင်းတစ်ရက်မှ မပျက်သေး။ ဆေးခန်းမှာ မျက်နှာဝိုင်းလေး နာမည်က နှင်းပွင့်ဆိုတာသိပြီး သူတို့ကျောင်းမှာပဲ Botany ဒုတိယနှစ်တက်နေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိရကတည်းက ကျောင်းမှန်မှန်တက်ချင်စိတ်တွေ ဖွားကနဲ ဖွားကနဲကို ဖြစ်နေ၍ မိုးဆွေ ကျောင်းအပျက်မခံ။

မနေ့က နောက်ဆုံးအတန်းတက်ချိန် သူမ လာရှာ၍တွေ့ကြသည်။

စကားတော့မပြောဖြစ်။ ဒီနေ့မနက် သူမတို့မေဂျာ ကင်(န်)တင်းမှာ လာစောင့်ပေးဖို့ မှာသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဒီမနက် ရှိစုမဲ့စု အဝတ်အစားထဲက အကောင်းဆုံးကို ရွေးဝတ်ကာ ဒဏ်ရာကြောင့် ထိပ်ကွက်နေသော ခေါင်းကို လျှာထိုးဦးထုပ်နှင့် ဟန်ကျပန်ကျလေး ဖုံးဆောင်းပြီး လာစောင့်နေခြင်း ဖြစ်လေသည်။

အဖေ ပြောဖူးတယ် ကံ့ကံ၏အကျိုးတဲ့။ ဒီတစ်ယောက်ကတော့ သူ့ဘဝအတွက် ကံကွက်ကျားတာမဖြစ်နိုင်။ ထူးထူးခြားခြား ဆုံတွေ့မှု မျိုးဖြစ်၍ ကံ့ကံ၏အကျိုးပေးသာ ဖြစ်ချိမ့်မည်။ အတိတ်က တူနှစ်ကိုယ် ဘဝဆက်တိုင်း ပေါင်းဖက်ရပါစေသားဟု ဘုရားမှာ အတူဆုပန်ခဲ့ဖူးသူ ဖြစ်လောက်သည်။ ထို့ကြောင့် သူမြင်မြင်ချင်း တန်းတန်းစွဲကာ သွားသည်။ သူမလည်း မှတ်မှတ်သားသားဖြစ်ကာ ပြတ်ပြတ်သားသားကို အကူအညီပေးလာသည်။ ရန်ဖြစ်တဲ့နေ့က ဆေးဖိုးနဲ့ဆိုက္ကားခ အနည်းဆုံး ငါးထောင်ကတော့ ကျိန်းသေသည်။

ဘာမှမဟုတ်တဲ့လူတစ်ယောက်ကို ဘာမျှော်လင့်ချက်မှမထားဘဲ ခင်မင်မှုလေးတောင်မရှိဘဲ ဗလိုင်းကြီး ကူညီသွားပုံထောက်ရင် အဟတ် . . . ဟတ် . . . ဒါ့ထက် သေချာတာ ဘာရှိဦးမလဲ . . . နော။

မိုးဆွေ တွေးကာ ပျော်လာပြီးပြုံးမိသည်။ တစ်သက်နှင့်တစ်ကိုယ် မိန်းမတစ်ယောက်ကို မြင်မြင်ချင်း ရင်ခုန်ချစ်မက်မိတာ ဒါ





ပထမဦးဆုံးအကြိမ်။ ဒေါသဖြစ် ရန်ဖြစ်တာရော သူတစ်ပါးကို နာကျင်အောင် လုံ့လ ပြုမိတာလည်း ပထမဦးဆုံးအကြိမ်၊ ပြန်တွေးကြည့်လျှင် ဒီသတ္တိတွေ ဘယ်ကရသလဲဟု မေးချင်စရာပင်။

ဦးထိ၊ စိုင်းထီးဆိုင် ကတော့ 'သတ္တိတွေ . . . ဘယ်ကရလဲမသိဘူး' ဟု သီချင်းလေးနှင့် တွေးကြည့်ခဲ့ဖူးသည်။ သူလည်း တွေးကြည့်သည်။ တစ်သက်လုံး ကြောက်တတ်လာတဲ့ကောင်က လူစည်ကားတဲ့နေရာကြီးမှာ ယောကျ်ားမာနနှင့် ခွန်အားကို အသုံးချကြည့်ဖူးသွားသည်။ တစ်ခါဖြစ် တစ်ခါခံလိုက်ရတာက'တော့ အတွေ့အကြုံနဲ့ ဒါလေးကတော့ လိုတာပေါ့ . . . ဟု ကိုလွင်မိုးလို အော်ရာမင် . . . ဂျီလေး ထုတ်ပြလျှင်ကော။ သိပ်တော့ အဆင်မပြေ။ ကိုလွင်မိုးက ဝယ်သာ . . . မဖိုင်းတဲ့ကြားက လေယာဉ်ကွင်းဆင်းနိုင်ခဲ့သည်။ သူကတော့ အဖေ့သက်စောင့် ပုလင်းလေး ရှုံးဆုံးသွားခဲ့သည်။ ခေါင်းမှာ ငါးချက်ချုပ်လိုက်ရသည်။ အကြွေးဝယ်လာသည့် ဆီနှစ်ဆယ်သားက အိမ်ရောက်တော့ ငါးကျပ်သားတောင်ပြန်မရ။ ကြာလှချည်လားကွ . . . ဆိုပြီး အဖေ ချိုင်းထောက်နှင့်ထတီးဖို့တောင် ခေါင်းက ပတ္တီးဖြူဖြူကြောင့် သီသီကလေးလွဲသွားသည်။ လမ်းထဲမှာ မိုးဆွေ ခွက်ပုန်းချနေသည် ဆိုသော သတင်းက တမဟုတ်ချင်း ပျံ့နှံ့ကာသွားသည်။ အမြတ်အစွန်း ဆို၍ မျက်နှာဝိုင်းလေး၏ စိတ်ပူပေးမှု၊ ကူညီပေးမှု ရင်းနှီးမှုလေးသာ ရခဲ့သည်။ သာမန်အားဖြင့်တော့ ဆုံးရှုံးမှု အရမ်းများလွန်းသည် ဟု ပြောနိုင်သော်လည်း သူ့အတွက်ကား အမြတ်အစွန်း အလွန်ပင် ကြီးမားပါပေသည်။ ထို့နေ့က သေရလျှင်တောင် မျက်နှာဝိုင်းလေး၏ ပိုးရိမ်ထူမပေးမှုနှင့် တန်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးမိပြန်လေသည်။ ပြုံးရင်းနှင့် ဆိုင်အထွက်ပေါက်ဘေးက ဝိုင်းကို အမှတ်တမဲ့ ကြည့်မိကာသွားသည်။ ထိုအခါမှ ထိုဝိုင်းမှ မိန်းကလေးသုံးယောက်နှင့် ယောကျ်ားလေးနှစ်ယောက် သူ့ကို လှမ်းကြည့်နေကြောင်း သတိထားမိတော့သည်။ သူနှင့် မျက်နှာချင်းဆိုင်တည့်တည့် လောက်မှာရှိသော မိန်းကလေးတစ်ယောက်သာလျှင် တစ်ချက် တစ်ချက် မျက်လုံးလှန်ကြည့်ပြီး မျက်လွှာချထားသည်။ ကျန်သော လေးယောက်က စားတော့ဝါးတော့မလိုကို ကြည့်နေ၍ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဘာအတွက်လဲ. . . ဘာကြောင့်လဲ. . .။ ပိုဆိုးနေတာက ယောကျ်ားလေး နှစ်ယောက် အံတကြိတ်ကြိတ်နှင့် ကျွန်တော့်ဆီထထွက်လာဖို့ ပြင်နေသည်ကို ကျန်တဲ့မိန်းကလေးတွေက ဆွဲကာ ထိုင်ခိုင်းနေခြင်းဖြစ်သည်။ ဘုရား. . ဘုရား. . . ငါ ဘာအမှား လုပ်မိလို့ပါလိမ့်. . .။ သူ ဘယ်လိုမှ ရင်ဆိုင်ကြည့်ဖို့ မရဲတော့တဲ့အတွက် ကိုယ့်မြင်ကွင်းနှင့် လွဲသွားအောင် ကိုယ်ကို ပြင်ထိုင်လိုက်ပါသည်။

ဒါတောင် ခြေဖျားလက်ဖျားတွေ အေးချင်လာ၍ လက်ဖဝါး ချင်း ဆုပ်ချေကာ ပေါင်ကြားထဲထည့်ကာထားမိသည်။ စိတ်ထဲမှာလည်း ပြဿနာဖြစ်တော့မည်ဟု ခံစားသိမြင်လာတာကြောင့် သမ္ဗုဒ္ဓေကိုသာ စိတ်နှင့် ရွတ်နေမိတော့သည်။

"အလကားပါဟာ. . . ငကြောက်လား. . . ငကြောင်လား မသိပါဘူး. . . ထားလိုက်ပါ"

"အေးပါဟယ်. . . ငကြောင်ဆိုရင်လည်း သူ့အတွေးနဲ့သူ ပြုံးတာ နေမှာပါ"

ဒီတော့မှ မိုးဆွေ သူ့အမှားကို သူသိသွားပါသည်။ ဟုတ်တာ





ပဲ။ စောစောက သူတွေးပြီးပြုံးမိတာ ဟိုတစ်ယောက်ကို ပြုံးပြနေသလို ဖြစ်သွားတာပေါ့။ ဟုတ်တာပေါ့။ ထို့ကြောင့် ပို၍ သံသယရှင်းသွား အောင် ထပြီး အကျိုးအကြောင်းရှင်းပြမည်အပြု. . .

"ရောက်နေတာကြာပြီလား"

"ဩော်. . . နှင်းပွင့်. . . အင်း. . . သိပ်မကြာသေးပါဘူး"

"ကျွန်မလည်း ဟိုနှစ်ယောက်ကို အပါခေါ်နေတာနဲ့ ကြာသွား တယ်၊ ရှက်လို့တဲ့၊ လိုက်မလာကြဘူးလေ"

သူမ ပြောဆိုပြီး ခုံတစ်လုံးဆွဲအထိုင် မိန်းကလေးနှစ်ယောက် ထပ်ရောက်လာသဖြင့် မော့ကြည့်တော့ ဟိုအထွက်ပေါက်ဝိုင်းက မိန်း ကလေးတွေဖြစ်၍ မိုးဆွေ မျက်နှာ ဖြူဖျော့ကာသွားသည်။

"နှင်းပွင့်. . . အဲဒါ နင့်လူလား"

သူမ မျက်နှာ ဖျန်းကနဲ နွေးရဲတက်လာပြီး . . .

"မဟုတ်ပါဘူးဟ. . . အသိပါ"

"အသိဆိုလည်း လွတ်လွတ်နေ၊ အဲဒီကောင် ဘူးပဲ၊ ငါတို့ တစ် အုပ်စုလုံး ထိုင်နေတာတောင် မကြောက်မလန့်နဲ့ ဖြူလေးကို လှမ်းလှမ်း ပြုံးပြနေတယ်လေ၊ အဲ့ဒါ သက်ဇော်တို့က ဖုပြီး ထဖဲ့မလို့ ငါတို့ မနည်း တားထားရတယ်"

ဝန်ခံရလျှင် သူမရှေ့မှာ ထိုသို့ အပြောခံလိုက်ရ၍ မိုးဆွေ အတော် အောင့်သက်သက်ဖြစ်ကာ ရှက်ရွံ့နေမိသည်။ ထိုစဉ် သူမက မိုးဆွေကိုလှမ်း ကြည့်ကာ . . .

"သူတို့ပြောတာ ဟုတ်လား. . . မိုးဆွေ. . ."

သူ ခေါင်းညိတ်ပြမိ၍ နှင်းပွင့် ပါးစပ်ဟသွားသည်။ ပြီးမှ မိုး



www.burmeseclassic.com

www.burmeseclassic.com



ဆွေက . . .

"ပြုံးတာမှန်ပါတယ်၊ ဒါပေမယ့် သူတို့ထင်သလိုမဟုတ်ပါဘူး၊ ကျွန်တော့်ဘာသာ ကိုယ့်အဖြစ်ကိုယ်တွေးပြီး ပြုံးနေမိတာပါ"

ဒီတော့မှ နှင်းပွင့်သဘောပေါက်ပြီး မကျေမနပ်ခါးထောက်ရပ်နေတဲ့ မိန်းကလေးတွေကို မော့ကြည့်လျက် . . .

"အဲ့ဒါတော့ မှန်လိမ့်မယ် ကြည့်ဖြူရယ်၊ ဘာကြောင့်လည်းဆိုတော့ သူက အဲ့သလိုလူမျိုးဆိုတာ ငါသိနေလို့ပါ"

"ပြီးရောလေ. . . ဒါဆို ငါတို့သွားတော့မယ်"

ထိုနှစ်ယောက်ထွက်သွားမှ သူမ ပင့်သက်ချလျှက်နှင့်. . .

"ရှင့်မလဲ အရာရာနဲ့အကြောင်းကြောင်းတွေချည်းပါပဲလား မိုးဆွေ"

သူလည်း ပင့်သက်ရှိုက်ကာ . . .

"အဲ့ဒါ. . . ကျွန်တော့်ဇာတာပါ နှင်းပွင့်ရယ်၊ အဆင်မပြေ၊ အချိုးအချိတ်မကျတာမှန်သမျှ ကျွန်တော့်ဘဝနဲ့ ထောင့်ဖြောင့်ဖြည့်ဘက်ကျနိုင်လွန်းလို့ ကြက်ဟင်းခါးသီးမစားဘူး၊ ဩဇာသီးမကြိုက်ဘူး၊ ပိန္နဲသီး၊ ဒူးရင်းသီး လုံးဝမကြိုက်ဘူး"

"ဘာဆိုင်လို့လဲ"

"အဖုအထစ်တွေ ဆူးညှောင့်တွေများလို့လေ"

သူမ ပြုံးကာ အကြည့်ရွှေ့ပစ်သည်။ သေချာသာရင်းနှီးလျှင် ဟက်ဟက်ပက်ပက်ရယ်တော့မယ့်ပုံမျိုး ပြုံးသဖြင့် အောင့်ပြုံးဖြစ်ကာ ပုဝပ်ထားသော အလှတရားများ ရုန်းကြွတက်လာသည်။ သူ ရင်ဖိုလေ၏။





ထို့နောက် လွယ်အိတ်ထဲမှ စာအိတ်ဖြူဖြူလေးနှိုက်ယူကာ စားပွဲပေါ်တင်၍ သူ့ရှေ့တွန်းပို့ကာပေးသည်။

ပထမတော့ မင်္ဂလာဆောင်ဖိတ်စာများလားဟု ကြံကြီးစည်ရာတွေးမိကာ ရင်ထဲ ဒုတ်ခနဲ မြည်သွားသည်။ မရဲတရဲ ယူကြည့်တော့မှ တစ်ထောင်တန်အသစ်ကလေးတွေချည်း ဖြစ်နေ၍ . . .

"ဒါ. . . ဒါက. . ."

"ထုတ်ပြီး ရေကြည့်လိုက်ပါဦး၊ အားလုံး ဆယ့်တစ်ရွက်"

"မဟုတ်ဘူးလေ နှင်းပွင့်. . . ဒီပိုက်ဆံက. . ."

"အဲ့ဒါ ရှင့်ပိုက်ဆံပါ၊ ဟိုတစ်ခါ ျှင်ကောက်ရတယ်ထင်ပြီး ကျွန်မတို့ တောင်းယူထားလိုက်တဲ့ပိုက်ဆံလေ၊ ပိုက်ဆံပျောက်တဲ့ တစ်ယောက်က အိမ်ရောက်မှ သူ့ပိုက်ဆံ စာအုပ်ကြားထဲက ပြန်တွေ့လို့ အဲ့ဒါ ပြန်ပေးတာ၊ သူတို့ကိုယ်တိုင် လာပေးမလို့ပါပဲ၊ ရှက်တာနဲ့ ကျွန်မကတဆင့် ပေးခိုင်းလိုက်တာ"

"ဩော်. . . အေးပေါ့ဗျာ၊ စိတ်ကောင်းရှိသူတွေမို့လို့သာ ကျွန်တော် ပြန်ရတာပါ၊ ဒီက နှင်းပွင့်ကိုရော ပိုက်ဆံပြန်ပေးတဲ့ သူငယ်ချင်းတွေကို ကျေးဇူးတင်ပါတယ်ဗျာ၊ တကယ်ပါ. . . ဩော်. . . မေ့နေလိုက်တာ. . ."

ထို့နောက် မိုးဆွေက တစ်ထောင်တန်ခြောက်ရွက် ရေတွက်ထုတ်ယူ၍ နှင်းပွင့်ရှေ့ ပြန်ချပေးလိုက်ပြီး . . .

"ဟိုနေ့က ကျွန်တော့်အတွက် ဆေးဖိုး ကုန်ကျတဲ့ငွေပါ"

"အို. . . မဟုတ်တာ. . . မယူပါဘူး. . ."

"ယူလိုက်ပါ. . . မဟုတ်ရင် ကျွန်တော် စိတ်မကောင်းဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာ၊ အဲဒီနေ့က ကျွန်တော့်ကြောင့် နှင်းပွင့်တို့ ဘာမှမဝယ်လိုက်ရဘဲ ဒီအတိုင်း ပြန်သွားရတာ. . .”

“အိုး. . . အဲဒီနေ့က ကျွန်မ တို့ဈေးလာဝယ်တာမှမဟုတ်တာ၊ ဘာဝယ်ရမှာလဲ”

“ဒါပေမယ့်. . . ကျွန်တော် အထဲမှာရှိနေတုန်း အပြင်မှာ အဒေါ်ပြောတဲ့အသံကို ကျွန်တော် ကြားနေရတယ်လေ၊ ပိုက်ဆံက ဒါအကုန်ပဲ နော် သမီး၊ မနက်ဖြန် ဈေးမသွားနိုင်လို့ ညည်းအဖေမေးရင် ဘယ်လို ပြောကြမလဲဆိုတာလေ၊ အဲဒီတုန်းက ကျွန်တော် အရမ်းကို အားနာနေခဲ့တာပါ”

“အားနာရင်လည်း အဲဒီနေ့က ရှင် အရက်ဝယ်သောက်မယ့် ပိုက်ဆံကို ဆေးဖိုး ဝိုင်းခံပေးလိုက်ပါတော့လား၊ တကတည်းမှ ခေါင်းမှာ ငါးချက်လောက်ချုပ်လိုက်ရတာတောင် ဒီအရက်က ပြေးဝယ်နေရတုန်း”

မိုးဆွေ ပင့်သက်ရှိုက်ကာ ခေါင်းငုံ့ကျသွားသည်။ ကျွန်တော် သောက်ဖို့မဟုတ်ဘူး. . . ဟု ငြင်းပြန်ရင်လည်း ဘယ်သူသောက်တာလဲ လို့ မေးဦးမည်၊ ထားလိုက်ပါတော့. . . ကိုယ့်ကို တစ်သက်လုံး ကျွေးမွေး စောင့်ရှောက်လာတဲ့ ဒီအဖေကြီးအတွက် ဒီလောက်ကလေး သိက္ခာ အကျခံရတာ ဘာများ ထိခိုက်မှာမို့လို့လဲ။

“ရှင် မသောက်ဘဲမနေနိုင်ဘူးလား”

မိုးဆွေ မျက်နှာငယ်လေးနှင့် လှမ်းကြည့်သည်။

“ရှင့်မျက်နှာက အရက်သမားပုံ မပေါက်သေးတော့ ဖြတ်လိုက်ပါလား မိုးဆွေရယ်”

သူ ဘာပြောရမှန်းမသိ။ ဒီထက်လည်း ပိုပြီး ငြိမ်နေလို့





မကောင်းတော့သဖြင့် . . .

“အသောက်မပျက်မှ အသက်မပျောက်မှာ. . . မို့လို့ပါ နှင်းပွင့်ရယ်”

“ဘာ. . .”

“ဟို. . . အဲ. . . အဟဲဟဲဟဲ. . . အဲ့သလိုပါ. . . ပဲ. . . အဟဲ. . .”

သူ ဘယ်လိုပြောရမှန်းကို မသိတော့၍ အဖေပြောနေကျစကား အား ထုတ်ပြောမိခြင်းဖြစ်သည်။ ထိုအခါ သူမက . . .

“ဒါဆို ကျွန်မတို့ကို ရှင်ပြောခဲ့တဲ့ ကျွန်တော့်အဖေ ဒုက္ခိတကြီး ဘာညာနဲ့ သူများသနားအောင် တမင်လိမ်ညာပြီး ပြောခဲ့တာပေ့ါ. . . ဟုတ်လား၊ လက်စသတ်တော့ ရှင့်အရက်ဖိုးပိုက်ဆံ ပါသွားမှာစိုးလို့ကိုး”

သူ ကြိတ်မှိတ်ကာ မြိုသိပ်ထားသည်။ ပြဿနာတစ်ခုကို ပြေလည်အောင်မရှင်းပြတတ်သော မွေးရာပါဗီဇနှင့် ရှင်းတိုင်းလည်း ရှုပ်ရသည့် ကံဇာတာကို နားလည်စွာ ဦးညွှတ်ထားလိုက်သည်။ ခဏတော့ တိတ်ဆိတ်သွားခဲ့သည်။ နှင်းပွင့်လည်း ခေါင်းငုံ့ငြိမ်သက်နေသည့် မိုးဆွေကို ကြည့်ပြီး စဉ်းစားပါသည်။ ခင်ယုခိုင်နှင့် မေသဥ္ဇာတို့ လူကဲခတ် မမှားပေဘူးဘဲဟုတွေးကာ မချင့်မရဲဖြစ်မိသည်။ မိုးဆွေကို လိုက်တွေ့ပြီး ပိုက်ဆံပြန်ပေးရင်း တောင်းပန်ဖို့ သူမပြောတော့ မေသဥ္ဇာက . . .

“သူ့နစ်နာမှုကို သူ့အတိုင်း ပြန်ပေးလိုက်ရင် ပြီးပြီပေ့ါဟာ၊ နင်သွားခေါ်လာတာ နင်သွားပေးလိုက်လဲဖြစ်တာပဲ၊ နင်မှတ်ထား. . . ယောက်ျားတွေဟာ မျက်နှာအေးလေ ကြောက်စရာကောင်းလေပဲ၊ ငါတော့ မပတ်သက်ချင်ဘူး၊ အဲဒါကြောင့်. . .”



www.burmeseclassic.com

www.burmeseclassic.com



ခင်ယုနိုင်ရဲ့ ဒဿနက တစ်မျိုး. . .။

"ဒီမှာ. . . နှင်းပွင့်. . . နင့်အကောင် ဟိုနေ့ကပြောသွားတာ မကြားဘူးလား၊ သူတို့သားအဖ ဘယ်နှစ်ရက်မှန်းမသိတဲ့ရက်တွေအတွက် ဒီငွေက စားစရိတ်ပါဆိုတာလေ၊ ငါ့နှယ် ယောကျ်ားတွေဟာ ဘယ်လောက်ပဲ မပြည့်စုံတဲ့အခြေအနေမျိုးမှာ ရှိနေပစေ၊ မိန်းမတွေရဲ့ရှေ့မှာ ရောမစစ်သူရဲကောင်းကြီးတွေလို မာန်၊ မာန ထားပြတတ်ကြတယ်တဲ့ဟဲ့၊ သူ့ကျမှ မျက်ရည်လေး လည်တည်လည်တည်နဲ့ ငါ အဲ့ဒီကတည်းက ဒီကောင် ဖွတ်မဟုတ်ရင် တောက်တဲ့ဆိုတာ ငါ သဘောပေါက်တယ်၊ လွတ်လွတ်သာနေပါဟာ၊ အလကား အာရုံနောက် ဇယားရှုပ်လွန်းလို့"

သူမ ပင့်သက်ကလေးချရင်း မိုးဆွေကို လှမ်းကာ အကဲခတ်ကြည့်ပြန်သည်။ သူ့ပုံစံနှင့် သူ့စရိုက်က ဘယ်လိုမှ တွဲစပ်လို့မရအောင် ရှိနေပြန်သဖြင့် သူမစိတ်ထဲ မသေချာမှုကြောင့် အဆုံးအစွန်သော စကားကို မပြောမိဖို့ သတိပေးရင်း . . .

"ကဲ. . . ကျွန်မ အတန်းတက်ရဦးမယ်"

"ဟုတ်. . . ကျွန်တော်လည်းသွားတော့မယ်၊ ဪ. . . ပိုက်ဆံတွေ ယူလိုက်ဦးလေ"

"ရှင့်အရက်ဖိုးရော လောက်ငှရဲ့လား"

"အာ. . . ရ. . . ရပါတယ်. . . အဟဲဟဲ. . ."

"ကောင်းပြီလေ. . . ကျွန်မလည်း သိပ်ပြေလည်တဲ့ မိသားစုမျိုး မဟုတ်တော့ ယူလိုက်ပါ့မယ်၊ လွှက်ရည်ဘိုးတော့ ကျွန်မ ရှင်းပေးခဲ့မယ်"

"ဟင်. . . နှင်းပွင့်လည်း ဘာမှမစားဘဲနဲ့"





"ရတယ်. . ."

ထို့နောက် သူမကိုယ်တိုင် ကောင်တာမှာထရှင်းကာ ဆိုင်အပြင်ဘက်ထွက်လာခဲ့သည်။ အပြင်မှာ ရပ်စောင့်နေသော မိုးဆွေက . . .

"နောက်ထပ် ကျွန်တော် ဆက်ပြီးခင်လို့ရမလား နှင်းပွင့်၊ တွေ့ရင် နှုတ်ဆက်မယ်လေ"

"ရပါတယ်၊ ကျွန်မက လူတွေအပေါ်မှာ အရောင်သတ်မှတ်ချက် မထားတတ်ပါဘူး၊ ဒါပေမယ့် အရက်သမားတစ်မျိုးတော့ လွတ်အောင်ရှောင်တတ်တယ်၊ ကဲ. . . သွားပြီနော်. . ."

"ဟုတ်ကဲ့ပါ"

မိုးဆွေ ခေါင်းညိတ်နှုတ်ဆက်ပြီး သူမကို လှမ်းမကြည့်မိအောင် ကြိုးစားပြီး လျှောက်ပြန်လာခဲ့သည်။ လှည့်ကြည့်ဖို့ ထိုက်တန်ရဲ့လားဟု သူ့ကိုယ်သူလည်း မေးလာမိပါသည်။ သေချာတာကတော့ နှင်းပွင့်ကို ချစ်မိကာသွားသည်။ အထူထိုင်နေစဉ်ခဏလေး သင်းမွှေးစွာရနေသည့် သူမ၏ကိုယ်သင်းနံ့ပါးပါးလေးအား ခိုးယူရှိုက်မက်နေခဲ့သည်။ အများအမြင်မှာ ချစ်သူနှစ်ယောက်ဟု ထင်မြင်နေမလားတွေးကာ ကျေနပ်နေမိသည်။

တက္ကသိုလ်ကျောင်းသားဖြစ်နေပြီး အထက်တန်းကျောင်းသားလေးလို ရင်ခုန်နေသည့် သူ့ကိုယ်သူ မင်းက ခပ်ညံ့ညံ့ကောင်ပဲကွဟု ကြည်နူးစွာ သတ်မှတ်ပါသည်။ သူမ ဘာပဲပြောပြော သူကိုယ်တိုင် အရက်သမား မဟုတ်တာ သေချာနေသည့်အတွက် ထိုစကားအား ဝမ်းနည်းရကောင်းမှန်း မသိစွာ ခံယူနိုင်စွမ်းရှိခဲ့လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟုတ်ကဲ့. . . ခင်ဗျာ. . . သမီးလေးနှင်းပွင့်ကလည်း အလှူငွေ တစ်ထောင်ကျပ်တိတိကို သဟသိကဒါနမြောက် လာရောက်လှူဒါန်းသွားပါတယ်လို့ နတ်ကောင်းနတ်မြတ်တွေ ကြားသိစေဖို့ တိုင်တည်ပေးပါတယ်။ အခုလို လာရောက်လှူဒါန်းရတဲ့ စေတနာ သဒ္ဓါထူးကြောင့် သွားလာလေရာ ခလုတ်မထိ ဆူးမငြောဲ ဘေးခပ်သိမ်း ရန်ခပ်သိမ်း ကင်းငြိမ်းပြီး သကာလ ကျန်းမာထီပေါက်လို့ လောကဇဗ္ဗူတလူ ထင်ရှားကျော်ကြားပြီး သူတော်ကောင်းတရား(၇)ပါးနဲ့ ပြည့်စုံလို့ နိဗ္ဗာန်မဂ်ဖိုရက်တိုတိုနဲ့ မျက်မှောက်ပြုနိုင်ပါစေဗျာ. . ."

ဈေးဘက်ဆီမှ လွင့်ပျံ့လာသော ဦးဒီပါ၏ ဆုတောင်းပတ္တနာ ပြသံထဲ 'နှင်းပွင့်'ဆိုတာကို မိုးဆွေ သေသေချာချာကြီး ကြားလိုက်ရသဖြင့် ဟင်းချိုအိုးကို ကပျာကသီချပြီး ငပိရည်ကျို အိုးလေး မ,တင်ထားခဲ့ကာ ပြေးထွက်လာခဲ့လေသည်။





နှင်းပွင့်တဲ့ အဟတ်ဟတ်. . . ဈေးလာဝယ်တာလားမသိဘူး။ သူ တစ်ယောက်တည်းဆိုရင်တော့ တော်ကီလေးနည်းနည်းပွားပြီး ဆိုင်ထိုင်ကြရအောင် ဘာညာ. . . အဟာဟား. . .။

မိုးဆွေ. . . အတွေးနှင့်တောင် ကတုန်ကရင်တွေဖြစ်ကာ လမ်းထိပ်ရောက်လာသည်။ အဖေ ကြေညာလိုက်တဲ့အသံနှင့် အခု သူ လမ်းထိပ်ကို ရောက်လာတဲ့ကြားမှာ ကြာရင် ၂ မိနစ်ထက်မပို။ ဒါဆို သူမ ဒီနား ဝန်းကျင်မှာပဲရှိဦးမည်။ ထို့ကြောင့် မျက်လုံးအကြည့်တွေကို အင်အားသုံး ဖြန့်ကျက်ထားပြီး ရှာဖွေလာခဲ့သည်။ လမ်းဟိုဘက်မကူးဘဲ ဒီဘက်ခြမ်းကနေ လှမ်းကြည့်ရှာဖွေခြင်းဖြစ်ကာ အဖေ့အလှူခံမဏ္ဍပ်ရှိရာဘက်သို့ ဘေးတိုက်ရွေ့၍ လျှောက်လာသည်။

မနက်ဆယ်နာရီဝန်းကျင် ဈေးပေါင်ကျိုးချိန်ဖြစ်သော်လည်း လူကတော့ မနက်ဈေးဖွင့်ချိန်ထက်တောင် ပို၍ စည်ပါသည်။ ဒီချိန်က ဝယ်လို့ပိုကောင်းသည်။ တစ်နေကုန်ရောင်းနိုင်သည့် အခွင့်အရေးရှိသည့် တိုင် ကိုယ့်ပစ္စည်းက နေကျော်လို့ မကောင်းတော့လျှင် သာသာထိုးထိုးလေး ချရောင်းပေးရသည်။

မိုးဆွေတို့လို နည်းနည်းနှင့် ကျဲကျဲဝိုင်းရသော လူတန်းစားအတွက် ပါးပါးနှင့် များများရနိုင်သော ဒီလိုအချိန်မျိုးကို ချောင်းကာဝယ်ကြသည်။ မိုးဆွေတောင် ဈေးဝယ်ပြီး ပြန်လာတာပင် ဘာမှမကြာသေး။ ဝယ်လာသော ဇလားဗီးယားတွေတောင် မကိုင်ရသေးဘဲ အထုပ်လိုက် ဒီအတိုင်း ချိတ်ကာထားထားသည်။ မနေ့က ငါးခြောက်ကြော်လေး ကျန်နေသေးတဲ့အတွက် ဒီမနက်စာ ချဉ်ပေါင်ဟင်းချိုလေးတစ်ခွက် ငပိရည်ကျိုကို ရေတ်သီးစပ်စပ်ဖျော်ကာ ဆော်ဖို့ ဦးစွာ ပြင်ဆင်နေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ခုတော့ နှင်းပွင့်အသံကြား၍ အားပါးတရ ပြေးထွက်လာကာ ရှာဖွေနေပါသည်။

သူရောက်နေရာ စံပြ(၄)လမ်းထိပ်၏ တစ်ဖက် ငမိုးရိပ် (၄)လမ်း ထိပ်မှာ အဖေ့အလှူခံမဏ္ဍပ်ရှိနေသည်။ ထိုနေရာမှာပင် ခြေစုံရပ်ကာ ဟိုဟိုဒီဒီ လှမ်းကာကြည့်မိသည်။ (၂)လမ်းထိပ်ကနေ သူထွက်လာကတည်းက တစ်ဖက်ခြမ်း ဈေးမျက်နှာစာကို စက္ကူစုတ်ကလေး လေလွင့်သွားတာတောင် အလွတ်မပေးဘဲ သူကြည့်လာခဲ့၍ နှင်းပွင့် ဒီဘက်ထွက်လာတာတော့ မဖြစ်နိုင်။ တွေ့လည်းမတွေ့။ သို့ဆိုလျှင် ဟိုဖက် ဘေထုပ်တန်းမဟုတ်လျှင် ဈေးလမ်းကြားထဲ ပြန်ဝင်သွားတာပဲ ဖြစ်ချိမ့်မည်။ ထိုစဉ် ...

"ဟဲ့... နှင်းပွင့်... ဩော်... ဒီကလေးမနှယ်... ဟဲ့... ငါရိုက်မှာနော်..."

မိုးဆွေ ပျာခနဲဖြစ်ကာ လှည့်ကြည့်လိုက်တော့ (၇)နှစ်အရွယ်လောက်ခန့်မှန်းရသည့် ကလေးမလေးနှင့် အမျိုးသမီးကြီးတစ်ယောက်။ ကလေးမလေးက တစ်ယောက်တည်း လမ်းဖြတ်ကူးဖို့ပြင်နေ၍ အမျိုးသမီးကြီးက လှမ်းအော်လိုက်ခြင်းဖြစ်ကာ ကလေးမလေးက ပလက်ဖောင်းဘေးမှာရပ်ကာ နှုတ်ခမ်းစူထားသည်။ လက်ထဲမှာလည်း နှစ်ရာတန်တစ်ရွက်အား ကိုင်ကာထားလေသည်။

"လာ... ပြန်မယ်..."

"ဟင်... သမီး လှူချင်သေးတယ်"

"ဟဲ့... ခုနပဲ နင် တစ်ထောင်လှူပြီးပြီလေ၊ တော်ပြီလေ..."





"ဟာ... သမီးလှူဦးမယ်"

"တယ်... ငါမပြောလိုက်ချင်ဘူး၊ နင့်ပထွေး မြှောက်ပင့်ပြောတိုင်း စွတ်လုပ်မနေနဲ့၊ သောက်ဆံ အလကားမရဘူး... လာ..."

ခုမှပဲ မိုးဆွေလည်း နေသာထိုင်သာရှိသွားသလို ခေါင်းငိုက်စိုက်ချပြီး ပြန်လျှောက်လာခဲ့သည်။ နင့်ပထွေးတဲ့...။ မိုးဆွေ ပုခုံးလေးနှစ်ဖက် ကျုံ့ကာသွားလေ၏။

ခြံထဲဝင်လိုက်သည်နှင့် တူးခြစ်နေသော အနံ့က မိုးဆွေနှာခေါင်းထဲ တန်းခနဲဝင်လာ၍ တင်ထားခဲ့သော ငပိရည်ကျိုအိုးကို သတိရကာ အိမ်ပေါ် အပြေးတက်သွားသည်။

ကုန်ပါပြီ။ မြေအိုးမို့သာတော်တော့သည်။ သတ္တုအိုးသာဆို ပျော်ကျသွားလောက်သည်။ ထို့နောက် ထပ်ကျိုဖို့ စိတ်ကူးမရှိတော့ဘဲ ငါးကိုင်ပြီး မီးကျန်လေးနှင့် ငါးကြော်ထားဖို့ စိတ်ကူးကာ ငါးထုပ်လှမ်းယူသည်။

"ဟိုက်..."

တိုင်မှာချိတ်ထားသော ငါးထုပ်ကမရှိတော့။ ကြောင်ဆွဲသွားတာလားဟ၊ သေချာပါသည်။ မီးဖိုဘေးမှာ ဆလားဗီးယားတစ်ကောင်။ နောက်ဖေး ရေကပြင်ပေါ်မှာ တစ်ကောင် ကျကျန်ခဲ့သဖြင့် နောက်ဖေးအိမ်က ကြောင်ဝါကြီးလက်ချက်ဆိုတာ။ မကြာခဏ ပါသွားဖူးသော အတွေ့အကြုံနှင့်သိနေ၍ နောက်ဖေးခုန်ဆင်းကာ တစ်ဖက်ခြံထဲ လှမ်းကြည့်လိုက်သည်။

ဘုရား... ဘုရား... တစ်ဖက်ခြံနောက်က ကုက္ကိုပင်အောက်မှာ ငါးထုပ်ဘေးချပြီး အားပါးတရ ထိုင်ဝါးနေလိုက်ပုံများ...။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အဖေ့အသံကို သူကြားရပြန်လေ၏။

"သမီး နာမည်လေးပြောပါဦး. . ."

". . ."

"နှင်းပွင့်. . . ဩော. . . စောစောက သမီးငယ်လေးနှင်းပွင့် အခုက သမီးကြီးနှင်းပွင့်ပေါ့. . . ဟုတ်ပြီ. . . ဟုတ်ပြီ. . ."

မိုက်ခရိုဖုန်းဘေးချပြီး ပြောဆိုနေသော စကားသံကြောင့် မိုးဆွေ မျက်လုံးတွေ လက်ခနဲဖြစ်သွားသည်။

"ဟုတ်ကဲ့ပါဗျာ. . . နောက်ထပ် သမီးကြီးနှင်းပွင့်ကလည်း ကထိန်အလှူအတွက် တစ်ကြိမ်တစ်ဆူဆိုသလိုပါပဲ၊ အနန္တ ငါးဖြာ လက်မှာမိုးပြီး သာသနာအကျိုး ဆပွားတိုးလို့ ကိုးရာကျပ်တိတိကို လာရောက်လှူ ဒါန်းသွားပါတယ်. . . ရုပ်ဆင်းအင်္ဂါကောင်းခြင်းငါးဖြာနဲ့ လည်း ပြည့်စုံ၊ သူတော်ကောင်းတရား (၇)ပါးနဲ့လည်း ပြည့်စုံတဲ့ သမီး ကြီးနှင်းပွင့် တင့်တယ်သော ဂုဏ်ထူးဂုဏ်မြတ်တွေနဲ့ လောကီလောကုတ် အကျိုး ဆပွားတိုးလို့ ပြည့်ဝပါစေလို့. . ."

နှင်းပွင့်. . . နှင်းပွင့်. . . ဒါ. . . ဒါမှ. . . ငါ့ရဲ့ နှင်းပွင့်. . . ဖြစ်ရမယ်၊ ဟုတ်တယ်။

"ဟဲ့. . . မိုးဆွေ. . ."

"ဗျာ. . ."

ခေါ်သံကြားရာ လှည့်ကြည့်တော့ နောက်အိမ်က ဒေါ်သောင်း ကြည်. . .။

"ဟိုကောင်စားနေတာ နင့်ငါးထုပ်လား"

"ဟုတ်. . ."





"အမလေးနော်. . . အဲ့ဒါများ ရုပ်ကြည့်နေရသေးတယ်. . . ဟဲ့. . .၊ ရွှေး. . . ဟဲ့ကြောင်. . . တောက်. . . ခဏလေး. . . ငါ. . . ယူပေးမယ်၊ အဲဒီကောင် အရမ်းဆိုးနေပြီ"

သို့ဖြင့် မဏ္ဍာပ်ဘာက် ပြန်လှည့်ပြေးချင်သော စိတ်အား မြိုချ လိုက်ရတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

"လာဗျ. . . ကိုမောင်မောင်"

မဏ္ဍပ်ထဲ ပြုံးပြုံး ပြုံးပြုံးနှင့် ဝင်လာသော တာဝန်ခံ ဦးမောင်မောင်အား ဦးဒီပါ ကြိုဆိုလိုက်သည်။ ဦးမောင်မောင်က ဦးဒီပါဘေးမှာ ခုံဆွဲထိုင်ရင်း. . .

"ဒီလိုဆိုတော့လည်း ကိုယ့်ဆရာက အစွံကြီးပါလား"

"ဘာများတုန်း. . ."

"ဟဲ ဟဲ ဟဲ . . . အိပ်ချင်ယောင်ဆောင်မနေပါနဲ့ဗျာ၊ ခင်ဗျား ကျုပ်ကိုတော့ ပြောသင့်တာပေါ့. . ."

"ဩော်. . . ဘာတုန်းဆို. . ."

"ကျုပ်တို့လမ်းထဲက ကုန်ခြောက်သည်မလဲ့လေဗျာ. . ."

"အင်း. . ."

"အင်းမနေပါနဲ့၊ (၅)လမ်းထိပ်ကဆိုင်ကို ခဏကြွခဲ့ဖို့ ကျုပ်နဲ့





မှာလိုက်တယ်"

"ဟုတ်လား. . ."

"အံမာ. . . မှင်သေသေနဲ့ လုပ်နေပြန်ပြီ၊ ခင်ဗျားတို့က ယူကြတော့မှာဆို. . ."

"ဩော်. . . ဒါလား. . . သေချာမဆုံးဖြတ်ရသေးပါဘူးဗျာ၊ ဟဲ ဟဲ ဟဲ. . . ဒါဆိုလည်း ကျွန်တော် ခဏသွားတုန်း ကိုမောင်မောင် ထိုင်ပေးပါဦး. . ."

"အိုခေ. . . မြန်မြန်တော့ ပြန်လာခဲ့နော်. . . ကျုပ်က ခင်ဗျားလိုတော့ မဟောတတ် မပြောတတ်ဘူးဗျ. . . ဟဲဟဲဟဲ"

"စိတ်ချ. . . ဩော. . . ခင်ဗျားတပည့်လေး စာရင်းလုပ်ထားတာ၊ ဒီမနက်ခင်း တစ်သိန်းနီးပါးရှိသွားပြီဗျ. . ."

"အေးပါဗျာ. . . ခင်ဗျားကတော့ တကယ်ကို မာဒဂ်မှော်အောင်တဲ့လူပါ။ အဲ့ဒါကြောင့် ကိုရွှေကိုတို့ ကျုပ်ကို တောက်တစ်ခေါက်ခေါက် ဖြစ်နေတာလေ"

"ဘာလို့လဲ"

"ဟာ. . . ခင်ဗျား ဒီမဏ္ဍပ်ရောက်လာတော့ သူတို့မဏ္ဍပ် နည်းနည်းငုတ်သွားတာပေါ့ဗျ. . ."

"ဒီလိုလား. . . ကဲ. . . သွားပြီဗျို့"

●

"ရှင်. . . ဘယ်လိုစဉ်းစားမိသလဲ ကိုဒီပါ"



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းသံ အက်ရှရှနှင့် ပြောလိုက်သော မလဲ့၏စကားသံကြောင့် ပေါင်ပေါ် ကန့်လန့်တင်ထားတဲ့စတီးချိုင်းထောက်ကို ယောင်ယမ်း ဆုပ်ကိုင်မိသွားသည်။ သူ့ဘဝမှာ ရင်ထဲကပါတဲ့ မေတ္တာတရားနှင့် တကယ် အမြတ်တနိုးချစ်ခဲ့ရသော မိန်းမဆိုလို့ ဘဝမှာ တစ်ယောက်သာလျှင် ရှိခဲ့သည်။ အဲ့ဒါကတော့ ကွယ်လွန်သွားပြီးသော ဇနီးသည် မိုးအေးကြည်။ ချစ်သူဘဝ သုံးနှစ် အိမ်ထောင်သည်ဘဝ ရှစ်နှစ်။ ငေါင်းဆယ့်တစ်နှစ် နှင့် ထာဝရ စွန့်ခွာသွားခဲ့သော မိုးအေးကြည်။

တစ်သက်တာ ထာဝရ မင်းတစ်ယောက်ပဲကွာ။ ကျန်တာဆောရီး. . . လို့ ဒီပါးစပ်ကြီးနှင့် ပြောခဲ့ပြီးမှ နောက်တစ်ယောက်ဆိုသော ကိစ္စအတွက် ဦးဒီပါ ဆွံ့အနေမိသည်။

ဒီတစ်ယောက်နှင့်ပတ်သက်၍ ခင်မင်သူတွေထံမှ စေတနာနှင့် သတိပေးစကားများ ထော်လာဂျီတစ်စီးစာလောက် သူ့ရင်ထဲ ထော်လော်ကန့်လန့် ရောက်ရှိနေခဲ့သည့်တိုင် ဝေခွဲရခက်နေသည်။

“ရှင်. . အဲ့သလိုတွေဝေနေရင် နောင်တရလိမ့်မယ်နော်. . . ကိုဒီပါ”

“အေးပါကွာ. . . ငါလည်း စဉ်းစားနေတာပါ”

“ရှင် စဉ်းစားနေတာအကြောင်းမဟုတ်ဘူး၊ မောင်ငြိမ်းက နေ့တိုင်း ပြဿနာလာရှာနေတယ်၊ အင်းလေ. . . တံခွန်မရှိတဲ့ရထား အကွပ် မရှိတဲ့ကြမ်း၊ လင်ရှိတဲ့မိန်းမ. . . ဆိုတော့. . .”

“ဟာ. . . မင်းကွာ. . . မဟုတ်တာတွေ မပြောစမ်းပါနဲ့၊ ငါလည်း ငါ့သားနဲ့ညှိနေတာမို့လို့ပါ”

“ဟင်. . . မိုးဆွေက ဘာပြောလို့လဲ. . .”





“ဘာမှကို မပြောလို့ ခက်နေတာပေါ့ကွ၊ ငါက တစ်ခုခုပြောစေချင်တာ၊ ကျေနပ်ရင်လည်းကျေနပ်တယ်၊ မကျေနပ်ရင်လည်း မကျေနပ်ဘူးပေါ့၊ အခုဟာက. . .”

“ကဲ. . . ရှင် အဲ့ဒါအတွက် ခေါင်းစားမနေနဲ့၊ ကျွန်မ မိုးဆွေနဲ့ ပြောလိုက်ရင် ဖြစ်ပြီမဟုတ်လား. . .”

အမှန်တော့ ဦးဒီပါ ခေါင်းမညိတ်ချင်။ သူ့သား လူအေး ပုတ်သင်ညိုကောင်က အိုဘားမားနဲ့ပဲပြောပြော ဆိုက္ကားသမားနဲ့ပဲ ပြောပြော လက်ညှိုးမထောင်လျှင်သာနေမည် ခေါင်းညိတ်ဖို့တော့ ဝန်မလေးတဲ့ကောင်။ ဒီပြဿနာအတွက် မိုးဆွေမပါလည်း ပြီးမှန်းသူသိသည်။ လွတ်လပ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ပေါင်းသင်းဖို့ လွတ်လပ်တဲ့ယောကျ်ားတစ်ယောက်အတွက် ဘာများခက်မည်နည်း။ အေး. . . လာ. . . ဂုတ်. . . ဂွပ်. . . ပွဲကပြတ်နေပြီ။ သူ မအီမလည်ဖြစ်နေခြင်းက တစ်ခြားမဟုတ်။ လွန်လေပြီးသော ဇနီးသည်အပေါ် ပေးထားသည့်ကတိ။ ဥပမာ မင်းကလွဲရင် ဆောရီးကွာဆိုတာမျိုး။

ပြီးတော့ သူ့သားတုံးကောင်ကို ကျောင်းပြီးအောင် ပညာသင်ပေးချင်သည့်စေတနာ။ သူ ဒီလို သောက်နေပုံမျိုးနှင့် ဒီနှစ်ကုန်အောင်နေရပါ့မလား. . . ဆိုတာ မသေချာ။ ဘာပဲပြောပြော တစ်စုံတစ်ယောက်နှင့် ပတ်သက်ထားလျှင် ထိုပတ်သက်မှုနှင့် သူ့သားလေး သူမရှိလျှင်တောင် ကျောင်းဆက်တက်နိုင်သည်ဆိုသည့် မျှော်လင့်ချက်. . .။

ထို့ကြောင့် ဇနီးသည်ကို သစ္စာရှိချင်သည့်စိတ်နှင့် သူ့သားအတွက် သေချာချင်သည့်စိတ်ကြားမှာ မလဲ့ကို လက်ထပ်ဖို့ကိစ္စ ဗျာများနေခြင်းသာဖြစ်၏။ သေချာတာကတော့ ဇနီးသည်အပေါ် မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျိန်းသေ ကတိပျက်မှာဖြစ်ပြီး မိုးဆွေ နောင်ရေးကား ကံစမ်းမဲဆိုတာ ဦးဒီပါနားလည်ပါသည်။ အဲ့ဒါကြောင့်လည်း အချိန်နည်းနည်းထပ်ရဖို့ မိုးဆွေဟု ခေါင်းစဉ်တပ်ကာ ရှုးချင်ယောင်ဆောင်ခြင်းဖြစ်တော့သည်။

●



အလျှုခံမဏ္ဍပ်က ပြန်ထွက်လာကတည်းက အမေ ဘာဖြစ်လာမှန်းမသိ။ ရွှေရည်ထိပ်ရောက်တော့ လမ်းဖြတ်ကူးဖို့ 'အမေ. . . လာကူးကြမယ်' ဟုပြောပြီး ထွက်တာတောင် အမေ နောက်မှာ ငူငေါ်ငေါ်ကြီး ဖြစ်ကာ ကျန်ခဲ့သည်။

"အမေ. . ."

"ဟင်. . ."

"အမေ ဘာဖြစ်လို့လဲဟင်. . . နေမကောင်းဘူးလား. . ."

"ကောင်းပါတယ်. . . သမီးရယ်"

"လာလေ. . . လမ်းကူးမယ်လေ. . ."

"ခဏလေး သမီး"

ထိုအခါမှ သူမမိခင်မျက်နှာကို သေချာ အကဲခတ်ကြည့်မိသည်။ ရုတ်တရက်ကြီး ဘာကို သောကဖြစ်ပြီး အမေ့မျက်နှာ ဖြူဖတ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည် မသိ။ တစ်ခုခုစိတ်ထဲ ခုခံလာလျှင် အမေ့မျက်နှာက အရမ်းကို သိသာလွန်းသဖြင့် ထပ်မေးကြည့်မိသည်။

"အမေ. . . ဘာဖြစ်လို့လဲ"

"စောစောက အလှူခံမဏ္ဍပ်က လူကို သမီး မမှတ်မိဘူးလား"

သူမ ပြန်စဉ်းစားကြည့်လိုက်သည်။ မျက်နှာနီအစ်အစ်နှင့် အသက်အရွယ်က အမေတို့ထက်တော့ မငယ်နိုင်။ ဘယ်သူလဲ. . . ဘာအတွက် အမေမေးတာလဲ၊ သူမ ဘာမှ စဉ်းစားလို့မရသဖြင့်. . .

"ဟင့်အင်း အမေ"

"မဟုတ်မှလွဲရော အဲ့ဒါ ကိုဒီပါပဲဖြစ်ရမယ်၊ အမေတို့ အရင်တုန်းက နေခဲ့တဲ့ရပ်ကွက်မှာ အမေတို့နောက်လမ်းက ကုန်စုံဆိုင်လေ သမီး"

သူမ တွေးကြည့်ပြန်ပါသည်။ သို့သော် ဝေဝါးနေရုံကလွဲပြီး မသိမမြင်နိုင်၍ ခေါင်းခါရင်း. . .

"အင်း. . . ပြောပါဦး. . . ဘာဖြစ်လို့လဲ. . ."

"အဲ့ဒီတုန်းက အမေတို့ အတော့်ကိုမပြေလည်တာ သမီးရဲ့၊ ကိုဒီပါ့မိန်းမ မမိုးဆီမှာ အမေ ငွေတစ်သိန်းချေးဖူးတယ်၊ ပြန်မဆပ်နိုင်လို့ အတိုးလေးပေးနေတုန်း သူတို့လင်မယား ကားမှောက်လို့၊ မမိုးလည်း ဆုံး၊ ကိုဒီပါလည်း ခြေတစ်ဖက်ဖြတ်လိုက်ရတယ်၊ ဒီကြားထဲ ရပ်ကွက်မီးလောင်လို့ အမေတို့လိုပဲ သူတို့အိမ်လည်း မီးထဲပါသွားပြီး ရှိသမျှကုန်တော့တာလေ၊ အဲ့ဒီနောက်ပိုင်း လူတွေလည်း ဟိုရောက် ဒီရောက်ဖြစ်ကုန်ကြတာ၊ အခုမှ သူ့ကိုတွေ့တာ သမီးရဲ့၊ သူကတော့ အမေ့ကို မှတ်မိပုံမပေါ်ဘူး၊ အရက်တွေဘာတွေ သောက်သလား





မသိဘူး၊ မျက်နှာကြီးကလည်း ပွထနေတာပဲ"

"အဲဒီတော့ အမေ ဘာလုပ်ချင်လဲပြောလေ၊ မဏ္ဍပ်ကို ပြန်သွားချင်လား"

"အခုတော့ ထားလိုက်ပါတော့၊ ဒီလကုန်ရင် သမီးအဖေ စုငွေထုတ်မယ်လို့ပြောတယ်. . . အဲဒီအခါကျမှပဲ. . ."

"ဒါများအမေရယ်. . . သမီးဖြင့် လန့်တောင်လန့်သွားတယ်"

"ဩော်. . . သမီးရယ်. . . သူတစ်ပါးကျေးဇူးဆိုတာ မမေ့ကောင်းဘူးဟဲ့၊ ဒီငွေကိုလည်း ဘာအပေါင်အနှံပစ္စည်းမှမယူဘဲ ဒီအတိုင်း ယုံယုံကြည်ကြည် ချေးပေးခဲ့တာဆိုတော့ ပိုလို့တောင် အသိအမှတ်ပြုရမှာ၊ တစ်ခုပဲကွယ် တော်တော်တူလွန်းလို့ တွေတွေဝေဝေဖြစ်နေတာ၊ ကိုဒီပါမှ ဟုတ်ပ့ါမလားလို့တော့ သံသယဖြစ်မိတယ်သမီးရဲ့၊ တကယ်ပဲ ကိုဒီပါဆိုရင် သူ့မှာ သားလေးတစ်ယောက်ရှိတယ်၊ သမီးတို့အရွယ်လောက်ပဲ"

"အဲ့ဒါဆို သမီးသူငယ်ချင်းကို မေးကြည့်ရမလား၊ သူက ဒီဘက် စံပြ(၂)လမ်းမှာ နေတယ်ဆိုတော့လေ"

"ဟို. . . အရက်သမားလေးလား သမီး"

"အင်း. . . ဟုတ်. . ."

"အဲဒါဆိုလည်း မေးမနေပါနဲ့တော့သမီးရယ်၊ အရက်သောက်တတ်တဲ့သူတွေနဲ့ သမီးကို မပတ်သက်စေချင်ဘူး၊ ရုပ်ကလေးသနားကမားနဲ့"

"ဒါပေမယ့်. . . အဲ့ဒီမဏ္ဍပ်မှာထိုင်တာ ဦးဒီပါဟုတ်မဟုတ် စုံစမ်းခိုင်းတာလေးပဲ မဟုတ်လား၊ သူနဲ့ အပေါင်းအသင်းသွား



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာမှ မဟုတ်ဘဲ"

"အေး. . . ပြီးရော. . . ပြီးရော. . . မိတ်ဆွေ. . . အပေါင်းအသင်းဆိုတာ ကလျာဏမိတ္တမဟုတ်ရင် တတ်နိုင်သမျှ ဆင်ခြင်ပြီး ဆက်ဆံတာအကောင်းဆုံးပဲ သမီးရေ"

"ဟုတ်ကဲ့ပါ. . . လာ. . . အမေ ကားရှင်းတုန်း လမ်းကူးရအောင်"

"အေး. . . အေး. . ."

●



နောက်တစ်နေ့ မိုးဆွေနှင့် ကျောင်းမှာတွေ့လျှင် မေးဖို့ စိတ်ကူးထားသော်လည်း ထိုနေ့ မိုးဆွေ ကျောင်းမတက်၍ မမေးဖြစ်ခဲ့။ ထို့ပြင် တန်ဆောင်တိုင်ပွဲတော်ရက်အတွက် ကျောင်းတွေပိတ်လိုက်သဖြင့် သူမမိခင် စုံစမ်းလိုသည့်ကိစ္စ အဆင်မပြေဖြစ်ခဲ့ရပါသည်။ ပို၍ အဆင်မပြေခြင်းမှာ . . . ကထိန်ပွဲပြီးသွား၍ ဈေးရှေ့က အလှူခံမဏ္ဍာပ်လည်း ပိတ်သိမ်းလိုက်ခြင်းပင် ဖြစ်တော့သည်။

သို့သော်လည်း ပွဲတော်ပြီး၍ ကျောင်းတွေပြန်ဖွင့်ပြီး သိပ်မကြာခင်မှာ မိုးဆွေကိုတွေ့ပါသည်။ ကျောင်းမပိတ်ခင်တစ်ရက်က ကျောင်းမတက်သည်မှာ ထိုနေ့က ခေါင်းကဒဏ်ရာ ချုပ်ရိုးဖြည်သည်ဟု ပြောပါသည်။

ဒီနှစ်ဆောင်းရာသီက ဆောင်းပီပီသသ အေးချင်ပုံရသဖြင့် နေ့ လည်နေ့ခင်း စာသင်ဆောင်အတွင်း အအေးဓါတ်လေးရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူတော့လည်း ပူလို့ အေးတော့လည်း ထမင်းစားပြီး ငိုက်မျဉ်းချင်စိတ်က ပိုများလာ၍ သူမတို့သုံးယောက် နေ့လည်ခင်းတစ်ချိန် ပုံမှန်လိုလို အတန်းပျက်ကာ ကင်(န်)တင်းရောက်သွားသည်။ အိပ်ချင်ပြေ ကော်ဖီသောက်ကြ၊ ထွေရာ လေးပါးပြောဆိုကြပြီး နားနေခိုက် မိုးဆွေရောက်လာခြင်းဖြစ်သည်။ ခင်ယုခိုင်နှင့် မေသဥ္ဇာတို့ မပတ်သက်ချင်ပုံမျိုးနှင့် အတန်းတက်ရဦးမည်ဟုပြောကာ ရှောင်ထွက်သွားကြ၏။

"ဒီနေ့ ကျွန်တော်တိုက်မယ် သိလား"

"အရက်ကြော်ငြာကံစမ်းမဲ ပေါက်လို့လား"

"အင်း... အာ မဟုတ်တာ နှင်းပွင့်ရာ၊ ကျွန်တော် အလုပ်ရသွားပြီဗျ၊ ဆယ်တန်းစာမေးပွဲတွေနီးလာတော့ ကျောင်းသားမိဘတွေက Guide ငှားတယ်လေ၊ ကျောင်းသားသုံးယောက် Guide ပြတာ၊ တစ်ယောက် ငါးသောင်းနဲ့ တစ်လတစ်သိန်းခွဲ... ဟဲဟဲဟဲ"

"အံမယ်... တယ်ဟုတ်ပါလား၊ ကျွန်မတောင် အားကျသွားပြီ"

"ကျွန်တော်လာတာလည်း အဲ့ဒီကိစ္စပဲ နှင်းပွင့်ရဲ့၊ ခြောက်ဘာသာလုံး ကျွန်တော်တစ်ယောက်တည်းဝင်ရတာ သိပ်မဟန်ဘူး၊ နှင်းပွင့် စိတ်ဝင်စားရင် အဆင်ပြေတဲ့သုံးဘာသာ ခွဲယူပေးပါလား၊ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ခုနစ်သောင်းခွဲစီပေါ့... ဘယ့်နှယ်လဲ..."

"အင်း... ဒါလည်း မဆိုးပါဘူး၊ ကျောင်းသားက တစ်အိမ်တည်းမှာလား..."

"ဟုတ်တယ်... ကျွန်တော်တို့လမ်းထဲမှာပဲ၊ တစ်အိမ်မှာ စု





ခေါ်လိုက်တာ..."

"ကောင်းပြီလေ... သိပ္ပံတွဲတော့ ကျွန်မ မနိုင်ဘူးနော်..."

"ရတယ်... ဖစ်ဆစ်... ကင်မစရီ... ဘိုင်အို ကျွန်တော်ဝင်မယ်"

"အင်း... အဲဒါဆို ဖြစ်တယ်..."

ဝန်ခံရလျှင်တော့ သူမအတွက် ထီပေါက်သလို ဝမ်းသာသွားမိသည်။ တစ်လခုနစ်သောင်းခွဲက အဖေ့လစာထက်တောင် ပိုနေ၍ မိသားစု အကြပ်အတည်းအား သေချာပေါက် ကူညီဖြေရှင်းခွင့်ရနိုင်သည်။

"ရှင့်လို အရက်သမားဆရာကို ငှားတဲ့သူလည်း ရှိတယ်နော်"

ထိုစကားအတွက် မိုးဆွေ သိပ်ဖီလင်မလာသော်လည်း အောင့်လုံး တွေနှင့် ပြုံးလျက်။

"ဒါကတော့ ကိုယ့်ကျန်းမာရေးကိုယ် စောင့်ရှောက်တာပါ နှင်းပွင့်ရယ်၊ သောက်ပြီး ဘယ်သူ့မှ ဒုက္ခမပေးဖို့က အဓိကပါ..."

"ထားပါတော့... စာသင်ချိန်မျိုးမှာတော့ မသောက်တာ အကောင်းဆုံးပဲ မိုးဆွေ၊ ဆရာဆိုတာ သမားဂုဏ်နဲ့ပြည့်စုံမှလည်း ဖြစ်မှာလေ"

"ဟုတ်ကဲ့ ဆရာမ"

"ဒီက စေတနာပါနော်"

"ဟုတ်ကဲ့ပါ... ဆရာမရယ်၊ ဆရာမစေတနာကို အလုံးစုံ နားလည်ပြီးသားပါ"

အာသွက်ခရာလေးနှင့် ပြန်ကာ နောက်ပြောင်နေသေးသော



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေကြောင့် သူမ ပြုံးတော့ပြုံးလိုက်ရသေးသည်။ အသောက်အစားကင်းကင်းနှင့်လူသာဆို ဘယ်လောက်တောင် ခင်စရာကောင်းလိုက်မလဲဟုတွေးကာ မချင့်မရဲဖြစ်ရသည်။ ထိုအခိုက်မှာပင် မိခင်အတွက် စုံစမ်းလိုသောကိစ္စ သတိရကာ. . .

"သြော်. . . ကျွန်မ မေးချင်လို့. . ."

"အင်း. . . မေးလေ. . ."

"မိုးဆွေတို့နားက အလှူခံမဏ္ဍပ်မှာ ထိုင်နေတဲ့လူကြီးကို သိလား"

"အဲ. . . ဘယ်မဏ္ဍပ်လဲဗျ၊ ဈေးထဲကလား၊ ဈေးအပြင်တန်းကလား. . ."

"ဟုတ်တယ်. . . ဈေးအပြင်တန်းက ဟို ဈေးလမ်းကြားထိပ်ကလေ. . ."

ဆိုတော့ မိုးဆွေစဉ်းစားရင်း ရင်ထဲလေးလာသည်။ ဈေးလမ်းကြားထိပ်မှာ အလှူခံမဏ္ဍပ်တစ်ခုတည်းသာရှိသည်။ အဖေ့မဏ္ဍပ်။

"အလှူခံမဏ္ဍပ်မှာ ထိုင်တာတော့ ပုံမှန်ဆို ဦးမောင်မောင်တို့ ဦးကျော်ဒိုးတို့လည်း ရှိတတ်တော့ နှင်းပွင့်သိချင်တာ ဘယ်သူတုန်း"

"ဟိုလေ အဲ့ဒီမှာထိုင်ပြီး ဟောပေးပြောပေးနေတာလေ"

မိုးဆွေစိတ်ထဲ ထင်ခနဲမြည်ကာ ပြန်မေးသည်။

"ဘာဖြစ်လို့လဲ. . . နှင်းပွင့်. . . ဘာပြဿနာရှိလို့လဲဟင်"

ဆိုတော့ကာ နှင်းပွင့်မျက်နှာပေါ်မှာ ဘယ်လိုအရိပ်မျိုးမှ ရှိမနေဘဲ မျက်လုံးဝိုင်းဝိုင်းလေးတွေပြူးကြည့်ကာ ခေါင်းကို ခါရမ်းပြပါသည်။ ထို့နောက်. . .





"အဲ့ဒါ. . . ကျွန်တော့်အဖေပါ. . ."

"ဟောတော့. . . နာမည် ဘယ်လိုခေါ်လဲဟင်"

"ဦးဒီပါ. . ."

"အဲ. . ."

"ကြည့်ရတာ ပြဿနာတစ်ခုခုများ. . ."

"ဟာ. . . မဟုတ်ဘူး မိုးဆွေ၊ ဘာပြဿနာမှမရှိဘူး၊ အဲဒီနေ့က ကျွန်မ အလှူငွေဝင်ထည့်တော့ အမေလည်းပါတယ်လေ၊ အမေက အဲဒီလူကြီးကို မြင်ဖူးနေလို့ မိတ်ဟောင်းဆွေဟောင်းထဲကများလား မသိဘူးလို့ပြောလို့ မိုးဆွေဆီ စုံစမ်းကြည့်တာပါ"

"သြော်. . . တော်သေးတာပေါ့၊ ကျွန်တော်က ပြဿနာရှိနေပြီထင်ပြီး လန့်တောင်လန့်သွားတယ်"

"ဘာလန့်စရာရှိလို့လဲ"

"ရှိတာပေါ့ နှင်းပွင့်ရယ်၊ တကယ်လို့ ပြဿနာတစ်ခုကြောင့် ကျွန်တော် နှင်းပွင့်ကို ခင်ခွင့်မရှိတော့ရင် သေပြီဗျ၊ သေသလိုကို ခံစားရမှာ"

မိုးဆွေစိတ်ထဲ တမင် ကြို့တင်ပြင်ဆင်ထားတာမျိုးမဟုတ်ပဲ ဒီအတိုင်း အလွတ်ကြီးပြောချလိုက်ပြီးမှ ရှက်သွေးလွှမ်းသွားသော သူမ မျက်နှာကိုမြင်ပြီး အားနာသွားပုံရကာ . . .

"ဟို. . . ဟိုလေ. . . နှင်းပွင့် ကျွန်တော်ပြောချင်တာက ဒီလိုပါ၊ ဟို. . . အဲ. . ."

တကယ်ပြောမည်ဆိုတော့ ဘယ်ကစပြီး ဘာပြောရမှန်းမသိ၊ သူမ စိတ်ဆိုးသွားလျှင် ဒုက္ခဆိုသော စိုးရိမ်ပူပန်မှုကသာ လွှမ်းမိုးထား



www.burmeseclassic.com

www.burmeseclassic.com



၍ . . .

"ကျွန်တော့်တစ်ဘဝစာ ခုချိန်ထိ နှင်းပွင့်တစ်ယောက်တည်းကိုပါ။ နှင်းပွင့်က ပထမဦးဆုံးပါ။ နှင်းပွင့်ကလွဲရင် ကျန်တာ ကျွန်တော် စိတ်မဝင်စားဘူးဗျာ၊ အဲ့ဒါကိုတော့ တစ်သိန်းကြေးတောင် လောင်းရဲတယ်"

"ရှင်. . . ဘာတွေလာပြောနေတာလဲ မိုးဆွေ"

"ဗျာ. . . ဟို ခင်. . . ခင်တယ်လေ၊ နှင်းပွင့်ကို ကျွန်တော် ဘယ် လောက်ခင်တယ်ဆိုတာကို ပြောပြတာ"

"ဟင်. . . ခင်တဲ့စကားကြီးကလည်း"

"စိတ်မဆိုးပါနဲ့ နှင်းပွင့်ရယ်၊ ကျွန်တော် မပြောတတ်လို့ ကြားဖူးနားဝရှိတာလေး ထုတ်ပြောမိတာပါ၊ ဒါတောင် အတန်းထဲက ကောင်တွေ ရည်းစားစာရေးနေတာကို ဘေးကထိုင်ကြည့်မိလို့ စကားလုံး လှမယ်ထင်တာလေးတွေ ရွေးပြီးပြောလိုက်ရတာ၊ စိတ်မဆိုးနဲ့နော်"

တကယ်ရိုးအတဲ့လူပဲဟုသာ မတွေးမိလျှင် ထရိုက်မိမလားတောင် မသိနိုင်သော်လည်း သူမ ရယ်လည်းရယ်ချင်နေပါသည်။ ထို့နောက် စကားလမ်းလွှဲလိုသည့်သဘောနှင့်. . .

"ဒါဆို ဦးဒီပါက ရှင့်အဖေပဲပေါ့၊ ရှင် တစ်ခါပြောဖူးတယ်လေ၊ ဒုက္ခိတဆိုတာ. . ."

"ဟုတ်တယ်၊ မရှက်တမ်းဝန်ခံရရင် ကျွန်တော်တို့သားအဖရဲ့ အခိကဝမ်းစာရှာဖွေမှုက အဖေ အဲ့ဒီလို ဟောပြောပေးရတဲ့ အလုပ်ပါပဲ"

"အို. . တကယ်. . ."

"အမှန်ပါ. . . အလှူခံမဏ္ဍပ်တာဝန်ရှိတဲ့လူကြီးတွေက သူတို့





မဏ္ဍပ်မှာ ဂုဏ်သိက္ခာရှိရှိ အလှူခံနိုင်ဖို့ရော လှူချင်တဲ့သူတွေ သဒ္ဓါစိတ် ဖြစ်လာအောင် လှူနိုင်ဖို့က အဲ့သလို ဇာတ်နိပါတ်တွေနဲ့ သိုင်းဝိုင်းပြောဆို ပေးမှု ဆုတောင်းကောင်းကောင်းလေးပေးနိုင်မှုက အတော့်ကို တာသွား တာ နှင်းပွင့်ရဲ့၊ အဖေသာ မဏ္ဍပ်ထိုင်ရင် အလှူငွေအရမ်းရတာ၊ အဲ့ဒါ ကြောင့် လူကြီးတွေက အဖေ့ကို နေ့တွက်ကြေးပေးပြီး ဟောပြောခိုင်းတာ လေ၊ မစွမ်းမသန်လည်းဖြစ်နေတော့ စားဝတ်နေရေးကိုငဲ့ကွက်ပြီး လုပ်ပေးတာလည်း ပါပါတယ်"

"ဘယ်လောက်ရမှာမို့လို့လဲ မိုးဆွေရယ်၊ ပြီး အလှူခံဆိုတာက အမြဲရှိနိုင်တာမှ မဟုတ်တာ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့်လည်း ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ ဘာသာရေးပွဲတော်နဲ့ အလှူဒါနကိစ္စက ၁၂-လ ရာသီမှာ ဘယ်လများ လွတ်လွတ်ကင်းကင်းရှိလို့တုန်းဗျာ၊ ဘာပွဲမှမရှိရင် တောင် ပဋ္ဌာန်းပွဲတော့ရှိတာပဲလေ"

ဒါလည်းဟုတ်တာပဲဟု သူမတွေးပြီး နာရီတစ်ချက်ငုံ့ကြည့်ပြီးမှ. . .

"ကျွန်မ အတန်းတက်ရမယ်၊ မိုးဆွေ ဟို Guide ကိစ္စက ဘယ်လိုစီစဉ်ရမလဲ"

"ဒီညနေကနေ စဝင်လေ၊ ကျွန်တော် လမ်းထိပ်ကနေထွက် စောင့်မယ်၊ (၆)နာရီလောက်ပေါ့၊ သင်တန်းချိန်က (၂)နာရီဆိုတော့ (၈)နာရီ လောက်ပြီးမယ်၊ နှင်းပွင့်ပြန်ရတာ ဝေးလား"

"လေးထောင့်ကန် ရိပ်သာလမ်းထဲတင်ပါ၊ ဘူတာနဲ့ သိပ်မဝေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကျွန်တော်တို့က နီးလျက်နဲ့ဝေးတာပဲဗျ. . . နော"

"ရှင်. . ."

"အဲ. . . ဟို. . . ဒီလိုပါပဲ. . . အပြန်ကိစ္စလည်းမပူပါနဲ့၊ မဲ့ တစ်ပေါက်မစွန်းစေရအောင် ကျွန်တော် စောင့်ရှောက်ပါ့မယ်"

"အင်း. . . ဒါဆို ကျွန်မသွားတော့မယ်"

"အိုခေ. . . နှင်းပွင့်"

သူမ ထွက်သွားပြီးမှ မိုးဆွေပျော်လွန်းလို့ ထမအော်မိအောင် ပါးစပ်ထဲ တစ်ရှူးတွေထိုးသိပ်ထည့်ကာ အားပါးတရ ဖိကိုက်ပစ်လိုက်သည်။ စိတ်ထဲမှာလည်း ငါကွ. . . ပေါ့. . .။

ဘေးလူတွေအမြင်မှာတော့ အဆင်မပြေ။ ဟိုကောင် ဘာကြောင့်ပြီး တစ်ရှူးတွေဝါးစားနေသလဲဟု အံ့သြသလိုကြည့်ကြသည်။ ဘယ်သူကြည့်ကြည့် ရှိုးသားပီတိကလေးနှင့် မိုးဆွေ ပျော်ကာ လှက်ရည်ဘိုး ရှင်းလိုက်သည်။

"အစ်ကို ဘယ်လောက်ကျလဲ. . ."

"တစ်ရှူးဖိုးပါတွက်ရင် ခုနစ်ရာ. . ."

"ဗျာ. . ."

■



## အခန်း (၆)

နှင်းပွင့်က အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ အသင်အပြကောင်းသဖြင့် မိုးဆွေနှင့် အတွဲညီကာ လမ်းထဲမှာ အတော်နာမည်ရသွားသည်။ နောက်ထပ်ကျောင်းသားသုံးယောက်ထပ်ရ၍ နှစ်ဝိုင်းခွဲကာ နှစ်ယောက်တပြိုင်တည်းဝင်ကြသည်။ ပုံမှန်အားဖြင့် Guide ပြသူတစ်ယောက်အတွက် စာကျက်ဝိုင်းမှာ စောင့်ကြည့်ကျက်ခိုင်းခြင်း၊ စာစစ်ပေးခြင်းနှင့် နားမလည်တာကို ကူညီရှင်းပြပေးခြင်းလောက်သာ ဖြစ်သည်။

မိုးဆွေတို့က ထိုသို့မဟုတ်. . .'ရှယ်ဝိုင်း' ဖွင့်သကဲ့သို့ ကြပ်မတ်ကာ သင်သည်။ Guide တစ်ယောက်၏ ပုံမှန်ဝတ္တရားအပေါ်မှာ သင်ထောက်ကူမှုပါ အားဖြည့်ပေးထားသည်။ ကျောင်းနှင့်ကျူရှင်မှ တစ်နေ့တာ သင်ကြားပေးမှုအပိုင်းကို ကျေညက်အောင် ထပ်သင်ပေးပြီး ကျက်မှတ်စရာရှိသည်များအား တစ်ထိုင်တည်းပြီးအောင်လုပ်သည်။ ကျောင်းသားနှင့်အတူ ဝိုင်းကျက် ဝိုင်းဆိုပေးကြသည်။ နှစ်ဝိုင်း ဘေးချင်း



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ကာ ဟိုဘက်သည်ဘက် အပြိုင်လုပ်ကြသည်။

ပင်ပန်းသော်လည်း တစ်လတစ်သိန်းခွဲလောက် ဝင်ငွေရှိလာ၍ ကိုယ်စီမိသားစု အခက်အခဲအား ဖြေရှင်းနိုင်ကာ ပျော်ပါသည်။ မိုးဆွေကတော့ ပျော်လွန်းလို့ အိပ်လို့တောင်မပျော်။ အိပ်ချိန်တစ်ချိန်ကလွဲပြီး သူမနှင့် အနေနီးခွင့်၊ စကားပြောခွင့်လေးရနေခြင်းကိုက ကမ္ဘာတစ်ခြမ်းလောက် ပိုင်ထားသလို ကျေနပ်နေမိသည်။

ကျောင်းက ပြန်ရောက်သည်နှင့် ကပျာကသီ ဈေးဝယ် ချက်ပြုတ်စားသောက်ပြီး သူမကို လမ်းထိပ်ထွက်ကြို၊ စာသင်ချိန်ပြီးသည်နှင့် အတူလမ်းလျှောက်ပြန်ကာ သူမတို့ရိပ်သာလမ်းထိပ်အထိ လိုက်ပို့ပြီးမှ ပြန်ခဲ့သည်။ မနက်ကျတော့လည်း ကျောင်းမှာတွေ့၊ ကင်(န်)တင်းထိုင်နှင့် အတန်းထဲက သီဟတို့အုပ်စုကတောင် သူ့ကို အထင်ကြီးနေလေသည်။

"မချိမ်းတဲ့မိုးက ထသုတ်နေပါလားဟ မိုးဆွေရ၊ အမှန်လေးကွာ ရိုရိုသေသေ သုံးနော်. . . ဟကောင်"

"အား. . . မင်းတို့ကလည်းကွာ. . ."

ဒီကောင်တွေကမှ လူစည်းဘီလူးစည်း နားလည်ကြသေးသည်။ လမ်းထဲက ကျော်ဦးတို့က နားမလည်၊ သူနှင့်လည်း ပြဿနာ တစ်ကြိမ် ရှိဖူးထား၍ တမင်ရွဲ့တာလား မဆိုနိုင်။ တစ်ရက် ကိုဌေးဝင်းက သူ့ကို ခေါ်၍ သတိပေးပါသည်။

"မင်းတို့နှစ်ယောက် အခြေအနေကဘာလဲ. . . မိုးဆွေ"

"ဗျာ. . . ဒီလိုပါပဲ အစ်ကိုကြီးရ. . . ဘာဖြစ်လို့လဲ"

"ဟိုကောင် ကျော်ဦးတို့အုပ်စု မင်းကောင်မလေးကို လိုက်မယ်





ဘာညာနဲ့ ပြောနေကြတယ်ကွ၊ ငါတောင် သွားမလုပ်ပါနဲ့ကွာ၊ မိုးဆွေနဲ့ ပတ်သက်နေတာဖြစ်မှာပါလို့ ပြောပါတယ်"

"အဲဒီတော့ ဘာပြောလဲ အစ်ကိုကြီး"

"မရဘူးကွ၊ ဒီကောင်တွေ ဗွတ်လုပ်မယ့်ပုံပဲ၊ ငါက ရှောင်လို့ရအောင် သတိပေးတာပါ"

"ဟုတ်. . . ကျေးဇူးပဲ အစ်ကိုကြီးရာ၊ ဒါပေမယ့် ဖြစ်နိုင်ရင် မနှောင့်ယှက်စေချင်ဘူး"

"အေးပါကွာ၊ ငါလည်း ပြောပါ့မယ်၊ မင်းလည်း ကြိုပြီးညှိနိုင်းပေါ့၊ ကိုယ့်လမ်းသားအချင်းချင်းပဲဟာ၊ နားလည်အောင်ပြောပြရင် ရပါတယ်"

မိုးဆွေ ခေါင်းညိတ် အင်းအဲလုပ်လိုက်သော်လည်း ဒီပြဿနာ ထင်သလောက်အဆင်မချောနိုင်ဘူးဆိုတာ ခံစားမိနေပါသည်။ ကျော်ဦးတို့အုပ်စုက ကိုးတန်းဆယ်တန်း တဖုံးဖုံးကျပြီး ရပ်ကွက်ထဲ ခပ်လေလေ ခပ်ပေပေ နေနေကြသူတွေ။ ပြီးတော့ ကျော်ဦးကိုယ်တိုင်က မကျမ်းကျေသူလို့ပဲ ပြောရမလား. . .။

ရည်းစားထားသည့်ကိစ္စ ကျော်ဦးအတွက်တော့ ရေသောက်သလို လွယ်လှသည်။ နှင်းပွင့်က သူတို့ထင်သလောက် အညှာလွယ်မည့်ပုံမျိုးမဟုတ်သော်လည်း စိတ်တော့ပူမိသည်။ ကိုဌေးဝင်းပြောသလို ဟိုကောင့်ကို ကြိုပြီးပြောပြ တောင်းပန်ထားတာ မမှားဘူးဟု တွက်ဆထားလိုက်သည်။

ဒီနေ့တော့ ကျောင်းမှာကတည်းက 'ငါ ဒီနေ့ စောစောထွက်လာပြီး အိမ်လည်လာမယ်' ဟု နှင်းပွင့် ကြိုပြောထားသဖြင့် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ရင်း အိမ်သန့်ရှင်းရေးပါလုပ်နေရ၍ ညနေ အဖေပြန်လာမှပဲ အဖေ့အတွက် ဝယ်ပေးဖို့ သတိရသွားသည်။

"မိုးဆွေ. . . ဝယ်ပြီးပြီလား. . . "

"သား ဒီနေ့ ဈေးမသွားဘူးလေ၊ ခဏလေးစောင့်၊ သား အခု သွားဝယ်လိုက်မယ်၊ ဟိုလေ ဒီ. . . ဒီ. . . ညနေ. . . သားသူငယ်ချင်း ကောင်မလေး အိမ်လာမယ်လို့ပြောထားတယ်၊ အဲ့ဒါ အဖေ သူပြန်သွားမှပဲ. . . "

"မလိုပါဘူးကွာ၊ ငါသောက်ရင် ဘယ်တုန်းက အနံ့ထွက်ဖူးလို့လဲ၊ သွား. . . သွား. . . မြန်မြန်သွားဝယ်. . . "

"ဟုတ်. . . သား မီးဖိုမှာ ဟင်းအိုးတင်ထားတယ်၊ ပြန်နွေးထားတာ"

"အေးပါ. . . သွားမှာသွားစမ်းပါ၊ ဒီမှာ ငါ ယင်းထနေပြီကွ"

"ဟုတ်. . . ဟုတ်. . . အဖေ"

သို့နှင့် ပုလင်းထည့်ထားသောအိတ်ယူကာ ကပျာကသီ ပြေးထွက်လာခဲ့သည်။ တန်ဆောင်တိုင်ပွဲပြီးကတည်းက အလှူခံမဏ္ဍပ်တွေလည်း ကျဲပါးသွားပြီး အဖေလည်း မနက်တစ်လုံး ညတစ်လုံးဆိုတာလို ဖြစ်လာခဲ့ပါသည်။ ကုန်ကျမှာကို ဝန်မလေးသော်လည်း အဖေမရှိတော့မှာကိုတော့ ကြောက်မိသည်။

"ဟကောင်. . . မိုးဆွေ. . . "

လှည့်ကြည့်လိုက်တော့ ကျော်ဦးတို့အုပ်စု။ အားလုံး ဒီခေတ်လူငယ်တွေစတိုင်လ်မျိုးနှင့် လန်းနေ၍ မိုးဆွေ မျက်နှာချိုသွေးပြီး ပဋိသန္ဓာရ စကားဆိုလိုက်သည်။





"လန်းလှချည်လားဟ၊ ငါ လူတောင်မှားတယ်"

"ဒါပဲလေ. . . ဆရာမလေးကလည်း လန်းတော့ ငါလည်း လန်းမှဖြစ်မှာပေါ့"

နှင်းပွင့်ကို ရည်ညွှန်းမှန်း သူ ချက်ချင်းသိလိုက်သဖြင့် . . .

"အာ. . . ဒါလေးတော့ ချမ်းသာပေးပါကွာ၊ ငါ့ကောင်မလေးမို့လို့ပါ"

"နားစမ်းပါကွာ. . . အိမ်ထောင်မကျသေးရင်တော့ တက္ကစီပါပဲ၊ ဘယ်သူတားစီးစီးပါ"

"မဟုတ်သေးဘူး ကျော်ဦးရာ၊ ငါတို့က ကျောင်းပြီးတာနဲ့ ယူကြမှာမို့လို့ပါ"

"အဟုတ်ဟုတ်. . . မိုးဆွေ. . . မင်းလို အမ်းဒိတ်ကြီးကို စိတ်ဝင်စားတယ်တဲ့လား၊ မင်းမှတ်ထား အဲ့ဒါ ငါနဲ့ မတွေ့သေးလို့ကွ၊ ဒီနေ့တော့ အားနာပါးနာနဲ့ လိုက်ကျောင်းရမှာပဲ"

သူ့တစ်ကိုယ်လုံး ထုံကျင်သလိုခံစားလိုက်ရသော်လည်း ဒီထက်ပိုပြီး ဘာမှမတတ်နိုင်တော့သည့်အဆုံး ကျော်ဦးရှေ့မှာ မျက်စိစုံမှိတ်ကာ ဒူးထောက်ထိုင်ချလိုက်သည်။

"ဟ. . . ဘာလဲဟ. . . "

မိုးဆွေလုပ်ရပ်ကြောင့် ကျော်ဦးတို့အုပ်စု ပထမတော့ ကြောင်ကာသွားသည်။ ပြီးမှ သဘောပေါက်ကာ ဝိုင်းရယ်ကြတော့သည်။

"ဘာလဲ မိုးဆွေ၊ အဲ့ဒါ တရုတ်ကားလား၊ ကိုးရီးယားကားလား၊ ဟတ်. . . ဟတ်. . . ဟတ်. . . "

"မင်းတို့ ဘယ်လိုပဲထင်ထင် ငါတောင်းပန်ပါတယ်၊ ငါ့သာ



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိရင် ဒီနေရာမှာ မင်းတို့ကို သုံးပိုင်းလောက်ခုတ်ပိုင်းပစ်မိမှာ ကျိန်းသေပါတယ်၊ ငါက သတ္တိလည်းမရှိ၊ လူကြောက်လူနုံဆိုတော့ ဒီလို မျိုးတောင်းပန်တာ၊ အမြင့်ဆုံး မကျေနပ်မှုကို ပြတာပါကွာ၊ ငါ့ မိန်းကလေးကို လွှတ်ပေးကြပါ"

"ဟား. . . ဟား. . . ဟား. . . ဟား. . . တော်ကီတွေ တောင် မြင့်လာတယ်ဟေ့. . . အဟတ်. . . ဟတ်ဟတ်. . . အိုခေ. . . ဒါဆို ဒီလိုလုပ်လေ၊ မင်းက တရုတ်စတိုင်နဲ့ ဒူးထောက်တောင်းပန်တော့ ငါ ကလည်း ကိုရီးယားစတိုင်နဲ့ မိုက်ကြေးခွဲရမှာပဲ၊ မင်းကောင်မလေးကို လွှတ်ပေးချင်ရင် ကောင်မလေးရှေ့မှာပဲ မင်းက ငါတို့ ပေါင်ကြားထဲက နေ လေးဖက်ထောက်ဝင်ပြီးလျှောက်ပြလေ၊ အဲ့ဒါဆို ရှော်ပေးလိုက်မယ် ဘယ့်နှယ်လဲ. . ."

မိုးဆွေ ခေါင်းငုံ့ကျသွားသည့်တိုင် လက်သီးတွေကို ကျစ်နေ အောင်ဆုပ်မိသွားခဲ့သည်။ မခံချင်စိတ်က ဦးနှောက်ကို ဖောက်ထွက် လုလု တွန်းထိုးတက်လာသည်။ ကြောက်စိတ်က အသည်းနှလုံးကို ဆုပ် ညှစ်ကာထားသည် ဒီချိန်မျိုးမှာ သမ္မဒ္ဒေအကျယ်ကြီးရွတ်လည်း တိရိစ္ဆာန် တွေအတွက်တော့ ဘာမျှ ထူးခြားမည်မထင်။ အရှုံးပေးနေကာမှ နိုင် လိုမင်းထက် လုပ်ချင်နေသောကြောင့် . .

"အေးကွာ. . . ငါ အဲ့သလိုလုပ်နိုင်ရင် မင်းတို့ လွှတ်ပေး မလား. . ."

"ရတယ်. . . ကောင်မလေးရှေ့မှာ ပေါင်ကြားထဲသာလာတိုး ကွာ၊ လွှတ်ပေးမယ်"

မိုးဆွေ ဒူးထောက်နေရာမှ ထရပ်လိုက်ပါသည်။ ပြီးမှ . . .





"စိတ်ချ ကျော်ဦး၊ ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့မာနကို အမြင့်ဆုံးချိုးနှိမ်ပြလိုက်တာပဲ၊ အဲ့ဒီရဲ့ နောက်မှာတော့ ဘာမှ မကျန် တော့ဘူးဆိုတော့ မင်း ကတိတည်ပေးပါ"

"အေးပါကွာ၊ လုပ်မှာသာလုပ်ပြစမ်းပါ၊ ဒီနေ့ည. . . နော်"

မိုးဆွေ ခေါင်းညိတ်ကာ ကျောခိုင်းထွက်လာခဲ့ပါသည်။ ရှက် တော့ရှက်စရာကောင်းလွန်းသည်။ ဒါပေမယ့်လည်း ချစ်သူကို ကာကွယ် ဖို့ သူ့မှာ တာဝန်ရှိနေသည်။ နင့်ကို မှဲ့တစ်ပေါက်မစွန်းစေရအောင် ငါ စောင့်ရှောက်မယ်ဟု ပြောထားသော စကားအား အဓိပ္ပါယ်ရှိစေဖို့ သူလုပ်မည်။ ထိုအခါ ရှက်ရွံ့စိတ်များ ဘေးချိတ်သွားလေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . ."

သူ အိမ်ပေါ်ကို ခပ်သွက်သွက် လှမ်းအတက် ဧည့်ခန်းလေးထဲ ထိုင်နေသော နှင်းပွင့်နှင့် အမျိုးသမီးကြီးတစ်ယောက်ကြောင့် အံ့အားသင့်ကာ တန့်ခနဲဖြစ်သွားသည်။ ပြီးမှ အမျိုးသမီးကြီးကို သူမမိခင်ဆိုတာ မှတ်မိကာ . . .

"ဩော်. . . အဒေါ်လည်းပါလာတာကိုး"

ထိုစဉ် အဖေ သူ့ချိုင်းထောက်ကို အားပြုကာ ကတုန်ကရင်နှင့်ထလာပြီး သူ့လက်ထဲကအိတ်ကို လှမ်းတောင်းလျက် . . .

"ကဲ. . . အဖေ့ကိုပေး၊ အဲ့ဒီမှာ မင်းသူငယ်ချင်းနဲ့ မင်းအဒေါ်ကို ဧည့်ခံလိုက်ဦးကွာ၊ အဖေ မရတော့ဘူး"

နှင်းပွင့်လှမ်းကြည့်ပြီး သဘောပေါက်သွားပါသည်။ ဒီလက်ဆွဲအိတ်ကို သူမမှတ်မိသည်။ မိုးဆွေ ဒီအိတ်နှင့် ဘယ်ကပြန်လာသည်ဆို





တာကိုလည်း ခန့်မှန်းမိနေ၍ မိုးဆွေဝင်ထိုင်သည်နှင့် မျက်စောင်းထိုး၍ကြည့်လေသည်။ မိုးဆွေ မသိချင်ဟန်ဆောင်ကာ ပြုံးလျက် . . .

"အဒေါ်လိုက်လာမယ်ဆိုလည်း ကြိုပြောပေါ့ နှင်းပွင့်ရာ၊ ခဏလေး ကျွန်တော် တစ်ခုခုသွားဝယ်လိုက်မယ်"

"အို. . . မလုပ်နဲ့တော့သား၊ အဒေါ် အခုပဲပြန်မှာ၊ ဒီမှာလည်း လွှက်ဆီစိမ်လေးရှိနေတာပဲကွယ်၊ ရပါပြီ. . . ဩော် မင်းက ကိုဒီပါရဲ့သားဖြစ်နေတာကိုး၊ အင်းလေ ဒီအရွယ်ကြီးဖြစ်နေမှတော့ အဒေါ်က ဘယ်လိုလုပ် မှတ်မိပါတော့မလဲ. . . အဟင်းဟင်း"

မိုးဆွေ နားမလည်သလို ကျီးကြည့်ကြောင်ကြည့်ဖြစ်နေ၍ သူမက . . .

"ကျွန်မတို့က ငယ်တော့ မမှတ်မိကြဘူးလေ၊ အရင် မီးလောင်ခဲ့တဲ့ရပ်ကွက်မှာတုန်းက မိုးဆွေနဲ့တို့က ရှေ့လမ်းနောက်လမ်း ကျောနိုင်းပြီးနေခဲ့ကြတာ၊ အဲ့ဒါကြောင့် အမေက ဦးဒီပါကို အလှူခံမဏ္ဍပ်မှာမြင်ပြီး မှတ်မိသွားတာ. . ."

"ဩော်. . ."

"ဟုတ်တယ် သားရေ၊ မင်းသူငယ်ချင်းက အရင်ရပ်ကွက်မှာတုန်းက အဖေတို့နဲ့ခင်တဲ့မိသားစုကွ၊ ဟဲဟဲဟဲ. . . ကဲ မခင်ပိုရေ ကျုပ်လည်း အခုမှပဲ နေသာထိုင်သာရှိပြီး စကားကောင်းပြောနိုင်တော့တယ် . . . ဟူး"

အဖေ လေပူတစ်ချက်မှုတ်ထုတ်ပြီး ဝင်ထိုင်သဖြင့် အနံ့တွေထောင်းခနဲထွက်လာကာ သူမတို့သားအမိကို အားနာသွားမိသည်။ ခါတိုင်း ဒီလောက်အနံ့မထွက်ပါဘူးဟု တွေးပြီးမှ ရေနွေးဗန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



လှက်ဆီစိမ်ပန်းကန်ကို မြင်ပြီး သဘောပေါက်သည်။ အမှန်တော့ ထိုလှက်ပွဲက အဖေ အမြည်းလုပ်ဖို့ ပြင်ခြင်းဖြစ်ပြီး ဧည့်သည်ရောက်လာ၍ ဧည့်တည်လိုက်ရခြင်းဖြစ်ပုံရပါသည်။ ဘာကြောင့်မှန်းမသိ အဖေ သောက်နေကြ ဘီအီးနှင့် လှက်ဆီစိမ်အမြည်းလုပ်လျှင် အနံ့ထိန်းလေသည်။ ယခုမူ လှက်ပွဲ ဧည့်တည်ထား၍ အနံ့တွေ လှိုင်ကာနေတော့သည်။

"အမှန်တော့ မခင်ပိုက မင်းအမေရဲ့ အခင်ဆုံး ရပ်ဆွေရပ်မျိုးပေါ့သားရဲ့၊ အဖေနဲ့ ဒီလောက်ခင်ကြတာမဟုတ်ဘူး၊ မင်းအမေက မီးမလောင်ခင်ကတည်းက ဆုံးတာဆိုတော့ မင်းအမေဆုံးတာလည်း သူသိတယ်။ အခု အချိန်တွေဒီလောက်ကြာပြီးတာတောင် ရှာဖွေစုံစမ်းပြီး ဟိုတုန်းက မင်းအမေဆီကချေးထားတဲ့ပိုက်ဆံတစ်သိန်းကို လာပြန်ဆပ်တာတဲ့ကွာ၊ ဘယ်လောက် သစ္စာရှိတဲ့သူတွေလည်းဆိုတာ"

"ဟာ. . . အားနာစရာကြီးအဖေရာ၊ အခု အဖေ ယူထားလိုက်ပြီလား"

"အေးလေ. . . သူကပေးတော့. . ."

"ပြန်ပေးလိုက်ပါအဖေရယ်"

"အို. . . မဟုတ်တာ သားရယ်၊ အဒေါ် အဲ့သလိုမှမပေးရရင် သေတောင် အသေဖြောင့်မှာမဟုတ်ဘူး၊ ခုလိုပြန်တွေ့လို့ ပေးခွင့်ရနေတာကိုပဲ ဝမ်းသာနေတာ၊ အမှန်တော့ မမိုးဆုံးပြီလို့ကြားကတည်းက လာပေးချင်တာပါ သားရယ်၊ အဲ့ဒီတုန်းက အဒေါ်တို့လည်း တအားကို အဆင်မပြေတာမို့လို့ပါ"

"အခုရော. . . အဒေါ်အဆင်ပြေရဲ့လား၊ နှင်းပွင့်ရေ ပြန်ယူ





သွားပါလားဗျာ၊ ကျွန်တော်တို့ အဆင်ပြေပါတယ်"

"ဟင့်အင်း. . . မိုးဆွေ၊ အမေ့မှာ အဲ့ဒါမပေးရလို့ စိတ္တဇဖြစ်နေတာ၊ ဩော်. . . အမေ ထိုင်ဦးမလား၊ ပြန်နှင့်မလား၊ သမီးတို့ စာသင်ချိန်နီးနေပြီ"

ဒီတော့မှ မိုးဆွေလည်း နာရီမော့ကြည့်ပြီး အဝတ်အစား ထလဲရသည်။

"အမေ ပြန်နှင့်မယ်၊ ကိုဒီပါရေ ပြန်တော့မယ်နော်၊ ရှင်လည်း လျှော့ပြီးသောက်ပါဦး"

"ကောင်းပြီ မခင်ပိုရေ၊ ကျုပ်လည်း ကြိုးစားပါ့မယ်ဗျာ၊ ကျေးဇူးတင်ပါတယ်"

အိမ်ကထွက်လာကြမှ သူမက . . .

"ကိုယ်သောက်တာမဟုတ်ဘဲနဲ့များ ပါးစပ်အရသာခံပြီး လာပြောနေသေးတယ်"

မိုးဆွေ ပင့်သက်တစ်ချက်ရှိုက်သွင်းပြီးမှ . . .

"အဲ့ဒီအချိန်က ကျွန်တော် အဖေ့အတွက် လုပ်ပေးနိုင်တာ အဲ့ဒါတစ်ခုတည်းပဲရှိလို့ပါ နှင်းပွင့်ရယ်၊ အများအမြင်မှာ အဖေက မသောက်တတ်တဲ့သူလို့မြင်မှလည်း အဖေ့အလုပ်ကို အဖေ သိက္ခာရှိရှိ လုပ်နိုင်မှာလေ"

နှင်းပွင့် ဘာမှပြန်မပြောသော်လည်း နားလည်မှုရှိနေသော အကြည့်မျိုးနှင့် တစ်ချက်ကြည့်သွားသည်။ ပြီးမှ . . .

"ရှင်. . . မသောက်တတ်ဘူးဆိုတာသိရတော့ ကျွန်မ ဝမ်းသာသွားတယ်၊ ပြီးတော့ ကတိတစ်ခုလောက်လည်း ပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ နှင်းပွင့်"

"ကိုယ်ကျင့်တရားကောင်းတဲ့သူငယ်ချင်းအဖြစ်နဲ့ တစ်သက်လုံး ခင်နိုင်တယ်"

"ဟား. . . ရှယ်ပဲဗျာ၊ ဒါဆို ကျွန်တော်ကတော့ တစ်သက်လုံး ချစ်နေမိတော့မှာဗျ. . . သိလား"

"ရှင်. . ."

"အဲ. . ."

မိုးဆွေ စိတ်ထဲစွဲနေမှုအား လွှတ်ခနဲပြောမိပြီးမှ မျက်နှာတွေ ရော နားရွက်တွေပါထူပူကုန်ကာ အကြည့်လွှဲပစ်ခိုက် တစ်စုံတစ်ယောက် နှင့် ဝင်တိုက်မိတော့မလိုဖြစ်ပြီး ခြေလှမ်းတွေတုန့်သွားသည်။ မျက်နှာ ကိုလည်း မေးစပ်ကနေ ဆွဲလှည့်ခံလိုက်ရ၍ ကြည့်လိုက်တော့ ကျော်ဦး။

"မင်း ကောင်မလေးကို ဘယ်လိုကာကွယ်မလဲဆိုတာ ကြည့် လိုက်ရအောင်၊ ကဲ. . . ဟော့. . . အားလုံးတန်းစီ အဟတ်ဟတ်ဟတ်. . ဝူး. . . အူး. . ."

ကျော်ဦး ညစ်ကျယ်ကျယ်အသံနှင့် ပြောဆိုအော်ဟစ်ပြီး နောက်ကို ခုန်ဆုတ်ကာ ခြေခွဲရပ်လိုက်သည်။ နောက်ကနေ ကျော်ဦး နောက်လိုက်လေးယောက်ကလည်း ခြေခွဲကာ စီ၍ ရပ်လိုက်ကြလေ သည်။

မိုးဆွေ တွေဝေမနေနိုင်တော့ဘဲ ကျော်ဦးရှေ့မှာ လေးဘက် ထောက်ကာ ပေါင်ကြားထဲမှ တိုးဝင်သွားတော့၏။

ပထမတော့ နှင်းပွင့် ကြောင်အကာ ရပ်ကြည့်နေမိသည်။ ထို နောက်တော့ မိုးဆွေအပေါ် အနိုင်ယူရမှုအတွက် အရသာခံပြနေသော





ကျော်ဦးတို့လူသိုက်၏ မျက်နှာတွေအား ရွံရှာစက်ဆုပ်လာကာ ကျော်ဦး မှစ၍ တန်းစီထားသည့်အတိုင်း ဘယ်ပြန်ညာပြန် ဖြတ်ရိုက်ပစ်လာခဲ့ တော့၏။

ကျော်ဦးတို့အုပ်စု ပါးရိုက်ခံလိုက်ရ၍ ဖီလင်တွေတက်ကုန် သော်လည်း မိန်းကလေးလည်းဖြစ် လမ်းထဲက လူမြင်ကွင်းမှာလည်း ဖြစ်ကာ မပြောသာဘဲ ဆုတ်ခွာကုန်ကြသည်။

"အေးပါ. . . နင်. . . တွေ့မယ်. . ."

"လုပ်ကြည့်လိုက်လေ၊ ဒီခေတ်မှာ ဒီလောက်စုတ်ပြတ်တဲ့ စရိုက် ဆိုးမျိုး အမြစ်ပါနှုတ်ပစ်မယ်"

စာသင်သောအိမ်နားလည်း ရောက်နေချိန်ဖြစ်သောကြောင့် ကျောင်းသားတွေနှင့် ကျောင်းသားမိဘတွေပါ ထွက်လာကြသည်။ ဒီလို စော်ကားမှုမျိုးအား ဘယ်မိကောင်းဖခင် သားသမီးများမှ မခံနိုင်ကြ။ ခံနိုင်အောင်ကုန်းခံသွားသော မိုးဆွေ၏ ပျော့ညံ့လွန်းသောစိတ်ကိုတော့ သူမ မယုံနိုင်လောက်အောင် အံ့သြမိတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

သည်နောက်ပိုင်း ဆယ်တန်းစာမေးပွဲပြီးချိန်အထိ ကျောင်းသားမိဘများ၏ တိုင်တန်းမှုကြောင့် ရပ်ကွက်လူကြီးများက ကျော်ဦးတို့အုပ်စုအား ခေါ်ယူသတိပေးထားသဖြင့် မနှောင့်ယှက်ရဲတော့ပေ။

မည်သို့ဆိုစေ ပျော့ညံ့လွန်းသော မိုးဆွေ၏စရိုက်အား သူမ ဘယ်လိုမှ ခံစားလို့မရသဖြင့် . . .

"ရှင် အဲသလောက်တောင်ပဲ ကြောက်တတ်သလား မိုးဆွေ"

"အဲဒီထက်တော့ နည်းနည်းပိုမယ်ထင်တယ်၊ ဒါတောင် အမေ သင်ပေးခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာလေးရှိနေလို့၊ အဲ့ဒီနေ့က သမ္ဗုဒ္ဓေရွတ်ပြီး ဝင်တိုးတော့ သူတို့တွေ ပါးရိုက်ခံရတာပဲလေ၊ အဲ့သလောက်တော့ စွမ်းပါတယ်"

"စိတ်ညစ်တယ် တကယ်ပဲ"

"အမှန်တော့ ဦးထီးဆိုတဲ့ သီချင်းလိုပဲ။ ကိုယ်စွမ်းသလောက်





တော့ ကိုယ်ကြိုးစားခဲ့တာပါ၊ မဟုတ်ရင် ဒီကောင်တွေ နှင်းပွင့်ကို အနှောင့်အယှက်ပေးကြလိမ့်မယ်၊ သူတို့က အဲ့သလိုလုပ်နိုင်ရင် နှင်းပွင့်ကို မနှောင့်ယှက်တော့ဘူးလို့ ကတိပေးလို့ ကျွန်တော် လုပ်ခဲ့တာပါ။ ဝန်ခံရရင် ကျွန်တော် နှင်းပွင့်ကိုချစ်တယ်၊ တစ်သက်လုံးချစ်မယ်။ ပြန်တွေးကြည့်ရင် ကျွန်တော်ချစ်တဲ့မိန်းမတစ်ယောက်အတွက် ကျွန်တော်တတ်နိုင်တဲ့ အမြင့်ဆုံးကာကွယ်မှုမျိုးနဲ့ ကာကွယ်တာဖြစ်လို့ ဒါကို ကျွန်တော် ကျေနပ်မိပါတယ်၊ နှင်းပွင့်ထင်သလို ကျွန်တော်ဟာ ပျော့ညံ့တဲ့ယောကျ်ားတစ်ယောက် ဖြစ်ချင်ဖြစ်လိမ့်မယ်၊ နှင်းပွင့်ကိုချစ်တဲ့စိတ်ကတော့ ဘယ်လောက်ကြံ့ခိုင်မှုရှိတယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်ယုံကြည်သွားတယ်၊ အဲ့ဒါကြောင့်လည်း တစ်သက်လုံး ချစ်ဖို့သေချာသွား. . . ဟာ. . ."

သူ ပြောလက်စနှင့် အရှိန်ရပြီး မျက်စိစုံမှိတ်ပြောပြီး လှည့်ကြည့်မှ နှင်းပွင့်မရှိတော့၍ အလန့်တကြား ရှာဖွေကြည့်လိုက်သည်။ မီးရထားသံလမ်းအတိုင်း တငုံ့ငုံ့လျှောက်သွားနေသော နှင်းပွင့်ကိုမြင်၍ ပြေးကာလိုက်သွားသည်။

"ဗျစ်. . ."

"ဟာ. . . သွားပဟာ. . ."

ထိုအခါမှ နှင်းပွင့်လှည့်ကြည့်ကာ နှာခေါင်းပိတ်ပြီး ရယ်တော့သည်။

"ဒါမျိုးကို လပ်ကီးလို့ခေါ်တယ် နှင်းပွင့်ရဲ့၊ အနံ့တော့ နည်းနည်းပြင်းတယ်"

ထိုနေ့လောက်ပျော်စရာကောင်းသောနေ့မျိုး သူ့အဖို့မှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်မရှိနိုင်တော့တာ သေချာသွားပါသည်။ ထို့ကြောင့် လက်ချင်းတွဲချိတ်ပြီး ပြန်လာသော လမ်းတလျှောက်လုံး နောက်ထပ် တက်မနင်းမိအောင် ရှောင်ကွင်းနိုင်ခဲ့သည်။

"အခုလျှောက်နေရတာ ကျွန်တော်တို့ဘဝပဲထင်တယ်"

"ဘာဖြစ်လို့လဲ. . ."

"သံလမ်းလေးကဘောင်ကျဉ်းပြီး နင်းမိုင်းတွေ အရမ်းများတယ်၊ အဲ့ဒါကိုသာ ရှောင်ကွင်းပြီးဖြတ်လျှောက်နိုင်ရင် ပျော်စရာကောင်းပြီး လတ်ဆတ်တဲ့လေကိုလည်း ရှူရှိုက်ခွင့်ရမယ်မဟုတ်လား"

သူမ တခိခိရယ်ပြီး မိုးဆွေအား တွန်းထုတ်ပစ်တော့၏။

"ဗျစ်. . ."

"သွားပြန်ပဟ"

သို့သော် နင်းမိလျက်နှင့်ပင် မိုးဆွေ ငြိမ်သက်ကာသွားသည်။ အကြောင်းမှာ သူ့ရှေ့တည့်တည့်ရှိ ရပ်ကွက်လမ်းအတိုင်း လျှောက်လာနေသော အဖေ့ကို ပထမ သူတွေ့လိုက်ရသည်။ ဒုတိယ ချိုင်းထောက်တစ်ဖက်အားပြု၍ လျှောက်နေသော အဖေ့ဘေးမှာ အရယ်အပြုံးနှင့် ကန့်ကရလိုက်ပါလာသော ဒေါ်လှဲ့ကို တွေ့ရသောကြောင့်ပင်တည်း။

နီကိုရဲ



www.burmeseclassic.com